သိက္ခာတော်ရ ဆရာကြီး ဦးမောင်မောင်ဒင်သည် ရှမ်းပြည်နယ် တောင်ပိုင်း နှစ်ခြင်းအသင်းတော်များ၏ မိခင်အသင်းကြီး ဖြစ်သော ပထမ တိုင်းရင်းသားပေါင်းစုံ နှစ်ခြင်းခရစ်ယာန် အသင်းတော်ကြီးတွင် ယနေ့တိုင် နှစ်ပေါင်း ၃၇ နှစ်ကျော် အမှုတော်မြတ်ကို ထမ်းဆောင်နေရင်း . . .

တက္ကသိုလ် ခရစ်ယာန်ကျောင်းသား သင်းအုပ်အဖြစ် လည်းကောင်း၊ ရှမ်းပြည်နယ် ကျမ်းစာသင်ကျောင်း ကျောင်းအုပ်အဖြစ် လည်းကောင်း ထမ်းဆောင်ခဲ့ပြီး ယခုလက်ရှိ တောင်ကြီး အသင်းတော်များကောင်စီ၏ သဘာပတိအဖြစ်ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း တိုင်းရင်းသားနှစ်ခြင်း ခရစ်ယာန် အနီးသာသနာအဖွဲ့ချုပ်ကြီး၏ နာယကအဖြစ်ဖြင့်လည်းကောင်း အမှုတော်မြတ်ကို ထမ်းဆောင်လျက် ရှိပါသည်။

**(ဓမ္မဒါန) အသင်းတော်အတွင်းကန့်သတ်**

# သင်းအုပ်၊ ဓမ္မဝန်ဆောင်များနှင့် သာသနာ့ခေါင်းဆောင်များအဖို့

# လက်တွေ့ပညာ

အမှုတော်မြတ်
ဆောင်ရွက်ချိန်တွင်
ဆောင်ရန်၊ ရှောင်ရန်
အချက်ပေါင်း ၁၀၀ ချက်
နှင့် အဆောက်အဦများ
နှင့်ပတ်သက်ပြီး
ဆောင်ရန်၊ ရှောင်ရန်
အချက် ၂၀ တို့
ပါဝင်ပါသည်။



**သိက္ခာတော်ရ ဆရာဦးမောင်မောင်ဒင် (တောင်ကြီး)**

# သင်းအုပ်၊ ဓမ္မဝန်ဆောင်များနှင့်သာသနာ့ခေါင်းဆောင်များအဖို့ လက်တွေ့ပညာ

အမှုတော်မြတ်ဆောင်ရွက်ချိန်တွင်
ဆောင်ရန်၊ ရှောင်ရန် အချက်ပေါင်း ၁၀၁ ချက်နှင့်
အဆောက်အဦများနှင့်ပတ်သက်ပြီး
ဆောင်ရန်ရှောင်ရန် အချက် ၂၀ တို့ပါဝင်ပါသည်။

**သိက္ခာတော်ရ ဆရာဦးမောင်မောင်ဒင်**
**တောင်ကြီး**

(ဓမ္မဒါန)
အသင်းတော်တွင်းကန့်သတ်



စာရေးသူမှသဝဏ်လွှာ

တတိယအကြိမ် ဓမ္မအမှုတော်ဆောင်များညီလာခံနှင့် နှစ်(၅၀)ပြည့် ယုဘိလ ဓမ္မသဘင်ပွဲတော်သို့ ရောက်ရှိလာကြကုန်သော ဓမ္မဝန်ဆောင်အသီးသီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ဝိညာဉ်ကျေးဇူးများ ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဤညီလာခံကြီးနှင့် ယုဘိလဓမ္မသဘင်ကြီးတွင် အမှတ်တရ စာပေတစ်အုပ်ထွက်ပေါ်လာရေးအတွက် ယခုလိုရေးသားတင်ဆက်လိုက်ရခြင်းဖြစ်ပါသည်။ ၂၁ ရာစုအတွက် သစ်လွင်သော အမှုတော်မြတ်ထမ်းဆောင်နေကြရင်း ဆောင်သင့်ရှောင်သင့်သည့် အရာများပါဝင်သည့် ဤစာအုပ်ငယ်အားဖြင့် အထောက်အကူရကြမည်ဟုလည်း မျှော်လင့်ပါသည်။

ဤစာအုပ်ငယ်ကို ရေးရခြင်းမှာ ၂၀၀၆ ခုနှစ်၊ ဩစတြေးရီးယားနိုင်ငံသို့ ခေတ္တရောက်နေစဉ် နယူးဇီလံနိုင်ငံမှ စာရေးဆရာကြီး John Walton နှင့်ဇနီးတို့အား နွေရာသီစခန်းတစ်ခုတွင် သိရှိခဲ့ရပါသည်။ တွေ့တွေ့ခြင်း သူရေးသားထားသော Practical Wisdom For Pastoral Leaders စာအုပ်အား ဘာသာပြန်ရန် ခွင့်ပြုပေးအပ်ခဲ့ပါသည်။

ယခုဤစာအုပ်ငယ်မှာ John Walton ၏ အထက်ပါစာအုပ်အပေါ် တိုက်ရိုက်ဘာသာပြန်ခြင်းမဟုတ်ဘဲ မိမိတို့၏ရေမြေအစဉ်အလာတို့နှင့် ကိုက်ညီအောင် ပြန်လည်ရေးသားခြင်းသာဖြစ်ပါသည်။

စာအုပ်ထွက်ပေါ်လာရေးအတွက် အနီးကပ်ကူညီပေးသော ဇနီးသည် ဆရာမကြီးဒေါ်သိန်းစုဝေနှင့် သားကိုလှိုင်ဘွား၊ သမီးရှင်မင်းဒင်တို့အား အထူးကျေးဇူးတင်ကြောင်းနှင့် ဓမ္မသဘင်ကြီး အစ-အလယ်-အဆုံးတိုင် ဘုရားရှင်တော်မြတ်ကောင်းချီးပေးပါစေကြောင်း ဆုတောင်းရင်း . . .

အမှုတော်မြတ်၌
သိက္ခာတော်ရဆရာဦးမောင်မောင်ဒင်
တောင်ကြီး
၈ . ၉ . ၂၀၀၇

## ၁။ နည်းကောင်းလေးပေးလိုက်ပါ ၊ မချုပ်ကိုင်ပါနှင့်

(၂ တိမော ၂း ၂၄-၂၅ ၊ ၂ ပေ ၅း ၃ ၊ လု ၂၂း ၂၄-၂၇)

သာသနာ့ခေါင်းဆောင်များအဖို့ စည်းကမ်းဥပဒေများထုတ်ကာ ချုပ်ကိုင်ချင်သော ဆန္ဒများရှိတတ်သည်။ ဤသို့ဖြစ်ရခြင်းမှာ မိမိတို့၌လုံခြုံစိတ်ချမှု၊ ဗဟုသုတနည်းပါးမှု၊ မိမိတို့၏ ဝိညာဉ်ရေးပိုင်းဆိုင်ရာဘုရားဘက်မှ ဖွင့်ပြမှုတို့အပေါ် မစောင့်စားနိုင်ခြင်း၊ သည်းညည်းမခံနိုင်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာတတ်ပေသည်။

ဤကဲ့သို့ တင်းမာမှုစည်းကမ်းတို့အားဖြင့်လည်း လူတစ်ဦးတစ်ယောက်၏ အတွင်းနှလုံးသားကို ပြောင်းလဲစေနိုင်မည်မဟုတ်ပါ။ မလွဲမရှောင်သာ၍သာ မှိန်းနာခံခြင်းမျှသာဖြစ်ပြီး အခွင့်အရေးရလျှင် ပြန်လည်တော်လှန်ချင်သော စိတ်ရိုင်းများကိုပင် ပေါက်ဖွားစေနိုင်သည်။

ကောင်းသောနည်းတစ်နည်းမှာ ပညာသားပါပါနှင့် ဆွေးနွေးခြင်းပင်ဖြစ်သည်။ နားလည်မှုရယူခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ပေသည်။

( ရောမ ၇း ၆-၉) စည်းကမ်းဥပဒေကိုင်လိုက်သည်နှင့် လူသားတစ်ဦးဖက်မှ မကျေနပ်သောစိတ်၊ ခုခံချင်သောစိတ်က ဟုန်းကနဲပေါ်ထွက်လာမည်မှာ မလွဲပေ။ အဘယ်ကြောင့်ဆိုသော် လူသားတိုင်း၏ အတွင်းနှလုံးသားထဲမှာ အပြစ်တရားဟာ အခိုင်လိုက် အခဲလိုက်ရှိနှင့်ပြီးသား ဖြစ်သောကြောင့်ပင် . . ။

လူ့ဘဝတစ်သက်မှာ စည်းကမ်းဥပဒေ လုံးဝမရှိရဟု မဆိုလိုပါ။ မိမိတို့၏ သားငယ်၊ သမီးငယ်ကလေးတို့ အရွယ်မရောက်မီ စည်းကမ်းဆိုတာမျိုး ရှိရမည်ဖြစ်ပါသည်။ သို့သော် အရွယ်ရောက်လာကြသောအခါ မိဘများအနေနှင့် မိမိတို့မျက်စိရှေ့မှာ ငယ်နေတုံးဟုမှတ်ထင်ကာ စည်းကမ်းကြီးကို ဆက်လက်ကိုင်ထားလျှင် မလိုအပ်သော ပြဿနာများ ဝင်လာမည်မှာအမှန်ပင် ဖြစ်သည်။



ရံဖန်ရံခါ မိမိကိုယ်တိုင် မြည်းစမ်းကြည့်ဖို့ လွှတ်ပေးသင့်လျှင်လည်း လွှတ်ပေးဖို့ သတိရှိရန်၊ ဤအသိတရားမျိုးမိဘများမှ ရှိဖို့လိုအပ်ပေသည်။ ဤသို့သောအခြေမျိုး နှစ်ဦးနှစ်ဖက်နားလည်နိုင်ရန် ဆုတောင်းခြင်း၌ အချိန်အများကြီးပေးကြရမည်ဖြစ်သည်။

**တင်းကြပ်သောစည်းကမ်းသည် စက်ရုပ်သဖွယ်လိုက်လုပ်သူများ သို့မဟုတ် ပြန်လည်တော်လှန်လိုသူများကိုသာ မွေးထုတ်ပေးနိုင်သည်**

လူသားများမှာရှိသော သဘောသဘာဝတစ်ခုမှာ တင်းကြပ်ချုပ်ကိုင်လာလျှင် ပြန်လည်တုံ့ပြန်လိုသော စိတ်ရိုင်းများဝင်လာတတ်သည်။ ထို့ကြောင့် စည်းကမ်းဘောင်အတွင်းက အသက်ရှင်နေကြသော ယုံကြည်သူများထက် ခရစ်တော်မြင်ချင်သော ယုံကြည်သူများအသွင်ဖြင့် အသက်ရှင်ကြီးထွားနိုင်ဖို့က အရေးကြီးပေသည်။

**ခရစ်တော်ပေးသော ပဋိညာဉ်တရားသစ်သည် အတွင်းနှလုံးသားကို ပြောင်းလဲစေသည်။**

ဤနေရာတွင် သင်းအုပ်သို့မဟုတ် အသင်းတော်လူကြီးတို့အနေဖြင့် ရှေးဦးစွာ သည်းခံခြင်း ပါရမီရှိဖို့ ကြိုးစားရပေမည်။ မိမိ၏သိုးစု သို့မဟုတ် အသင်းသူအသင်းသား ယုံကြည်သူတို့နှင့် လက်ပွန်းတတီးနေကြရမည်ဖြစ်သည်။ မိမိသည် အာဏာပိုင် အုပ်ချုပ်သူကြီးမဟုတ်ပါ၊ လမ်းပြ ထိန်းသိမ်းသူဖြစ်ကြောင်း အများတွေ့မြင်ယုံကြည်လာဖို့ အရေးကြီးသည်။ ထိုကဲ့သို့ မောရှေကြီးအား ဘုရားအသုံးပြုခဲ့ကြောင်း သမ္မာကျမ်းစာ၌ တွေ့ရှိရပေမည်။ သို့မှသာ မိမိတို့ရည်မှန်းထားသော ခါနန်ပြည်သို့ အသီးသီးရောက်ကြရမည်ဖြစ်သည်။

ဤခရစ်တော်သင်ပေးသော ပဋိညာဉ်တရားသစ်သည် သင်းအုပ်များ၊ အသင်းလူကြီးများ၊ သာသနာ့ဝန်ထမ်းများသာမက မိဘများတို့နှင့်လည်း သက်ဆိုင်ပါသည်။ ထို့ကြောင့် ခရစ်ယန်အိမ်ထောင်မိသားစုတိုင်းလည်း လေ့လာကျင့်သုံးအပ်ပေသည်။

အတွင်းနှလုံးသားပြောင်းလဲမှ ပြင်ပသဏ္ဍာန်လည်း ပြောင်းလဲလာမည်ဖြစ်ပါသည်။ ထို့ကြောင့် ပြင်ပအမြင်လှစေရန် တင်းကြပ်သော စည်းကမ်းဘောင်ခတ်ထားခြင်းထက် အတွင်းနှလုံးသားပြောင်းလဲခြင်းဖြင့် ပြင်ပသဏ္ဍာန်ပါ လှပညီညွတ်လာရေးသည် ပို၍အရေးကြီးကြောင်း သတိမူအပ်ပေသည်။

နည်းလမ်းကောင်းလေးတစ်ခုမှာ -

၁။ ဖြောင့်မတ်ခြင်းနှင့် ပတ်သက်ပြီး သမ္မာကျမ်းအတွင်းမှ ရှာယူပါ။

၂။ ရှာဖွေတွေ့ရှိချက်များအပေါ် ခရစ်တော်ထံမှ ခွန်အားဖြင့် ကြိုးစားလိုက်လျှောက်ပါ။

၃။ မိမိတွေ့ရှိ လိုက်လျှောက်မှုတို့အပေါ် သူတစ်ပါးအား စေတနာဖြင့် ဝေငှပါ။

၄။ မိမိဖြစ်စေချင်တာထက် ခရစ်တော်ဖြစ်စေချင်သော အရာကို လက်ခံပါ။

## အထက်စီး၊ တစ်ကိုယ်တော်၊ တစ်လမ်းသွားစနစ်

အကြံဉာဏ်ပေးမည့် လုပ်ဖော်ဆောင်များမထားဘဲ မိမိတစ်ဦးတည်း အရာရာကို ချုပ်ကိုင်ထားခြင်းဖြင့် မသိမသာ အာဏာရှင်ဖြစ်မှန်းမသိ ဖြစ်လာတတ်သည်။ ထိုသို့သော အထက်စီး၊ တစ်ကိုယ်တော်၊ တစ်လမ်းသွားစနစ်ကို အထူးရှောင်သင့်သည်။

မှတ်မိပါသေးသည်။ အသင်းသားတစ်ဦးသည် ရုပ်မြင်သံကြား TV နှင့်သာ အချိန်ကုန်လေ့ရှိသည်။ ဘုရားကျောင်းသို့ ရောက်လိုသောအစ်ကိုဖြစ်သူသည် ညီ၏ TV ကိုသိမ်းလိုက်ပြီး ကျမ်းစာလေ့လာဖို့ အစီအစဉ်များပြုလုပ်ပေးခဲ့သည်။ ညီတော်မောင်မှာ မပြောသာ၍သာ အောင့်နေရသည်။ တစ်လခန့်သာ သည်းခံနိုင်ခဲ့သော ညီသည် နဂိုမူရင်း TV ရှေ့ပြန်ရောက်ရုံမက အစ်ကိုအား တော်လှန်လိုသော စိတ်ရိုင်းများပင် ဝင်လာတော့သည်။ ဤနေရာတွင် သင်ခန်းစာအနေဖြင့် ပြင်ပပြောင်းလဲခြင်းသည် ခေတ္တသာဖြစ်၍ အတွင်းနှလုံးသားပြောင်းလဲဖို့က ပိုအရေးကြီးကြောင်း သဘောပေါက်ရန်လိုအပ်ပေသည်။



ထို့ကြောင့် တစ်ဦးတစ်ယောက်၏ ပြောင်းလဲချင်သော စိတ်မရှိမချင်း အတင်းအဓမ္မပြုလုပ်ခြင်းသည် နှစ်ဦးနှစ်ဖက် အကျိုးနည်းမှုသာ ပေါ်ထွက်လာပေမည်။ မိမိပြောင်းလဲစေချင်သော သူအတွက် အကြိမ်ကြိမ်ဆုတောင်းပေးရဲ့လား ဟူသော မေးခွန်းကိုလည်း မိမိကိုယ်မိမိ ပြန်လည်မေးသင့်ပေသည်။

## ဘုရားဝတ်နှင့်ဆိုင်သောအာဏာ

မေးစရာအကြောင်းရှိပါသည်။ အခင်းတော်များ သို့မဟုတ် သာသနာ့လုပ်ငန်းများမှ လုပ်ပိုင်ခွင့်အာဏာ၊ စည်းကမ်း၊ စနစ်များ မရှိရတော့လား၊ ဘယ်နည်းဘယ်ပုံတို့ဖြင့် သာသနာ့လုပ်ငန်းကြီးများကို ကိုင်တွယ်ရမည်နည်းဟု မေးစရာရှိပါပေသည်။

သာသနာ့လုပ်ငန်းသည် လူ့အသိုက်အဝန်းတွင်း လုပ်ဆောင်ရသည်ဖြစ်သောကြောင့် လုပ်ပိုင်ခွင့်အာဏာ၊ စည်းကမ်း၊ စနစ်များဟူ၍ ရှိကိုရှိရမည်ဖြစ်သည်။ သို့သော် ထိုအရာတို့သည် ချုပ်ကိုင်ရန် ပေးထားသော လုပ်ပိုင်ခွင့်များမဟုတ်ဘဲ ဆွေးနွေး၊ တိုင်ပင်၊ ပညာပေးလုပ်ငန်းများ လုပ်ဖို့ဖြစ်ကြောင်း သဘောထားကြီးအပ်ပေသည်။

## ၂။ လူတိုင်းမှာ ထက်မြက်သော အစွမ်းအစများရှိကြောင်း လက်ခံပါ။ သူတို့ကို ယုံပါ။ (ဖိလေမုန် ၁း၂၁)

လူလူချင်းဆက်ဆံရာတွင် စိတ်ပျက်ရန်အလွန်လွယ်ကူပါသည်။

ဥပမာ - မိမိ အနေဖြင့် အချိန်ကုန်ခံပြီး သင်တန်းများ၊ လေ့ကျင့်မှုများ ပေးထားပါသော်လည်း အမြင်မှန်းထားသလောက် တုံ့ပြန်မှုအောင်မြင်မှုများ မရရှိခဲ့သော် စိတ်ဓာတ်ကျစရာ၊ စိတ်ပျက်စရာများ ဝင်လာပေတော့မည်။ ထိုအခါ သူတစ်ပါးအပေါ်ပြစ်တင်ဝေဖန်ခြင်းနှင့် ဒေါသများပင် ပါလာတတ်သည်။ သို့သော် ထိုသို့ပြုမူခြင်းတို့ဖြင့် လူတစ်ဦးတစ်ယောက်၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာတို့ကို ပြောင်းလဲပေးနိုင်လိမ့်မည် မဟုတ်ပါ။

သူတို့ကို အထင်မသေးလိုက်ပါနှင့်။

ဥပမာ - မိမိတို့၏သား၊ သမီးရင်းချာထဲ၌ပင် ကိုယ့်သား၊ သမီးတို့ကို အထင်မကြီးဘဲ အစဉ်နှိမ်နေမည်ဆိုပါက သူတို့ထဲမှ ဂုဏ်ယူဖွယ်၊ အားရဖွယ်တုံ့ပြန်မှုများ ပြန်လည်ရရှိမည်မဟုတ်ပါ။ သူတို့ကို ပို၍ကျဉ်းမြောင်းသော လူ့ဘဝထဲသို့ သွပ်သွင်းရာရောက်သွားပေမည်။ ထို့ကြောင့် လူတစ်ဦးတစ်ယောက်ကို မြင်လိုက်သည်နှင့် ကောင်းတာလေးက စမြင်တတ်ဖို့လေ့ကျင့်ရပေမည်။ လူတိုင်းမှာလည်း ကောင်းတာလေးတစ်ခုတော့ရှိမည်ဖြစ်ကြောင်းကိုလည်း လက်ခံနိုင်ရပေမည်။ မိမိတို့သာလျှင် အထက်စီးကနေ ကြိုးကိုင်နေပါက ထိုထိုသောသူတို့သည် လူမှုရေးဘက်တွင်လည်းကောင်း၊ ဝိဉာဉ်ရေးဘက်တွင်လည်းကောင်း ရင့်ကျက်လာတော့မည် မဟုတ်ပေ။

ဥပမာ - မိမိ၏သားလေးအနေနှင့် ဆိုင်တစ်ဆိုင်မှ အရုပ်လေးတစ်ရုပ်ကို ဆိုင်ပိုင်ရှင်မရှိချိန်မှာ ယူလိုက်မိတယ်ဆိုပါစို့၊ မိမိသိသောအခါ ဘာလုပ်မည်နည်း။

‘မင်းရဲ့အကျင့်က မကောင်းဘူး၊ ဒီအတိုင်းဆို ကြီးလာရင် သူခိုးဖြစ်မှာ သေချာတယ်၊ ငါကိုယ်တိုင်မင်းကို ၂၄ နာရီစောင့်ကြည့်နေတော့မယ် သိလား’ ဟူ၍ ကရုဏာဒေါသောနှင့် ပြောဆိုတတ်မိကြသည်။ ဤနေရာတွင် မိမိသားကို သူခိုးစာရင်းထဲ မိမိသွင်းမိသောကြောင့် မိမိသား၏ ရှေ့ရေးကို မကောင်းရာဘက် တွန်းပို့ပေးရာရောက်သွားနိုင်သည်။

အမှန်အားဖြင့် ‘ သား၊ သူများဟာ ယူလိုတဲ့စိတ်ထက် သူတစ်ပါးကို ပေးချင်တဲ့စိတ်ပဲမွေးပါ၊ သူတစ်ပါး ပစ္စည်းတစ်ခုခုကို ပိုင်ရှင်မသိဘဲ ယူခြင်းဟာ မကောင်းမှုပဲ၊ ဒါပေမယ့် သားမှာ ဒီလိုစိတ်မျိုး မရှိကြောင်း အဖေယုံတယ်၊ ဖြူစင်တဲ့ လူတော်လူကောင်းလေးဖြစ်အောင် ကြိုးစားနော် သား’ ရယ်လို့ ဆုံးမလျှင် နှစ်ဦးနှစ်ဖက် စိတ်ချမ်းသာမှု မရပေဘူးလော။



**လူတစ်ဦးတစ်ယောက်၏ အရည်အချင်းကိုကြည့်ပြီး သုံးခြင်းသည် ထိုသူအား မြေတောင် မြှောက်ပေးရာရောက်သည်။ ထိုသူ၏ ပြင်ပဟန်ပန်ကိုကြည့်ပြီး သုံးခြင်းသည် ထိုသူကို နှစ်ရာရောက်သည်။**

Mother Teresa က ‘ *လူတစ်ယောက်ရဲ့ အားနည်းချက်တွေကို မြင်တွေ့ပြီး အထင်သေးနေမယ့်အစား ထိုသူရဲ့ အားသန်ချက်လေးကိုရှာပြီး လူကောင်း၊ သူကောင်း တစ်ယောက်ဖြစ်လာအောင် မြေတောင်မြှောက်ပေးပါတဲ့* ’
ရှင်ပေါလုကြီးသည်လည်း မိမိရေးခဲ့သောကျမ်းစောင်များတွင် အစဉ် အသင်းတော်များအပေါ် မျှော်လင့်ခြင်းကြီးစွာတို့ဖြင့် ဖော်ထုတ်ရေးသားခဲ့ခြင်းဖြစ်သည်။ ကောရိန္သု အသင်းတော်အနေဖြင့် လောကီဆန်သော်လည်း သန့်ရှင်းသူများဟု ခေါ်ဆိုချီးမွမ်းထားကြောင်း တွေ့ရပေသည်။ ရံဖန်ရံခါ ကြိမ်းဝါးမှုများတွေ့ရသော်လည်း အထင်အမြင်သေးပြီး နှိမ်လိုသော သဘောမျိုးမဟုတ်ကြောင်း နားလည်ရပေသည်။

**ထုံထိုင်းနွေးကွေးသူများဟု မသတ်မှတ်လိုက်ပါနှင့်**

မိမိတို့မိသားစုအတွင်းမှာပင် ဖြစ်လေ့ဖြစ်ထရှိကြပါသည်။ ဥပမာ - ခပ်နွေးနွေး လှုပ်တုတ်လှုပ်တုတ် သားသမီး ရှိခဲ့လျှင် ‘ငတုံး’၊ ‘ငအ’ ဟု သရော်သောသဘောဖြင့် ဝိုင်းခေါ်တတ်ကြပါသည်။ ယင်းသို့ခေါ်ဆိုမှုသည် အမှုမဲ့ဟု ထားကြသော်လည်း ထိုကလေးအတွက် မိမိ၏ဘဝ တိုးတက်မှုတွင် အဟန့်အတားကြီးတစ်ခု ဖြစ်သွားနိုင်သည်။ အလိုလို စိတ်ဓာတ်ကျနေတတ်သည်။ မိမိကိုယ်မိမိ အထင်သေးလာတတ်သည်။ လူစဉ်မမှီဟု ခံစားမိလာတတ်သည်။ ထိုသို့ အမှုမဲ့ အမှတ်မဲ့ခေါ်ဝေါ် နောက်ပြောင်လိုက်ခြင်းသည် လူတစ်ဦးတစ်ယောက်အား ဘဝနစ်မြုပ်သွားစေနိုင်ကြောင်း သတိထားအပ်ပေသည်။

အရှင်ယေရှု တပည့်တော် ၁၂ ပါးရွေးစဉ်ကို ကြည့်ပါ။ လူ့ဖက်က ကျေနပ်လောက်သော အရည်အချင်းနှင့် ပြည့်စုံသူများ မပါဝင်ကြပါ။ သို့သော် ခရစ်တော်

သူတို့အတွက်အချိန်ပေးခဲ့သည်။ ဂရုစိုက်ခဲ့သည်။ သည်းခံခဲ့သည်။ ထို့ကြောင့် ယုဒရှကာယုတ်မှတစ်ပါး ကျန်တပည့်တော်တို့သည် ပြိုင်ဖက်ကင်းလောက်အောင် သာသနာတော်တွင် ထွန်းပြောက်သူများ ဖြစ်လာကြပေသည်။

ဒါဝိဒ်ကိုလည်း ကြည့်ပါ။ ဣသရေလနိုင်ငံကြီးကို ထူထောင်သည့်နေရာမှာ ဣသရေလတို့သည် မဖွယ်ရာသောသူများ ဖြစ်လင့်ကစား ထိုသူတို့ကို ဒါဝိဒ်ကိုင်တွယ်အသုံးပြုခဲ့ကြောင်း (၁ ဓမ္မ ၂၂း၁-၂။) “အမှုရောက်သောသူ၊ ကြွေးတင်သောသူ၊ စိတ်ညစ်သောသူ” တို့သာ ဖြစ်ကြသော်လည်း ဒါဝိဒ် သူတို့အပေါ် ယုံကြည်သည်၊ ချစ်သည်။ ထိုသို့ ဒါဝိဒ်အနေနှင့် မိမိတို့အား ယုံကြည်သည် ချစ်သည်ကိုလည်း ထိုသူတို့ သိရှိကြသည်။ ခံစားကြရသည်။ ဤနေရာတွင် သင်ခန်းစာမှာ သူတစ်ပါးအပေးမိမိ မယုံကြည်၊ မချစ်ခင်နိုင်လျှင် သူတစ်ပါးလည်း မိမိအပေါ် ထိုနည်းတူတုံ့ပြန်မှာသာဖြစ်သည်။ ထို့ကြောင့် သူတစ်ပါးအပေး မိမိဖက်မှ တကယ်ယုံကြည်စိတ်ချ ချစ်ခင်လျှင် သူတစ်ပါးလည်း မိမိအပေါ်ထိုသို့ တုံ့ပြန်လာလိမ့်မည်။ ထို့ထက်မက သူတို့တွင်ရှိသော ကောင်းနိုးရာရာတို့သည် ပေါ်ထွက်လာပြီး မိမိအတွက် အသုံးခံဖို့ ဖြစ်လာပေလိမ့်မည်။

ထို့ကြောင့် အထူးသတိပြုအပ်သည့်အချက်မှာ မိမိအား အကျိုးရှိမည့် သူများကိုသာ ကွင်းပြီးမြင်တတ်သောမျက်စိမျိုးမဟုတ်ဘဲ အထင်ကြီးစရာမရှိသော သူတို့ကိုလည်း ဘုရားမျက်စိအမြင်မျိုးဖြင့် မြင်တတ်ဖို့ အရေးကြီးလှပေသည်။

## လူသားများမှာရှိသော အရည်အသွေးကို ဘုရား၏မေတ္တာဖြင့် မြင်တွေ့ပါ

ဤအချက်နှင့် ပတ်သက်၍ အချိန်အများကြီးပေးရမှာဖြစ်သည်။ မိမိ၌ ရှေ့ဦးယေရှုခရစ်၌ ရှိသော စိတ်သဘောမျိုးရှိဖို့ရန် အချိန်ယူ ဆုတောင်းရမှာဖြစ်သည်။ ထိုသို့သော စိတ်သဘောမျိုးရရှိခံစားရပြီဆိုလျှင် မိမိ၏အသင်းတော် မိမိ၏သိုးစုတို့သည် မိမိအပေါ် အကြွင်းမဲ့ယုံကြည်စိတ်ချကြပြီး မိမိ၏အတွင်းနှလုံးသားကိုပင် သိရှိကြသောကြောင့် မိမိအပေါ် အစဉ်နားလည် ခွင့်လွှတ်လေးစားကြမည်ဖြစ်သည်။



(ကမ္ဘာ ၃၂း ၁၄-၃၃ ၊ ၃၃း ၁၀ ) ယာကုပ်တစ်ညလုံး နပမ်းလုံးထွေးပြီးနောက်ဆုံးပေါင်ဆစ်ပြုတ်သောအခါ သူ့အစ်ကို တစ်ချိန်က သူ့ရန်သူကို သူအမြင်တစ်မျိုးနှင့်မြင်လာကြောင်း (ကမ္ဘာ ၃၃း၁၀)တွင် အစ်ကိုအား ရန်သူကဲ့သို့ မဟုတ်တော့ဘဲ ဘုရား၏ မျက်နှာကို မြင်ရဘိသကဲ့သို့ ပြောင်းလဲသွားကြောင်း တွေ့ရသည်။ ဤနေရာတွင် အစ်ကိုဧသော ပြောင်းလဲသွားခြင်း မဟုတ်ပါ။ ညီ ယာကုပ်၏ အမြင်ပြောင်းလဲသွားခြင်းသာဖြစ်သည်။

ယာကုပ်၏ အမည်သည်ပင် ယာကုပ်အဖြစ်မှ ဣသရေလဟု ခေါ်တွင်စေခဲ့သည်။ (ကမ္ဘာ ၃၂း၂၈)။ ဣသရေလအနက်ကား (Prince) မင်းဟု အဓိပ္ပါယ်သက်ရောက်သည်။ ယခုလို ဘုရားနှင့် ထိတွေ့လိုက်ရလျှင် (တနည်း) ယေရှုခရစ်၌ရှိသော စိတ်သဘော မိမိတို့အထဲရောက်လာလျှင် မိမိတို့၏ အမြင်သည် တစ်ချိန်ကနှင့်မတူတော့ဘဲ ဘုရား၏ မေတ္တာဖြင့် အရာရာကို မြင်တွေ့လာမည်ဖြစ်သည်။

## ဘုရားထံမှ နှိမ့်မချမှုကို ခံစားရပြီဆိုလျှင်<br>မိမိညီအစ်ကိုများအပေါ် တစ်မျိုးမြင်လာတော့မည်

စာရေးသူ ဆရာကြီးဂျွန်ကိုယ်တိုင် တစ်ခါက သူ့လက်အောက်ငယ်သား တစ်ဦး၏ ပြစ်တင်ဝေဖန်ခြင်းခံရသောကြောင့် အလွန်ဒေါသထွက်ပြီး ထိုသူအား အလုပ်ဖြုတ်ပစ်ဖို့ပင် စိတ်ထဲဝင်လာသည်။ ထိုအချိန်တွင် ဘုရားထံ သည်းခံခြင်းစိတ်၊ ညင်သာသောစိတ်မျိုးဝင်လာဖို့ တောင်းလိုသည်ထက် ဒေါသနှင့် ထိုသူကို ဘယ်ကဲ့သို့ ကလဲ့စားချေရမည်ကိုသာ စိတ်အားသန်နေမိသည်။ သို့သော် ထိုစိတ်ရိုင်းကို ဆန့်ကျင်ပြီး ဘုရားထံငြိမ်သက်ခြင်းနှင့် ဖြေးညင်းညင်သာသော စိတ်မျိုးတောင်းခံလိုက်သောအခါ အံ့သြဖွယ်ခံစားရရှိခဲ့သည်။ ထိုအခါ ထ၍ မိမိဒေါသထွက်နေသော သူထံသွားပြီး ကျွန်တော့်အမှားပါ၊ ကျွန်တော်တောင်းပန်ပါသည်ဟု ပြောရင်း လက်ဆွဲနှုတ်ဆက်လိုက်သောအခါ တစ်ဖက်သူအား အလိုအလျှောက် လက်နက်ချခိုင်းလိုက်သည့်အလား ထိုသူ၌လည်း ဒေါသမျက်နှာကိုပင် မတွေ့ရဘဲ နှစ်ဦးသား တစ်နေ့လုံး လုပ်ငန်းခွင်ထဲတွင် ဘာမျှ

မဖြစ်သကဲ့သို့ လုပ်ကိုင်နိုင်ခဲ့ကြောင်း သက်သေခံထားပါသည်။

မိမိတို့သည်လည်း ဘုရားထံမှ နှိမ့်ချသောသဘော၊ ဖြေးညင်းသော သဘောများ အစဉ်ရယူထားမည်ဆိုလျှင် အရာရာအောင်မြင်မည်မှာ မလွဲပေ။

## ဘုရား၏လူများအပေါ် အထင်အမြင်မသေးပါနှင့်

မောရှေသည် အလွန်နူးညံ့ သိမ်မွေ့သောသူတစ်ဦး ဖြစ်ပါသည်။ သို့သော် နောက်လိုက် ဣသရေလလူများတို့၏ မကြာခဏ ညီးညူပြစ်တင်ဝေဖန်မှုများ ဖိစီးလာသောအခါ မောရှေကြီး မခံနိုင်တော့ဘဲ ခါနန်ပြည်ထဲဝင်ဖို့ပင် စိတ်ကုန်လာတော့သည်။ ဤကဲ့သို့ မိမိလူမျိုးတော်အပေါ် အထင်အမြင်သေး ဒေါသထွက်မှုမျိုးကို ဘုရားရှင် လုံးဝ မနှစ်သက်ခဲ့ပါ။

ထို့ကြောင့် အသင်းတော်တွင် အသင်းသားများ မိမိအပေါ် ပြုမူမှုများအပေါ် မိမိတို့ဖက်မှ တုံ့ပြန်ချင်သလို မတုံ့ပြန်မိဖို့ အရေးကြီးပေသည်။ မိမိသဘောအတိုင်း တုံ့ပြန်လိုက်ခြင်းဖြင့် မိမိနှင့်အသင်းတော် ကွာဝေးသွားနိုင်သည်။ ထို့ကြောင့် မိမိ၏ အောင်မြင်မှု၊ ကျဆင်းမှုတို့သည် မိမိနှင့် မိမိအသင်းသားများကြား ဟန်ချက်ညီညီ ဆက်ဆံလုပ်ကိုင်မှုတို့အပေါ်၌သာ မူတည်ပေသည်။

## ၃။ ပြဿနာအချို့ကြောင့် အသင်းတော်တစ်ခုလုံးပေါ် အမဲမမြင်လိုက်ပါနှင့်။ (၁ ကော ၁၆း၁၅၊ ၁၉)

သင်းအုပ်များအနေနှင့် အသင်းတော်အတွင်း ပြဿနာပေးတတ်သော လူနည်းစုအပေါ် အထူးအာရုံပြုရသောကြောင့် အပြစ်မဲ့ ရိုးသားသောအသင်းသူ၊ အသင်းသားအများစုအပေါ် အမှုမဲ့ ဂရုမစိုက်၊ ပေါ့ပေါ့တန်တန်ထားမိတတ်ကြပါသည်။



အနှောက်အယှက်ပေးတတ်သော သူတစ်ချို့ကြောင့် ဘုရား၏အမှုတော်ဆောင် အတော်များများမှာ စိတ်ဓာတ်ကျပြီး ဘေးထွက်ပျောက်ကွယ်သွားခဲ့ကြရပါသည်။ အမှန်အားဖြင့် သင်းအုပ်တာဝန်သည် အလွန်ခက်ခဲသော တာဝန်တစ်ရပ်ဖြစ်ပါသည်။ တစ်ပါ တည်းမှာပင် အလွန်ထူးမြတ်သော အခွင့်အရေးလည်းဖြစ်ပါသည်။ ခံစားမှုတွေအမျိုး မျိုး ခံစားရမည်ဖြစ်သော်လည်း ထိုထိုသောခံစားမှု အခက်အခဲများကို အနိုင်ယူကျော် ဖြတ်ရင့်ကျက်လိုသောအခါ သင်းအုပ်လုပ်ငန်းသည် ကမ္ဘာပေါ်တွင် အမွန်မြတ်ဆုံးသော လုပ်ငန်းဖြစ်ကြောင်း သိရှိခံစားရပေမည်။

Hudson Taylor ဆိုသူ သာသနာပြုကြီးက အခုလိုပြောဆိုခဲ့ဖူးသည်။ 'ထာဝရဘုရားထံ ဆုတောင်းခြင်းအားဖြင့်သာ လူတွေကိုပြုပြင်ပါ' တဲ့။ ထို့ကြောင့် မိမိဖက်မှ အစဉ်သဘောထားကြီးကြီးဖြင့် အရာရာကို ဆုတောင်းခြင်းဖြင့် ကိုင်တွယ်ဆောင်ရွက်တတ်ဖို့ အရေးကြီးပါပေသည်။

## ထာဝရဘုရားထံဆုတောင်းခြင်းအားဖြင့် လူတွေကို ပြုပြင်ပါ

အချို့အချို့သော ပြဿနာတို့သည် ဆုတောင်းခြင်းနှင့် အချိန်စောင့်ဆိုင်းခြင်းတို့ဖြင့် ပြေလည်သွားစေသော်လည်း အချို့အချို့သောပြဿနာတို့မှာ ရင်ဆိုင်ဖြေရှင်းဖို့ လိုအပ်တတ်ပေသည်။ အကယ်၍ ဖြေရှင်းမှုများ မလုပ်ပေးပါက မကျေနပ်မှုများ တစ်စတစ်စ ကြီးထွားလာပြီး အသင်းတော်တွင်း ကြီးမားသောပြဿနာကြီးတစ်ရပ်အသွင်သို့ ရောက်သွားစေနိုင်သည်။ ထိုသို့သော အခြေအနေမျိုးရောက်သွားပါက ဖြေရှင်းရန် ခက်ခဲလာပေတော့မည်။

ထို့ကြောင့် ကြီးသောပြဿနာငယ်စေပြီး ငယ်သောပြဿနာကို ပပျောက်အောင် အစဉ်ဟန်ချက်ညီညီ ဆောင်ရွက်ရန်အရေးကြီးပေသည်။ အသင်းတော်တွင် အခြားဘာမျှမရှိသော်လည်း ပြဿနာတော့အစဉ်ရှိသည်ဟု အချို့တွေမြင်ပြောဆိုတတ်ကြပါသည်။ အမှန်မှာ အသင်းတော်များ၌ အဆိုးထက်အကောင်းက ပိုများကြောင်း

မြင်တွေ့တတ်ရန်လည်း လိုအပ်လိမ့်မည်။

## ၄။ အထောက်အထားသေချာမှ ဆုံးဖြတ်ချက်ချပါ။ (၁ တိမော ၅း၁၉ )

အထောက်အထားမခိုင်လုံဘဲ မိမိ၏နာကျည်းချက်အပေါ် သို့မဟုတ် ခံစားချက်များအပေါ် ဦးစားပေးမိပါက အသင်းတော်တွင်း မကျေနပ်မှုများ၊ မလိုအပ်သော ပြဿနာများ ပေါ်ထွက်လာနိုင်ပေသည်။

ယနေ့အသင်းတော်များအတွင်းရှိ ပြဿနာကြီးငယ်တို့အား ဘုရားရှင်၏ ဉာဏ်တော်၊ အလိုတော်မြတ်အားဖြင့် ဖြေရှင်းခြင်းသည် အကောင်းဆုံးလက်နက်ဖြစ်ပေသည်။ ဘုရားရှင်၏ အလိုတော်၊ လမ်းပြမှု၊ ဘုရားပေးသောဉာဏ်တော်များ မပါပါက အစုလိုက်၊ အပြုံလိုက် အော်ဟစ်ဆုတောင်းပါသော်လည်း အချည်းနှီးသက်သက်ပင် ဖြစ်ပေမည်။

(ယေရှု အခန်းကြီး ၁၀)ကို ဖတ်ကြည့်လျှင် အာမောရိမင်းကြီး ငါးပါးအကြောင်း တွေ့ရပေမည်။ ထိုမင်းငါးပါးတို့၏ ခေါင်းဆောင်မှာ ယေရုရှလင်မင်းကြီး 'အဒေါနိဇေဒက်' ဖြစ်သည်။ ဤနေရာတွင် နံမည်နှစ်ခု၏ လေးနက်သောအဓိပ္ပါယ်ကို သိထားဖို့လိုပေမည်။ (က) ယေရုရှလင် ဟူသည် တရားမျှတမှုတည်နေရာအရပ်ဟု အဓိပ္ပါယ်ရှိပါသည်။ (ခ) အဒေါနိဇေဒက် ဟူသည် တရားသောအရှင်ဟု အဓိပ္ပါယ်ရှိပါသည်။ ဤဖြစ်ရပ်၏ ဝိဉာဉ်ရေးရာသဘောမှာ တရားမျှတမှုတည်ရှိသောအရပ်တွင် မတရားသောစေတန်က အုပ်ချုပ်ထားသောကြောင့် အမှန်တကယ် တရားမျှတသော ဒေသတွင် အမှန်တကယ် သစ္စာတော်ရှင်အုပ်ချုပ်ဖို့ရန် ယေရှုနှင့် နောက်လိုက်တို့က တိုက်ထုတ်ရခြင်းဖြစ်သည်။

မိမိတို့ အိမ်ထောင်တွင်းမှာပင် မိဘများအနေနှင့်သား၊ သမီးပေါ် တစ်ချိန်လုံး စည်းကမ်းများချပေးခြင်းထက် အိမ်ထောင်တွင်း ပြဿနာဖြစ်ရခြင်း၏ ဇစ်မြစ်တို့ကို အချိန်ယူလေ့လာပြီး အထောက်အထားသေချာမှ သား၊ သမီးတို့အပေါ် ထိထိရောက်ရောက် ဆုံးမခြင်း၊ အရေးယူခြင်းများတို့ကို လုပ်သင့်သည်။ ကြားရုံ၊ ထင်ရုံတို့ဖြင့်



အဆုံး အဖြတ်ပေးတတ်ကြသောကြောင့် ဆုံးဖြတ်ချက် ၈၀%တို့သည် တိကျမှန်ကန်မှုမရှိ ကြောင်း တွေ့မြင်ရပေသည်။

## ဘုရားသခင်၏လူတို့သည် အခြားသူများထက် တိကျမှန်ကန်ဖို့လိုသည်

အသင်းတော်သည် အသင်းတော်တွင်း သင်းအုပ်နှင့်ပတ်သက်၍သော်လည်းကောင်း၊ အသင်းသူ အသင်းသားတို့နှင့် ပတ်သက်၍သော်လည်းကောင်း၊ အမှုအခင်း ပြဿနာများ ရှိလာလျှင် စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသောကြောင့် မှန်ကန်တိကျစွာ အဆုံးအဖြတ်ပေးနိုင်ရေးသည် အလွန်အရေးကြီးပေသည်။ ထို့ကြောင့် 'သက်သေခံနှစ်ဦး၊ သုံးဦးမရှိလျှင် အပြစ်တင်စကားကို နားမထောင်နှင့်' ဟု သမ္မာကျမ်းစာတော်မြတ်၌ ဖော်ပြထားသည့်အတိုင်း ခိုင်လုံသောသက်သေများရှာဖွေပြီး တရားမျှတစွာ အဆုံးအဖြတ်ပေးရန် အလွန်အရေးကြီးပေသည်။

ယုံကြည်သူများအသိုင်းအဝန်းမှာလည်း မဟုတ်သတင်း၊ သွားပုတ်လေလွင့်ပြောတတ်သူများရှိတတ်သည်။ ထိုသို့ မဟုတ်မတရားပြောဆိုမှုကြောင့် လူတစ်ဦးတစ်ယောက်အား ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပါသည်။

သင်းအုပ်များနှင့် အသင်းတော်လူကြီးများသည်ပင် မိမိတို့နှင့် သဘောထားမတိုက်ဆိုင်သူတို့အပေါ် အမြင်စောင်းတတ်ကြပါသည်။ ထိုသို့ အမြင်စောင်းခြင်းကြောင့် ထိုသူများအပေါ် အဆုံးအဖြတ်ပေးရာတွင် မျှတမှုများ နည်းပါးလာမည်ဖြစ်သောကြောင့် အသင်းတော်တွင်း မညီညွတ်မှုများပေါ်ထွက်လာနိုင်သည်။ ဤသို့သော အန္တရာယ်မျိုးကို အထူးရှောင်ရှားသင့်သည်။

## အလျင်တစော မစီရင်တတ်ဖို့ သတိပြုပါ

အသင်းတော်များထဲတွင် အလောတကြီး ဆုံးဖြတ်မှုတွေ ပြုလုပ်မိကြသော

ကြောင့် အုပ်စုများပေါ်ထွက်လာပြီး သဘောထားများကွဲလွဲလာကြတတ်သည်။ ထိုသို့ဖြစ်လာလျှင် ပြန်လည်ပေါင်းစည်းရန် လွယ်မည်မဟုတ်တော့ပေ။ ထိုသို့ ဖြစ်ရခြင်း၏အကြောင်းရင်းမှာ အချိန်ကို မစောင့်ဆိုင်းနိုင်ခြင်းကြောင့်ဖြစ်သည်။ တစ်နည်းအားဖြင့်လောကီဆန်လွန်းအားကြီးသော စိတ်ဆန္ဒတို့ကြောင့်လည်း ဖြစ်တတ်သည်။

'ကျုပ်အနေနှင့် အလျင်တဆော တရားစီရင်ချက်မချမိဖို့ သင်ခန်းစာရယူမိသည်' ဟု တရားသူကြီး Kermitt Bradford ဆိုသူက ပြောခဲ့ဖူးသည်။ ထို့ကြောင့်မိမိတို့လည်း မိမိတို့ အသင်းတော်အတွင်း ပေါ်ပေါက်လာသော ပြဿနာကြီးငယ်တို့အား အလျင်တဆော အဆုံးအဖြတ်မပေးသေးဘဲ ခိုင်လုံမှုများကို အချိန်ပေး ရှာဖွေသင့်သည်။

## ကြားကြားချင်းမယုံပါနှင့်၊ စကားပွဲစားတို့ကြောင့် အသင်းတော်နစ်နာနိုင်သည်

## ၅။ တရားတစ်ပုဒ်ကြောင့် အသင်းတော်ကြီး တစ်မဟုတ်ချင်း ပြောင်းလဲသွားမည်ဟု မမျှော်လင့်ပါနှင့်။ (တမန် ၂၀း၂၇၊ ၂၈၊ ၃၁)

အသင်းတော်တွင်း ထိထိမိမိဟောပြောသွန်သင်ရန် အရေးကြီးပေသည်။ ဤသည်တွင် ဟင်းရွက်စုံလက်သုပ်ထက် ခေါင်းစဉ်တစ်ခုအပေါ် ထိထိမိမိ အချိန်ယူဟောပြောသင်ကြားပေးခြင်းသည် ပို၍ထိရောက်ပေသည်။ အကယ်၍ အသင်းသူ၊ အသင်းသားများတို့သည် မိမိမျှော်မှန်းသလောက် အပြောင်းအလဲများမရှိသေးသော်လည်း တစိမ့်စိမ့် သူတို့၏ဦးနှောက်၊ နှလုံးသားများထဲမှာ စိမ့်ဝင်နေကြမည်ဖြစ်ပါသည်။ အချိန်က သူတို့ကို ပြုပြင်ပေးသွားမှာဖြစ်သည်။

## ဝိညာဉ်စာကို မျှတစွာကျွေးမွေးပါ



ရှေးအခါက အသင်းတော်များအနေနှင့် အပြန်အလှန်ဆွေးနွေးမှုများအပေါ်အရေးထားကြသည်။ ထို့ကြောင့် အထူးသဖြင့် အသင်းသူ၊ အသင်းသားများ၏ မျက်မှောက်ခေတ် အသက်ရှင်မှုနှင့် သမ္မာကျမ်းစာက မည်ကဲ့သို့ ဆက်နွယ်ဖွင့်ပြနေကြောင်း အပြန်အလှန် ဆွေးနွေးဖလှယ်မှုများ လုပ်အပ်သည်။ တစ်ပါးတည်းမှာ ယုံကြည်သူများအဖို့ မရှိမဖြစ်၊ မသိမဖြစ်သော 'ယုံကြည်ခြင်း'၊ 'နောင်တ'၊ 'အသင်းတော်' အစရှိသောခေါင်းစဉ်မျိုးကိုလည်း မကြာခဏ ထည့်သွင်းစဉ်းစားကြဖို့ လိုပေမည်။ ထို့ကြောင့် အသင်းတော်တွင် တာဝန်ရှိသူများအနေနှင့် မိမိအသင်းတော်ရှိ အသင်းသူ အသင်းသားများအတွက် လိုအပ်သော ဝိညာဉ်စာများကို တစ်နှစ်စာ ခေါင်းစဉ်များ ရှာဖွေစုဆောင်းပြီးစနစ်တကျ ကျွေးမွေးသွားဖို့ လိုအပ်ပေသည်။

## ၆။ မိမိအလိုဆန္ဒအလျောက် အနက်ဖွင့်သော သမ္မာကျမ်းစာ မဖြစ်ပါစေနှင့်။

ဥပမာ - ကြွယ်ဝချမ်းသာသော နိုင်ငံတွင် နေထိုင်ကြသူများအနေဖြင့် သမ္မာကျမ်းစာတော်မြတ်ကို ကြွယ်ဝချမ်းသာခြင်းရှုထောင့်မှ တွေ့မြင်ခံယူပြီး ဆင်းရဲသောနိုင်ငံတွင် နေထိုင်သူတို့က သမ္မာကျမ်းစာတော်မြတ်ကို ဆင်းရဲခြင်းရှုထောင့်မှမြင်တွေ့ခံယူကြမည်ဆိုပါက အဓိကဖြစ်သော ဘုရား၏အလိုတော်သည်မှေးမှိန်နေမည်ဖြစ်သည်။ ထို့ကြောင့် သမ္မာကျမ်းစာတော်မြတ်အပေါ် သဘောထားကြီးကြီး၊ အမြင်ကျယ်ကျယ်ဖြင့် ဘုရား၏အလိုတော်မြတ်ကို သိရှိနားလည်ဖို့၊ ခံယူတတ်ဖို့ ရှေးဦးပြင်ဆင်ကြရမည်ဖြစ်သည်။

ဆင်းရဲခြင်းနှင့် ချမ်းသာခြင်းတို့အပေါ် တရားဒေသနာဟောပြောလျှင်လည်းဟန်ချက်ညီဖို့လိုပေမည်။ ချမ်းသာကြွယ်ဝခြင်းသည် ငွေတစ်ခုတည်းအပေါ် မူမတည်ချေ။ ဥပမာ - ယောသပ်သည် ကျွန်အဖြစ် အဲဂုတ္တုပြည်သို့ ရောက်လာ ရသော်လည်းဘုရားသခင်၏ကျေးဇူးတော်ကြောင့် တစ်နေ့မှာ ကြွယ်ဝချမ်းသာခြင်း ကောင်းချီးမင်္ဂလာများ ခံရသူဖြစ်လာသည်။ ယောသပ်ခံစားရသော ကောင်းချီးမင်္ဂလာတို့သည်

ငွေတစ်ခုတည်းအပေါ် ခံစားရခြင်းမျိုးမဟုတ်ဘဲ ထောင်ကျစဉ်ကလည်း ထောင်တွင်းတွင် မျက်နှာရသူဖြစ်၏။ အမတ်ကြီး အိမ်တွင်နေရစဉ် သခင်၏ယုံကြည်စိတ်ချမှု အပြည့်အဝခံရသူဖြစ်၏။ နောက်ဆုံး ဖာရောမင်း၏ ညာလက်ရုံးတစ်ဆူပင် ဖြစ်လာရပေသည်။

သင်းအုပ်တစ်ပါးအနေနှင့်ဖြစ်စေ၊ အသင်းတော်လူကြီးတစ်ဦးအနေနှင့်ဖြစ်စေ စိတ်ပိုင်းဆိုင်ရာ စိတ်ဓာတ်ကျဆင်းမှုများ ဝင်လာတတ်သည်။ စိတ်ဓာတ်ကျဆင်းလာသည်နှင့်အမျှ လူ့ကျင့်ဝတ်များလည်း ကျဆင်းလာတတ်သည်။ လောကီဆန်လိုသော စိတ်ဆန္ဒများပေါ်လာတတ်သည်။ ထို့ကြောင့် မိမိအပေါ် သက်ရောက်နေသော ဝန်ထုပ်ဝန်ပိုး သို့တည်းမဟုတ် မိမိကိုစိတ်ဓာတ်ကျစေသော ဖြစ်ရပ်တို့ဖြင့် သမ္မာကျမ်းစာအပေါ် အမိပ္ပါယ်မဖွင့်ဆိုလိုက်ပါနှင့်။ အဘယ်ကြောင့်ဆိုသော် ငွေကြောင့်ခံစားနေရလျှင် ငွေနှင့်ပတ်သက်သော ကျမ်းပိုဒ်တို့ဖြင့် အဖြေရှာ၊ ထွက်ရပ်ရှာ လုပ်လာနိုင်သည်။ အချို့အချို့သော သောက်စားခြင်းကို ကြိုက်နှစ်သက်သော ယုံကြည်သူများပင် သောက်စားခြင်းနှင့်ပတ်သက်သော ကျမ်းပိုဒ်များကို အာဂုံဆောင်ပြီး အကာအကွယ်သဖွယ် အားကိုးအားထားပြုလုပ်တတ်ကြသည်။

တစ်ချို့အနေနှင့် မိမိစိတ်ထက်သန်ရာ လုပ်ဆောင်မှုအပေါ် သမ္မာကျမ်းစာက ခွင့်ပြုသည်ဟူ၍လည်း တစ်ဖက်သတ်ဆန်ဆန်ယူတတ်ကြသည်။ သို့ရာတွင် ထိုသို့ပြုမူမှုကြောင့် အသင်းတော်ကြီးပြောင်းလာရေးထက် ကွဲပြားရေးက ပိုအလေးသာလာပေတော့မည်။

အမှန်အားဖြင့် ဘုရားရှင်တော်မြတ်၏ အလိုတော်နှင့်ညီလျှင် မုချမလွဲ အောင်မြင်မှုများ ရရှိခံစားပြီး လူ့သဘော၊ လူ့အလိုဆန္ဒတို့ဖြင့် ပြုလုပ်ပါက ရေရှည်မခံ ပြိုပျက်ရမည်မှာ မလွဲချေ။



## ၇။ တရားပလ္လင်ပေါ်က စောင်းမတီးပါနှင့်

အချို့အချို့သောသူတို့က တရားပလ္လင်ကို ‘သူရဲဘောကြောင်သူများ ခိုလှုံရာရဲတိုက်’ ဟု ခေါ်ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် ပြောင်မပြောရဲသောကြောင့် ပလ္လင်တော်ကို အားကိုးပြီး စောင်းတရားဟောကြခြင်းဖြစ်သည်ဟု ဆိုကြသည်။ ထိုသို့ပြုကျင့်ခြင်းမျိုးကို စောင်းတီးသည်ဟုလည်း ပြောကြသည်။

### သူရဲဘောကြောင်သူများ ခိုလှုံရာရဲတိုက်

ဤကဲ့သို့ ယူဆရာတွင် ရှုထောင့်နှစ်ခုအပေါ် မြင်တတ်ဖို့လိုပေသည်။ ရံဖန်ရံခါ တရားပလ္လင်ပေါ်မှ ဟောပြောချက်တို့သည် ဟောပြောသူအနေဖြင့် မည်သူမည်ဝါကိုမျှ ရည်ရွယ်ခြင်းမရှိဘဲ နှုတ်ကပတ်တော်မှ ဖွင့်ပြချက်အပေါ် အများအကျိုးအတွက် ရည်စူးဟောပြောခြင်းဖြစ်သော်လည်း ပရိတ်သတ်ထဲတွင် ထိုင်နေသူတစ်ဦးတစ်ယောက်အပေါ် တိုက်ရိုက်ထိမှန်နေတတ်သည်။ ဤကဲ့သို့ဖြစ်ပါက မိမိဘက်ကလည်း ရင့်ကျက်သောသဘောဖြင့် ယနေ့ဘုရားသခင် ငါ့ကို ဤကဲ့သို့စကားပြောနေကြောင်း ခံယူတတ်ဖို့လည်း လိုအပ်ပါသည်။ ကျေးဇူးတော်ကိုပင် ချီးမွမ်းသင့်သည်။

### သင်းအုပ်လုပ်ငန်းသည် ဘက်စုံကြွယ်ဝဖို့လိုသည်

ထို့ကြောင့် တရားပလ္လင်သည် အသင်းသူအသင်းသားများအား ခြိမ်းခြောက်ရာနေရာ၊ ကြိမ်းမောင်းရာနေရာမဟုတ်ကြောင်းနှင့် ပလ္လင်ပေါ်မှ မခံချင်လို့ အခွင့်အရေးယူပြီး ဖြေရှင်းခြင်းတို့ထက် ဘုရားရှင်တော်မြတ်၏အလိုတော်ကို သမ္မာကျမ်းစာတွင်းမှ ဖွင့်ပြရာနေရာအဖြစ် အသုံးပြုတတ်ဖို့ အစဉ်သတိပြုကြရမှာဖြစ်သည်။

## ၈။ မိမိပြောဆိုဆုံးမသည့်အတိုင်း မိမိအသက်ရှင်ပြပါ။ (၁ တိမော ၄း၁၆)

ရံဖန်ရံခါ ဘုရားသခင်အနေနှင့် မိမိကို ပြောဆိုဆုံးမနေချိန် မိမိကိုယ်တိုင် ခံယူပြုပြင်ရမည့်အစား သူတစ်ပါးကို ဤကဲ့သို့ ပြောင်းလဲဖို့တွန်းအားပေးတတ်သည်။ တနည်းအားဖြင့် မိမိကိုယ်တိုင် မလိုက်လျှောက်ဘဲ သူများကို လိုက်လျှောက်စေခြင်းသည် မိမိ၏ အားနည်းချက်ကို လူအများသိအောင် မိမိဟာမိမိ ဖော်ထုတ်ပြသရာရောက်စေသည်။

## ၉။ တောင်ထင်မြောက်ထင်ခြင်းကို ရှောင်ပါ။

ဒီလိုအထင်အမြင်မျိုး မိမိတို့မှာရှိတတ်သည်။ ဥပမာ - လူသုံးလေးဦး တိုးတိုးတိတ်တိတ် စကားစုပြောနေသည်ကို တွေ့လိုက်ရသောအခါ ငါ့အကြောင်းများ ပြောနေကြသလား၊ တရားဟောနေရင်း ပရိတ်သတ်ထဲမှ လူတစ်ဦးတစ်ယောက် ထထွက်သွားလျှင်လည်း ငါဟောတာများ မကြိုက်လို့လား စသည်ဖြင့် တောင်ထင်မြောက်ထင် တွေးမိတတ်သည်။ အမှန်မှာ ထိုပုဂ္ဂိုလ်အပေါ့သွားလို၍ ထွက်သွားခြင်းမျှသာဖြစ်သည်။

သင်းအုပ်သို့မဟုတ် အသင်းတော်လုပ်ငန်းများကို ကိုင်တွယ်ရသူများအနေဖြင့် သာမန်လုပ်ငန်းတစ်ခုကို လုပ်နေရခြင်းမျိုးမဟုတ်ဘဲ အလွန်အတိမ်းအစောင်း မခံနိုင်သော တာဝန်တစ်ရပ်ကို ထမ်းဆောင်ရခြင်းဖြစ်သည်။ ထိုသို့ သတိထားလွန်းအားကြီးရသောကြောင့်တစ်ခုခုဖြစ်လာလျှင်တောင်ထင်မြောက်ထင်ခြင်းမျိုးဝင်လာတတ်သည်။

## ကြဲ့လို အရေခွံထူပြီး သိုးလို နှလုံးသားနူးညံ့ပါ

သင်းအုပ်များတို့သည် အပေါ်ယံဟန်ဆောင်သူများနှင့် ဝန်းရံပြီး နေရတတ်ကြသည်။ သင်းအုပ်များဘက်ကလည်း အပေါ်ယံပြုံးရွှင်ပြီး နောက်ပြောင်မှုတို့နှင့် ပြည့်နေသော်လည်း အတွင်းနှလုံးသားထဲမှာမူ စိတ်ဆင်းရဲမှုများ ပြည့်ကြပ်လျက်ရှိတတ်သည်။ ထို့ကြောင့် စိတ်ဓာတ်ကျမှုများ ခံစားမှုများ မကြာခဏ ခံစားရတတ်ကြသည်။ ထို့ကြောင့် သာသနာ့ဘောင်မှ စွန့်ခွာသွားကြခြင်း၊ လုပ်ငန်းတွင်း ရုန်းကန်ကြရခြင်းများတို့နှင့် ရင်ဆိုင် ကြရသည်။ ငြိမ်သက်ခြင်းနည်းပါးလိုသောကြောင့် သင်းအုပ်နှင့်တကွ အသင်းသားများ ပါ ခံစားလာကြတော့သည်။



ခွန်အားဖြစ်စေသော ကျမ်းလေးတစ်ပုဒ်မှာ *'ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့ လာကြလော့၊ ငါသည်ချမ်းသာပေးမည်၊ ငါ့ထမ်းပိုးကိုတင်၍ ထမ်းကြလော့၊ ငါ့ထံနည်းခံကြလော့၊ ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသော စိတ်နှလုံးရှိ၏၊ သင်တို့ စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်၊ အကြောင်းမူကား ငါ့ထမ်းပိုးသည် ထမ်းလွယ်၏၊ ငါ့ဝန်လည်းပေါ့၏'* ။ (မဿဲ ၁၁း ၂၈-၃၀)

မိမိတို့အနေဖြင့် အသင်းတော်တာဝန်ကို ထမ်းဆောင်ရာတွင် ကိုယ့်အလုပ်ဟု သဘောထားပြီး ကိုယ်နှင့် ကိုယ်ဝန်ထုပ်ကိုထမ်းနေသ၍ ပေးနေမှာသာဖြစ်သောကြောင့် အမှန်ကိုအမှန်အတိုင်းမြင်တွေ့ပါ။ အသင်းတော်သည် ခရစ်တော်၏အသင်းတော်ဖြစ်သည်။ ခရစ်တော်၏အလုပ်ကို ခရစ်တော်နှင့်အတူလုပ်သွားလျှင် ပေါ့ပေါ့ပါးပါးနှင့် ဆောင်ရွက်သွားနိုင်မှာဖြစ်သည်။

ရှင်ပေါလုကြီးက (၁ သက်သာ ၅း၁၆) တွင် 'အစဉ်မပြတ်ဝမ်းမြောက်ခြင်းရှိကြလော့' ဟု ခွန်အားပေးသွားသံကို ရင်ဝယ်ပိုက်ကြားရန်လိုပေသည်။ သုတေသီတို့၏ ရှာဖွေတွေ့ရှိချက်အရ စိတ်ပျော်ရွှင်နေချိန်မှာ အကောင်းဆုံးစဉ်းစားနိုင်ပြီး အကောင်းဆုံး ဆုံးဖြတ်နိုင်စွမ်းရှိရုံမက ကျန်းမာရေးကိုလည်း အထောက်အကူပြုကြောင်းတွေ့ရှိရသည်။ ထို့ကြောင့် စိတ်ပျော်ရွှင်မှုသည် မိမိတို့လုပ်ငန်း လည်ပတ်နိုင်ရန် ချောဆီသဖွယ်ဖြစ်သည်။ ထို့ကြောင့် အသင်းတော်အတွင်း အလုပ်တွေများနေပြီး ပြဿနာတွေ ရှုပ်ထွေးနေချိန်မှာ စိတ်သက်သာမှုရရှိဖို့ ပြင်ပခရီးထွက်ခြင်း၊ ဟာသစာပေများဖတ်ခြင်း၊ ခွန်အားဖြစ်စေမည့် ဝိညာဉ်ရေးရာစာပေများဖတ်ခြင်းတို့ဖြင့် စိတ်သက်သာမှုကို ရရှိစေနိုင်ပါသည်။

## ၁၀။ ပြဿနာများ၏ အမြီးကိုမိအောင်ဖမ်းပါ။ ထွက်မပြေးပါနှင့်။
(၁ တိမော ၄း၁၆)

(ထွက် ၄း၃-၄) ဘုရားသခင်က ယေရှုအား လက်မှာကိုင်ထားသော လှံတံကို မြေပေါ်ပစ်ချခိုင်းလိုက်သောအခါ လှံတံသည်မြွေဖြစ်သွားသဖြင့် ယေရှုသည် ကြောက်၍ ထွက်ပြေးကြောင်းတွေ့ရပေသည်။ ထာဝရဘုရားက လက်ကိုဆန့်၍ အမြီးကိုကိုင်ခိုင်းသောအခါ ယေရှုသည် ပြောသည့်အတိုင်းလုပ်လိုက်စဉ် မြွေမဟုတ်တော့ဘဲ လှံတံပြန်ဖြစ်နေကြောင်း အံ့ဩစရာတွေ့ရသည်။

**လက်ကိုဆန့်၍ အမြီးကို ကိုင်ဖမ်းလော့**

ယေရှုကြီးလက်ထဲမှာရှိသောလှံတံသည် သူ့အား ဘုရားပေးသော အာဏာလုပ်ပိုင်ခွင့်လက္ခဏာဖြစ်သည်။ ထို့တူ ထိုလုပ်ပိုင်ခွင့်မျိုး မိမိတို့အားလည်း ဘုရားသခင်ပေးထားသည် ဖြစ်သောကြောင့် အခက်အခဲပြဿဏာတစ်ခုခုနှင့် ရင်ဆိုင်လာရလျှင် ထွက်ပြေးမည်လော၊ ပစ်ထားမည်လော။ ထိုသို့ ပြုလုပ်မိလျှင် ဘုရားပေးထားသော လုပ်ပိုင်ခွင့်အာဏာကို မိမိအလွဲသုံးစား ပြုလုပ်ရာရောက်ပေမည်။ လက်ကိုဆန့်၍အမြီးကို ဖမ်းလိုက်ခြင်းဖြင့် ဘုရားပေးသော လုပ်ပိုင်ခွင့်အာဏာသည် မိမိတို့လက်ထဲ ရောက်လာသောအခါ အရာရာကို ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းရရှိလာမှာဖြစ်သည်။

## ၁၁။ ဘုရားပေးသော လုပ်ပိုင်ခွင့်ဩဇာကို တန်ဖိုးထားပါ။
(ကောလသဲ ၄း၁၇)

ဘုရားပေးသော ဤအခွင့်အရေးကို မစွန့်လွှတ်မိရန် အရေးကြီးသည်။ အမှန်တော့ မိမိတို့မှာ ထိုသို့ ပေါ့ပေါ့တန်တန်လုပ်ပိုင်ခွင့်ပင် မရှိပါ။ မိသားစုအတွင်း၌ပင် ဖခင်တစ်ဦး၏ ပေါ့ဆမှုကြောင့်လည်းကောင်း၊ ပျင်းရိမှုကြောင့်လည်းကောင်း မိသားစုအတွင်း ရင်းရင်းနှီးနှီး အားပေးအားယူမှုများ မပြုသောကြောင့် ၄င်းတို့သည် မိမိအား



ဘုရားပေးလုပ်ပိုင်ခွင့် ဩဇာကို အလွဲသုံးစာလုပ်ရာ၊ အာဏာကိုစွန့်လွှတ်ရာရောက်ပေသည်။

မိသားစုတွင်းပြဿနာများကို ကိုင်တွယ်ရန် ခေါင်းရှောင်ပြီး တိမ်းရှောင်နေပါက စေတန်ဝင်လာပြီး အခွင့်အရေးယူသွားပေမည်။ ထိုအခါ အခြေအနေသည် ပို၍ဆိုးဝါးလာမည်သာဖြစ်သည်။

သင်းအုပ်များ၌ ဘုရားပေးထားသော လုပ်ပိုင်ခွင့်ဩဇာရှိသည်။ သို့သော် အဓိပ္ပါယ်ကောက်ယူရာ၌ မှားယွင်းသွားနိုင်သည်။ အလွဲသုံးစားပြုလုပ်မိနိုင်သည်။ ဤနေရာတွင် လုပ်ပိုင်ခွင့် ဩဇာဟူရာ၌ ဘုရားထံမှပေးသောဆုကျေးဇူး၊ အတွေ့အကြုံ၊ ဉာဏ်ပညာတို့ဖြစ်ပြီး ၄င်းတို့အားဖြင့် ပညာသားပါပါ ငြိမ်သက်စွာကိုင်တွယ်လုပ်ဆောင်သွားခြင်းမျိုးဖြစ်သည်။ ထို့ကြောင့် အဓိပ္ပါယ်သိသိ၊ အဓိပ္ပါယ်ရှိရှိ ဆောင်ရွက်သွားနိုင်ပါက အကျိုးထူးပြီး အဓိပ္ပါယ်တကွဲမျိုးဖြင့် ပြုလုပ်ပါက အကျိုးနည်းမည်သာဖြစ်သည်။

## ၁၂။ ထိမ်းမြားမင်္ဂလာကိစ္စနှင့် ပတ်သက်၍ ပြီးစလွယ်မလုပ်ပါနှင့်။
(ဟေဗြဲ ၁၃း၄)

ယနေ့ကမ္ဘာနှင့် အဝှမ်း ထိမ်းမြားခြင်းကိစ္စသည် အလွန်ရှုပ်ထွေးလာပေသည်။ အသင်းတော်ထဲသို့လည်း စိမ့်ဝင်လာပြီဖြစ်ရာ သင်းအုပ်များအနေဖြင့် လူမှုရေးအရ ဖြေရှင်းပေးနေကြရသည်။ ခေတ်ရေစီးကြောင်းအတိုင်းလိုက်၍ အဆင်ပြေအောင် လုပ်ဆောင်ပေးနေကြရသည်။ ဤသည်ပင် ဘုရား၏အလိုတော်မြတ်နှင့် ကိုက်ညီမှုများမရှိတော့ဘဲ ဘုရားမျက်နှာထက် လူ့မျက်နှာကိုကြောက်ပြီး အကြောင်းအမျိုးမျိုးပြကာ ဆောင်ရွက်နေကြရသည်။

**လူ့အတွက် ဘုရားပေးထားသောစည်းကမ်းသည်**
**လူသားကောင်းစားရေးအတွက်သာ ဖြစ်သည်**

ယနေ့ကမ္ဘာပေါ်တွင် ခေတ်စားနေကြသော အိမ်ထောင်မပြုမီအတူနေခြင်း၊ အစမ်းယူကြည့်ခြင်း၊ မယူကြသေးသော်လည်း နားလည်မှုရှိရှိ နေထိုင်သွားလိုကြခြင်း အစရှိသည်ဖြင့် လူ့သဘော၊ လူ့စိတ်ဆန္ဒကို ဦးစားပေးလိုက်စားလာကြသောကြောင့် ဤကဲ့သို့ ဖြစ်ရပ်မျိုးသည် တဖြည်းဖြည်း ပွားများလာရတော့သည်။ အိမ်ထောင်ရေးကိစ္စသည် လမ်းဘေးဆိုင်တွင် ကြိုက်သလို ဝင်ထွက်စားသောက်သလို ဖြစ်လာနေသည်။ ထို့ကြောင့် ဘုရားပေးသော စည်းကမ်းတို့နှင့် ကြာလေဝေးလေဖြစ်လာကြသဖြင့် ဘုရားထံမှ ကောင်းချီးမင်္ဂလာတို့သည်လည်း အိမ်ထောင်များအပေါ်သက်ရောက်မှု လျော့နည်းပြတ်တောက်သွားလိမ့်မည်။

## အသင်းတော်တွင် မင်္ဂလာဆောင်ရခြင်းသည် မင်္ဂလာရှိပါသည်

အထူးသဖြင့် ယုံကြည်သူအရွယ်ရောက် လူငယ်များအား ပညာပေး အစီအစဉ်များ အထူးလိုအပ်ပါသည်။ မိမိတို့ သားသမီးများ အချိန်တန်လျှင် ဗိမာန်တော်ထဲ ကျက်သရေရှိရှိ နှစ်ဖက်မိဘစုံညီ ဘုရားထံမှ ကောင်းချီးမင်္ဂလာကို ခံယူသင့်သည်။ ဤသို့သော အလေ့အထတို့သည်ပင် တဖြည်းဖြည်းပျောက်ကွယ်သွားနိုင်သည်။ ထို့ကြောင့် သင်းအုပ်များ၊ အသင်းတော်လူကြီးများ ဤအချက်ပေါ်အထူးအလေးထား အချိန်ပေးသင့်သည်။

## လူ့အကျိုးအတွက် ဘုရားပေးထားသောစံချိန်ကို မချိုးဖောက်ပါနှင့်

ဝမ်းနည်းဖွယ်ကောင်းသော လူ့အသိုင်းအဝန်းကြီးသည် ဘုရားရှင်၏ အသင်းတော်များကို ဝိုင်းထားလျက်ရှိသည်။ ဤနေရာတွင် အသင်းတော်များအနေနှင့် မိမိတို့၏ ပတ်ဝန်းကျင်ကို ပြုပြင်ပေးရမည့်အစား ထိုပတ်ဝန်းကျင်မှဖြစ်ရပ်တို့သည် အသင်းတော်များထဲ အရှိန်ပြင်းထန်စွာ တိုးဝင်လာနေချိန်ဖြစ်သည်။ သင်းအုပ်များ၊ အသင်းတော်လူကြီးများ လက်ပိုက်ကြည့်နေကြမလား။ အားပေးမလား။ သို့မဟုတ် ကန့်သတ်ကြမလား။



ထိမ်းမြားလက်ထပ်ခြင်းနှင့် ပတ်သက်၍လည်း ဤအသင်းတော်၊ ဤသင်းအုပ်လက်ထပ်မပေးလျှင် အခြားအသင်းတော်၊ အခြားသင်းအုပ်ထံ သွားရောက် လက်ထပ်လျှင် ရနိုင်ကြောင်း၊ လမ်းစများကလည်း ရှိနေသည်မို့ ယုံကြည်သူများထဲ၌ပင် သင်းအုပ်များအပေါ် ကြေးစားသင်းအုပ်များဟု မြင်တွေ့လာခြင်းဖြင့် ဘုရား၏စံချိန်ကို ချိုးဖောက်ရာရောက်သွားနိုင်သည်။ အချို့အချို့တို့သည် အိမ်တိုင်ရာရောက် သွားရောက်လက်ထပ်ပေးခြင်းတို့ကြောင့် ဗိမာန်တော်ထဲ ကျက်သရေရှိရှိ ဘုရား၏ကောင်းချီးကို ခံယူလိုသော တန်ဖိုးထားသော ခံယူချက်များ တဖြည်းဖြည်းလျော့နည်းလာကြောင်းလည်း သင်းအုပ်များကိုယ်တိုင် တွေ့မြင်ခံစားရမှာဖြစ်သည်။

## ၁၃။ ခေါင်းဆောင်များ ရွေးချယ်ခန့်ထားရာတွင် အလျင်မလိုပါနှင့်။ (၁ တိမော ၅း၂၂)

သာသနာ့ဝန်ထမ်းတစ်ဦးအား ခန့်အပ်တာဝန်ပေးရာတွင် လွယ်ကူသလောက် ပြန်လည်အလုပ်မှရပ်စဲခြင်း၊ ထုတ်ပစ်ခြင်းများကို ပြုရသောအခါ အလွန်ခက်ခဲပါသည်။ ထို့ကြောင့် အသင်းတော်တွင် ခေါင်းဆောင်များ ရွေးချယ်ခန့်ထားရာတွင် ဟန်ချက်ညီညီ စဉ်းစားတတ်သူ၊ ဝိညာဉ်သဘောရှိသူ၊ သမ္မာကျမ်းစာကို အလေးထားသောသူမျိုးဖြစ်သင့်သည်။ သို့တည်းမဟုတ် အသင်းတော်ကို တစ်ချိန်ချိန်မှာ အန္တရာယ်ပြုလာနိုင်သည်။

## အငိုလွယ်ပြီး အရှိုက်ခက်တတ်သည်

အချို့အချို့သော အသင်းတော်များတွင် အသင်းတော် စည်းမျဉ်းဥပဒေများ စနစ်တကျရေးဆွဲထားတတ်သလို အချို့အချို့သောအသင်းတော်များမှာ အကြောင်းတစ်စုံတစ်ခုပေါ်မှ စည်းဝေးထိုင်ဆုံးဖြတ်သည်လည်း ရှိကြသည်။ တိကျသော စည်းမျဉ်းများအားဖြင့် ကောင်းကျိုးများရှိသလို ရံဖန်ရံခါဆိုးကျိုးများလည်း ရှိလာတတ်သည်။ ထို့ကြောင့် ဓမ္မသစ်ခေတ် အသင်းတော်များတည်ဆောက် ဆောင်ရွက်ချက်များအပေါ်

အစဉ် မျက်ခြေမပြတ် လေ့လာအပ်ပေသည်။

## ၁၄။ ခေါင်းဆောင်တစ်ဦးဦး အသင်းတော်လုပ်ငန်းမှထွက်လိုလျှင် ထွက်ရခြင်း အကြောင်းကို ပွင့်ပွင့်လင်းလင်း ရင်ဖွင့်ပါစေ

အသင်းတော်တွင် ဤကဲ့သို့ ပြဿနာမျိုးဖြစ်တတ်ပါသည်။ ဤသို့သော ပြဿနာ ပေါ်ပေါက်လာပါက အသင်းတော်တွင်း မငြိမ်မသက်ဖြစ်လာတတ်သည်။ တစ်ယောက်တစ်မျိုး ထင်မြင်ယူဆမှုများလည်း ထွက်ပေါ်လာတတ်သည်။ အုပ်စုများ ကွဲလာတတ်သည်။ အသင်းတော်တစ်ပါး သို့မဟုတ် တပည့်တော်တစ်စုပင် ခွဲပေါ်လာ တတ်သည်။

ထို့ကြောင့် အသင်းတော်မှ ထွက်သွားလိုသောခေါင်းဆောင်အား အများရှေ့ တွင် ဘာကြောင့်ဟူသည့် အကြောင်းပြချက်ကိုဖွင့်ပြစေခြင်းဖြင့် သို့လောသို့လော ထင် မြင်မှုများအား လျော့နည်းစေနိုင်သည်။ ကြည်ကြည်ဖြူဖြူ ကောင်းချီးပေးဆုတောင်းခြင်း တို့ဖြင့် ခွင့်ပြုနိုင်လျှင် ပို၍ ပတ်ဝန်းကျင်အမြင်မှာလည်း လှပပေမည်။ ပြန်လည်လက်တွဲ လိုလျှင်လည်း မျက်နှာနာနေစရာမလိုပေ။

**ပြဿနာတစ်ခုကို ကိုင်တွယ်ရာတွင် ရဲရင့်ပါ၊ မှူတပါ**

လူပုဂ္ဂိုလ်အားဖြင့်သော်လည်းကောင်း၊ လူမျိုးရေးအားဖြင့်သော်လည်းကောင်း၊ အသင်းတော်တွင်းမှ ခေါင်းဆောင်တစ်ဦး၏ ဦးဆောင်မှုကြောင့် အသင်းတော်တွင်း ဆက်လက်နေလိုခြင်း သို့မဟုတ် ထွက်လိုခြင်း ပြဿနာမျိုးပေါ်ပေါက်လာလျက် ရဲရင့်စွာ ရပ်တည်ပြီး အသင်းတော်တွင် မနေလိုဘဲ အခြားခေါင်းဆောင်မှုအောက်တွင် လိုက်ပါ လိုသူများအား ဆုတောင်းမေတ္တာပို့ပေးပြီး ကြည်ကြည်ဖြူဖြူလိုက်ခွင့်ပေးခြင်းဖြင့် အသင်း တော်တွင်း ပဋိပက္ခ မဖြစ်ရုံမက ထွက်သွားသောသူများထဲမှပင် မိမိအပေါ်လေးစားမှု များရှိလာစေနိုင်ပါသည်။ ရှိရင်းအသင်းတော်သည်လည်း ပို၍ကျစ်လျစ်ခိုင်မာ တိုးတက်



လာပေမည်။

## ၁၅။ ပြဿနာပေးတတ်သူအား သူနှင့် သင့်လျော်မည့်သူနှင့် တွဲလုပ်ရန် ခွင့်ပြုလိုက်ပါ။

စာရေးဆရာကြီး ဂျွန်၏ပြောပြချက်အရ သူ့အသင်းတော်တွင် အလွန်စိတ်အား ထက်သန်ပြီး မည်သူနှင့်မျှ အဆင်မပြေသော သူတစ်ယောက်ရှိကြောင်း၊ သူ၏ဇနီးသည် သည် သူ့ထက်ပိုပြီး တက်ကြွသူဖြစ်ကြောင်း ထိုလင်မယားတို့ကြောင့် အသင်းတော်တွင်း မကြာခဏပြဿနာများ ပေါ်ထွက်ရကြောင်း စာရေးဆရာ(သင်းအုပ်)သိလာသောအခါ ဤကိစ္စနှင့် ပတ်သက်၍ အကြိမ်ကြိမ်ဆုတောင်းရင်း တစ်နေ့မှာ အသင်းသားတစ်ဦးက လာရောက်၍ အခုလိုအကြံပေးခဲ့သည်။ ဆရာ့အနေနဲ့ သူ့ကို ပြောင်ပြောလိုက်ပါ။ သူ ပျော်မည့် အသင်းဖော်၊ သင်းအုပ်ဆရာတစ်ပါးပါးနှင့် သွားရောက်လုပ်ကိုင်ဖို့ ဆရာ ကိုယ်တိုင်ကခွင့်ပြုကြောင်း ပြောကြည့်ခိုင်းသည့်အတိုင်း ဆရာသည် ထိုသူထံသွားပြီး အသင်းတော်မှ မောင်းထုတ်ခြင်းမျိုးမဟုတ်ဘဲ အဘက်ဘက်ကကောင်းသည်ဟု မျှော် လင့်ခြင်းဖြင့် အကြံပေးလိုကြောင်း ပြောပြသောအခါ ရက်အနည်းငယ်အတွင်း ထို ပုဂ္ဂိုလ် သည် အသင်းအုပ်ထံပေါ်လာပြီး သင်းအုပ်၏အကြံပြုချက်အပေါ် ဝမ်းသာစွာ လက်ခံ ကြောင်း ပြောဆိုကာ အခြားအသင်းတော်တစ်ပါးသို့ ပြောင်းရွှေ့သွားခဲ့သည်။

သို့သော် ထိုလင်မယားရောက်လေရာရာ အသင်းတော်များတွင် ပြဿနာများ နှင့်သာ ရင်ဆိုင်ကြရသည်။ နောက်ဆုံး ထိုပုဂ္ဂိုလ်သည် မိမိအိမ်တွင် ကိုယ်ပိုင်အသင်း တော်တည်ထောင်ခဲ့သည်။ များမကြာမီပင် ပိတ်ခဲ့ရရှာသည်။

## ၁၆။ ခေါင်းဆောင်မဖြစ်နိုင်သောသူတို့အား ခေါင်းဆောင်သင်တန်း မပေးပါနှင့်။

ခေါင်းဆောင်အရည်အချင်းမရှိသော သူတို့အပေါ် ခေါင်းဆောင်သင်တန်း

လေ့ကျင့်မှုများလုပ်ပေးနေလျှင် အချိန်သာကုန်မည်။ ထိုသူတို့လည်း စိတ်မဝင်စား၊ မိမိ ဖက်မှလည်း အချိန်ကုန်၊ ငွေကုန်၊ စိတ်ပျက်မှုနှင့်သာ ရင်ဆိုင်ရတတ်သည်။

**ဘုရားသည်သာလျှင် စစ်မှန်သောဓမ္မဝန်ဆောင်များ မွေးထုတ်ပေးနိုင်သည်**

ဓမ္မတက္ကသိုလ်များနှင့် ကျမ်းစာကျောင်းဆင်းသူတိုင်းတို့သည် သာသနာဘောင်တွင် ဝင်ရောက်ဆက်ကပ်ကြသည်မဟုတ်ပေ။ အချို့အချို့တို့သည် သာသနာတွင်လုံးဝ စိတ်ဝင်စားမှုပင် မရှိကြချေ။ အသင်းတော်တစ်ပါးမှ ကျမ်းစာကျောင်းတက်လိုသောသူ ရှစ်ဦးကိုပို့ပေးခဲ့သည်။ ခုနစ်ဦးမှာ ကျမ်းစာကျောင်းမပြီးဘဲ အပြင်လောကသို့ ဦးပြန်လှည့်သွားကြပြီး တစ်ဦးတည်းသာ သာသနာ့ဘောင်တွင်းသို့ ရောက်ခဲ့သည်။ ဤနေရာတွင် ဓမ္မတက္ကသိုလ်များ၊ ကျမ်းစာကျောင်းများ မကောင်း၍မဟုတ်ပါ။ ဘုရား၏ ရွေးကောက်ခြင်းမခံရလျှင် ဓမ္မအမှုဆောင်တစ်ပါး မဖြစ်လိုကြောင်းထင်ရှားသည်။

ထို့ကြောင့် ဓမ္မအမှုတော်ဆောင် အရည်အသွေးနှင့် ဆက်ကပ်လိုသော ဆန္ဒမျိုးမရှိသောသူတို့အား အတင်းအကျပ်ခေါင်းဆောင်နေရာများတွင် ထိုးသွင်းပါက အနာဂတ်၏ ပြဿနာကိုဖန်တီးရာပင်ရောက်ပေမည်။ ဘုရား၏အစေကို နှစ်ရှည်လကြာ ဆောင်ရွက်နေကြသော၊ ဆက်ကပ်နေကြသော သူတို့နှင့် လူအထင်ကြီးအောင် ဆွဲဆောင်ပြောဆိုတတ်သော သာသနာအတွင်း ကစားတတ်သူများနှင့် အစားမထိုးမိဖို့ အထူးသတိပြုကြရပေသည်း

## ၁၇။ အများနှင့်ဆက်ဆံရာတွင် ဇာတိသဘောမပါပါစေနှင့်။
( ၂ သက်သာ ၃း၁၅)

ဒေါသထွက်ခြင်း၊ ကြမ်းတမ်းခြင်းတို့ကို ရှောင်ရပေသည်။ မိမိတို့၏ အတွင်းထဲမှာ ထိုသို့သော အရာများကိန်းအောင်းနေပါက အချိန်မရွေး ထိုဇာတိသဘောတို့သည်



ထွက်ပေါ်လာမည်ဖြစ်သည်။ ထွက်ပေါ်လာသည်နှင့် မိမိနှင့် မိမိပတ်ဝန်းကျင် ဆက်ဆံမှုတင်းမာလာတော့မည်သာ ဖြစ်သည်။

ရံဖန်ရံခါ မိမိအပေါ် မတရားမှုများ၊ အနိုင်ကျင့်မှုများ ကျရောက်လာပါက အလောတကြီး မတုံ့ပြန်မိဖို့ သတိထားပါ။ မိမိကိုယ်ကို မိမိထိန်းချုပ်ပါ။ ဆုတောင်းခြင်းဖြင့် ခွန်အားယူပါ။ အဖဘုရားထံ ထိုကိစ္စအတွက် အကြံဉာဏ်တောင်းခံကြည့်ပါ။ ဘုရားထံမှ လာသောအကြံအစည်သည် အရာရာကို ပြေလည်စေနိုင်ပါသည်။

*'စိတ်ရှည်သော သူသည် ပညာကြီး၏၊ စိတ်တိုသောသူကား အထူးသဖြင့် မိုက်ပေ၏'* (သုတ္တံ ၁၄း၂၉)

**ပညာမဲ့သောသူသည် မိမိအိမ်နီးချင်းကို မထီမဲ့မြင်ပြုတတ်၏။ ဉာဏ်ကောင်းသော သူကား တိတ်ဆိတ်စွာနေတတ်၏။ (သုတ္တံ ၁၁း ၁၂)**

အများနှင့် ဆက်ဆံသည့်နေရာတွင် အထူးသတိပြုရန် နောက်တစ်ချက်မှာ အနုစိတ်ကွန့်မြူးခြင်း (Sentiment) ပင်ဖြစ်သည်။ အနုစိတ်ကွန့်မြူးခြင်းဆိုရာ၌ စိတ်လှုပ်ရှားမှုအပေါ် အရောင်ရေးခြယ်သွားခြင်းပင်ဖြစ်သည်။ တနည်းအားဖြင့် မတည်ငြိမ်သောစိတ်ပေါ် အခြေအနေအရ ပြုလုပ်ခြင်းပင်ဖြစ်သည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် အမှားနှင့်အမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိမည်မဟုတ်ချေ။ ထိုသို့ စိတ်ကစားနေချိန်မှာပင် စာတန်က ဝင်ရောက်နေရာယူသွားနိုင်သည်။ ဥပမာ - (မာသဲ ၁၆း ၂၁-၂၃) တွင် ရှင်ပေတရု၏ အနုစိတ်ကွန့်မြူးခြင်းကြောင့် မသိမသာစာတန်ဝင်ရောက်သွားကြောင်း အရှင်ယေရှုထောက်ပြလိုက်ခြင်းဖြစ်ပေသည်။

သင်းအုပ်များ ဒေါသထွက်တတ်ပါသည်။ ဒေါသထွက်ရခြင်း အကြောင်းရင်းတစ်ရပ်မှာ ရင်တွင်း၌ မျိုသိပ်ထားရသော ခံစားချက်ကြောင့်ဖြစ်သည်။ ထို့ကြောင့် ဆရာကြီးတစ်ပါးက ' သင်းအုပ်ဆရာမှန်လျှင် နှလုံးရောဂါနှင့်သာ သေရမည်' ဟုပြောသည်ကို နားဖြင့်ကြားခဲ့ဖူးပါသည်။ သို့သော် ဘယ်ကဲ့သို့ဖြစ်ပါစေ။ သင်းအုပ်များ 'အရေခွံ

ထူပြီး ပျော့ပျောင်းနူးညံ့သော နှလုံးသားပိုင်ရှင်ဖြစ်ဖို့ ကြိုးစားကြပါ'

**မိမိတို့ဘုရားသည် တရားမျှတသောဘုရားဖြစ်သောကြောင့် မိမိတို့လည်း ဘက်မလိုက် ကြပါနှင့်**

( ၂ တိမော ၄း၂) *'အပြစ်ကိုဖော်ပြလော့၊ ဆုံးမခြင်းကိုပြုလော့၊ အလွန်ရှည်သောစိတ်နှင့် ဩဝါဒမျိုးကို ပေး၍တိုက်တွန်းသွေးဆောင်လော့'* ဟု ဖော်ပြထားသော ဤကျမ်းပိုဒ်၏ အစီစဉ်ကိုကြည့်လျှင် အပြစ်အလျှောက်အပြစ်ပေးခြင်း၊ ဆုံးမခြင်းများ ပြုလုပ်ရသောအခါ ရွံရှာမုန်းတီးသောစိတ်၊ ညှာလိုသောစိတ်၊ ဘက်လိုက်လိုသော စိတ်မျိုး မမွေးမိဖို့ အထူးသတိထားကြရမည်ဖြစ်သည်။

တရံတစ်ခါမှာလည်း မိမိတို့ထံလာရောက် အပြစ်ဝန်ချသောသူအား 'အေး . . ငါတို့လည်း မင်းလို လူသားတွေပါပဲ၊ ငါတို့လည်း ဖြစ်ကြတာပဲ၊ ဘုရားနားလည်ပါတယ်' ဟူ၍ နှစ်သိမ့်လိုက်မိတတ်သည်။ ဤသို့ ပြောဆိုနှစ်သိမ့်မှုသည် မှားသည်ဟု မဆိုနိုင်သော်လည်း လူတစ်ဦးတစ်ယောက်အား နောင်တဖြစ်စေပြီး ဘုရားထံ ပြန်လာဖို့အရေး ကွာဝေးသွားစေနိုင်ပါသည်။ ထို့ကြောင့် မိမိတို့၏ တာဝန်မှာ (၂ တိမော ၄း၂) တွင်ဖော်ပြ ထားသည့်အတိုင်း မေတ္တာဖြင့် ဆိုဆုံးမပြီး ဘုရားထံပြန်ရောက်အောင် ပို့ပေးရမည်သာ ဖြစ်သည်။

## ၁၈။ မျက်နှာမလိုက်ပါနှင့်။ ( ၁ တိမော ၅း၂၁)

အသင်းတော်များ၌ပင် ဤကဲ့သို့မျက်နှာလိုက်မှုများ ရှိတတ်သည်။ အသင်းတော်၏ အရှေ့ခုံတို့သည် အသင်းတော်လူကြီးများနှင့် မြို့မျက်နှာဖုံးများအတွက် ဟူ၍ သီးခြားသတ်မှတ်ထားတာမျိုးလည်းရှိတတ်သည်။

ထို့ကြောင့် (ယာကုပ် ၂း၁-၁၀)တွင် 'လူမျက်နှာကိုထောက်လျှင် ဒုစရိုက်ကို



ပြုသောသူဖြစ်ကြ၏' ဟု အတိအလင်းတွေ့ရပေမည်။ ထို့ကြောင့် ရိုသေအပ်သောလူတို့ကို ရိုသေမှုပြုရပါမည်။ လေးစားအပ်သောသူတို့ကို လေးစားရပါမည်။ သို့သော် မျက်နှာလိုက်ခြင်းမျိုး၊ တစ်ဖက်သက်အလေးသာခြင်းမျိုးကို ရှောင်ရှားအပ်သည်။

## ၁၉။ ရွှေမတွေခင် ရွံ့တွေရပေမည်။ အလျှင်မလိုပါနှင့်။

ရွှေအစလေးတစ်စ ရရှိရေးအတွက် ရွံ့၊ မြေမှုန့်၊ အမှိုက်အစရှိသည့် အရာတို့ကို ရှေးဦးသန့်စင်မှုများ ပြုလုပ်ရမှာဖြစ်သည်။ ထို့အတူပင် လူတစ်ဦးတစ်ယောက်ကို ပြုပြင်လိုလျှင် ထိုသူနှင့်ပတ်သက်သည့် အတွင်းရေး၊ အပြင်ရေးတို့အား လေ့လာဖို့လိုသည်။ အချိန်ပေးရမည်။ အားနည်းချက်များ၊ အားသန်ချက်များကိုလည်း သိထားဖို့လိုသည်။ တဖြည်းဖြည်းပွတ်တိုက်ကာ ဆေးကြောပါမှ ထိုသူ၏ စစ်မှန်သောအရည်အသွေးပေါ် လာပေမည်။ ထိုအရည်အသွေးပေါ် အခြေပြုတည်ဆောက်ပေးသွားရမှာဖြစ်သည်။ လူတစ်ဦးတစ်ယောက်အနေနှင့် အကျင့်တစ်ခုမှ တစ်ခုသို့ပြောင်းရန် ၂၁ ရက် အချိန်ယူရသည်ဟု ဆိုကြသည်။ ထို့ကြောင့် နေ့ချင်းညချင်း အံ့သြဖွယ်နိမိတ်လက္ခဏာကြီးများ တွေ့ရမည်ဟု မယူဆလိုက်ပါနှင့်။ အချိန်ပေးကြရမည်သာ ဖြစ်သည်။

တစ်ခါက မိခင်တစ်ဦးသည် မိမိ၏သမီးရင်း လေးနှစ်အရွယ်လေးအား လုံးဝမချစ်နိုင်သော ခံစားမှုတစ်ခုခံစားနေရသည်။ ဘယ်လိုနည်းနှင့်မျှ မိမိသမီးလေးပေါ် မေတ္တာမပြနိုင်ပေ။ ဤအမျိုးသမီးကြီးသည် အသင်းတော်တွင် သုံးလို့ရသူဖြစ်သည်။ အများနှင့်လည်း အဆင်ပြေသည်။ သို့သော် ထိုအားနည်းချက်တစ်ချက်ကို ဘယ်လိုနည်းနှင့်မျှ မကျော်လွှားနိုင်ပေ။ ထို့ကြောင့် မိမိ၏ခင်ပွန်းသည်နှင့်ပင် အဆင်မပြေ ဖြစ်လာသည်။

ဤနေရာတွင် သင်းအုပ်နှင့် သင်းအုပ်ဇနီးတို့သည် ထိုအမျိုးသမီးနှင့် ရင်းနှီးမှုရအောင် အရင်လုပ်ကြရသည်။ ထို့နောက် အမျိုးသမီးကြီးခံစားနေရသော အတွင်းနှလုံးသားထဲက ခံစားချက်ကို ရှာဖွေကြရသည်။ တွေ့ရှိချက်မှာ ထိုအမျိုးသမီးသည်

ငယ်စဉ်က မိမိအား မိမိ၏မိခင် စွန့်လွှတ်ခြင်းခံစားခဲ့ရသူဖြစ်သည်။ ထို့ကြောင့် ထို အကျိတ်လုံးကို ဖြေနိုင်ဖို့ ဖျောင်းဖျခြင်းလုပ်ငန်းကို ရှေးဦးစွာ အချိန်ယူဆောင်ရွက်ပေး ရသည်။ ဒုတိယအနေဖြင့် မိမိသမီးငယ်လေးအား ချစ်နိုင်ဖို့ အတူအချိန်ယူ ဆုတောင်း ကြရသည်။ တတိယအနေဖြင့် မိမိသမီးငယ်လေး၏ ရှေ့ဘဝတွင် မိမိခံစားနေရသလို မခံစားမိဖို့ မိမိ၏မိခင်ဖြစ်သူ ချစ်ကြောင်း၊ စိတ်ချမှုရရှိဖို့နှင့် ခင်ပွန်းသည်နှင့်လည်း အဆင်ပြေနိုင်ဖို့ မကြာခဏသွားရောက် အားပေးမှုများ ပြုလုပ်ခြင်းကြောင့် ယခုအခါမှာ ပျော်မွေ့ဖွယ်ကောင်းသော မိသားစုအသွင်သို့ ရောက်ရုံမျှမက နောက်ထပ်သားလေးတစ် ဦးကိုပင် ထပ်မံရရှိကြသည်။ ဤသို့သော ကိစ္စများ အသင်းတော်များတွင် ရှိတတ်ပါ သည်။ အချိန်ပေးခြင်းဖြင့် ကုသမှုများပြုလုပ်နိုင်ပါသည်။

## ၂၀။ အလုပ်ထွက်မည် ထွက်မည်ဟု မခြိမ်းခြောက်ပါနှင့်။

(ဟေဗြဲ ၁၀း၃၅-၃၉) (လုကာ ၉း၆၂) (ထွက် ၂၁း၅-၆)

အသင်းတော်က ထွက်တော့မည်၊ ထွက်တော့မည်ဟူသော ခြိမ်းခြောက်သံသည် အသင်းတော်တွင်းရှိ မိသားစုတို့အား စိတ်မချမ်းသာမှု ဖြစ်စေပါသည်။ မိမိတို့မိသားစု အတွင်းမှာပင် အဖေဖြစ်သူက အိမ်ကဆင်းသွားမည်ဟု ပြောဆိုသံကို သားသမီးတို့ ကြားလျှင် မည်သို့ ခံစားကြရမည်နည်း။ အကယ်၍ မခံမရပ်နိုင်လောက်အောင် ခံစား ချက်များ ရှိစေကာမူ အကြံဉာဏ်များ တောင်းခံသင့်သည်။ ဤနေရာတွင် (ဟေဗြဲ ၁၀း ၃၂-၃၉) ကို သေချာဖတ်ပြီး ခွန်အားယူရန် အကြံပြုလိုသည်။ ဤကျမ်းပိုဒ်အားဖြင့် ဘုရားသခင်ထံမှ အမြင်မှန်ကို ပြန်လည်ရရှိပြီး အရာရာကို ရင်ဆိုင်နိုင်သော ခွန်အားသစ် များလည်း ရရှိခံစားရပေမည်။ ထို့ကြောင့်

**မထွက်ပါနှင့်၊ ထာဝရဘုရား၏လက်တော်ကို မြဲမြဲကိုင်စွဲထားပါ**

ဒုတိယကမ္ဘာစစ်ပြီးကာစ ဝန်ကြီးချုပ်ချာချီက ခုလို ကြွေးကြော်ခဲ့ဖူးသည်။ ‘ငါတို့ရဲ့ ချွေးသွေးတွေ ရင်းနှီးပြီး သောင်ပြင်မှာဖြစ်စေ၊ ကမ်းပါးမှာဖြစ်စေ၊ အရှုံးမပေး



တိုက်သွားမယ်’ ဆိုသော ကြွေးကြော်သံကြောင့် ဒုတိယကမ္ဘာစစ်ကြီးတွင် အနိုင်ရရှိခဲ့ သည်။ သင်ခန်းစာယူကြပါစို့။

## ၂၁။ ကိုယ်နိုင်သလောက်ပါလုပ်ပါ။ ပြုပြင်ပြောင်းလဲမှုများ မကြာမကြာ မလုပ်ပါနှင့်။

တစ်ခုခုအပြောင်းအလဲ လုပ်လိုလျှင် အချိန်ယူရပေမည်။ အများနားလည် အောင် ရှင်းပြဖို့လိုသည်။ လုပ်လိုသည့် ကိစ္စသည် ကျမ်းစာတော်မြတ်နှင့် ဆီလျော်မှု ရှိမရှိနှင့် အများလက်ခံနိုင်မနိုင်ကို ရှေ့ဦးလေ့လာရန် အရေးကြီးသည်။

‘ငါ့သဘော’ ကို ဦးစားပေးပြီး အတင်းအဓမ္မ အသင်းသူအသင်းသားများတို့ အား မိမိအကောင်အထည်ဖော်လိုသော ကိစ္စအပေါ် ဖိအားပေးပါက နောက်ပိုင်း အကွဲ အပြဲများ ပေါ်ထွက်လာနိုင်သည်။ ထို့ကြောင့် မိမိမှာရှိသော ရူပါရုံကို အများသိရှိနားလည် လာသည်အထိ စိတ်ရှည်သည်းခံ အချိန်ယူမည်ဆိုလျှင် ပို၍ဝမ်းသာခြင်းတို့ဖြင့် အောင်ပွဲ ခံရမည်ဖြစ်သည်။

တစ်ချိန်လုံးအပြောင်းအလဲများ ထပ်တလဲလဲလုပ်နေတာမျိုးကိုလည်း အများ မနှစ်သက်ကြချေ။ ရံဖန်ရံခါ အထူးသဖြင့် အစည်းအဝေးများ၊ ဆွေးနွေးပွဲများမှ ပြန်လာ သည်နှင့် ချက်ချင်း ဒီလိုလုပ်၊ ဟိုလိုပြောင်း စသည်တို့သည် အကျိုးထက်အပြစ်ဖြစ်တတ် သည်။

မှန်ပါသည်။ အသင်းတော်တွင် အချို့အချို့တို့မှာ စာအုပ်ကြီးအတိုင်း ယခင်က အတိုင်းပဲ ရှိတာကောင်းပါသည်၊ လုပ်တာကောင်းပါသည် ဟူ၍ သမာရိုးကျသာ နေလို သောသူများလည်း ရှိတတ်ပါသည်။ မျက်မှောက်ခေတ်အခြေအနေများအပေါ် မျက်ကွယ်ပြုထားသူများ ဖြစ်ကြသည်။ ထို့ကြောင့် ခရစ်တော်၌ ရင့်ကျက်သော ပုဂ္ဂိုလ် များအနေနှင့် အရာရာကို ဟန်ချက်ညီစဉ်းစားတတ်သူများနှင့် ရေရှည်ကို ချင့်ချိန်တတ်

သော ပညာဉာဏ်ကြွယ်ဝသူတို့နှင့် ဆွေးနွေးအကြံဉာဏ်များ တောင်းခံခြင်းသည် ပညာ ရှိရာ ရောက်ပေသည်။

**စစ်မှန်သောပညာသည် ကဲ့ရဲ့ပြစ်တင်ခြင်းတို့နှင့် ကင်းလွတ်၏။ (လု ၇း၃၅)**

အတွေ့အကြုံရင့်ကျက်သော လူကြီးများ ပညာသားပါပါနှင့် လုပ်ဆောင်နေခြင်းကို လူငယ်များဘက်မှ အားမလိုအားမရ နှေးကွေးလွန်းသည်ဟု မြင်တတ်ကြသည်။ ဤကဲ့သို့ တစ်ဖက်စောင်းနင်းအမြင်မျိုး မမြင်တတ်ရန်လည်း အရေးကြီးပါသည်။

(ဟေရှာ ၂၈း၁၆) ဤကျမ်းပိုဒ်၏ ဆိုလိုရင်းမှာ ဘုရားသခင်ထံမှ လုံခြုံစိတ်ချမှုကို ပေးပြီးဖြစ်သောကြောင့် ယုံကြည်စိတ်ချသောသူသည် နေရာတကာတွင် အိုးနင်းခွက်နင်းပြုလုပ်စရာပင် လိုမည်မဟုတ်ပေ။ ထို့ကြောင့် မိမိတို့စိတ်အလျင်တဆော ဆန္ဒစောမှုများကို ထိန်းထိန်းသိမ်းသိမ်းထားကာ (သုတ္တံ ၁၉း၂)တွင် ဖော်ပြထားသည့်အတိုင်း 'အလျင်အမြန်သွားသောသူသည်လည်း မှားယွင်းတတ်၏' ဟူသော သတိပေးသံကို သတိပြုကြပါစို့။

## ၂၂။ သူတစ်ပါးအား နှစ်သိမ့်မှုပေးရာတွင် မိမိကိုသနားလာအောင် ဆွဲမပြောပါနှင့်။

နှိမ့်ချသောစိတ်သဘောသည် ပျော့ညံ့ခြင်းမဟုတ်ပါ။ အများနှင့် တသားတည်းဖြစ်ခြင်းကို ဖော်ပြသောလက္ခဏာပင်ဖြစ်သည်။ လူသားတိုင်းတို့သည် ဘဝလမ်းခရီးကို လျှောက်လှမ်းနေသူများ ဖြစ်ကြသလို ဘဝအတွေ့အကြုံများ အပြန်အလှန်ဖလှယ်နေကြသူများလည်း ဖြစ်ကြပါသည်။ ဤနေရာတွင် သင်းအုပ်များ၊ ခေါင်းဆောင်များ အနေနှင့်လည်း မိမိတို့ နှလုံးသားထဲမှ ခံစားချက်များ၊ နစ်နာမှုများ၊ အနှိမ်ခံရမှုများ စသည့်အကြောင်း ရင်ဖွင့်ပြောခြင်းဖြင့် မိမိအား သူအများ ကြင်နာသနားလာမည်လောဟု မျှော်မှန်းစောင့်ဆိုင်းတတ်ပါသည်။ အမှန်မှာ သင်းအုပ်များအနေနှင့် ထိုသို့သော အရာ



များအားဖြင့် မိမိအပေါ်ကြင်နာမှုများ ပြုကျလာရေးတို့ကို မျှော်ကိုးနေမည့်အစား ခရစ်တော်အားဖြင့် ထိုထိုသောအရာများ စုံစမ်းခြင်းများကို ဘယ်ကဲ့သို့ အောင်မြင်နိုင်ခဲ့ကြောင်း ပြောရမည်သာဖြစ်သည်။

**အရာခပ်သိမ်းကို သိတော်မူသော ဘုရားရှေ့မှာ ဟန်မဆောင်ပါနှင့်**

ဘုရားအပေါ် အားမလိုအားမရ အစာမကြေသလို ခံစားမှုများ ဖြစ်ပေါ်လာနေချိန်မျိုးမှာ သင်းအုပ်ဆရာသည် သို့မဟုတ်ခေါင်းဆောင်တစ်ဦးသည် အဘယ်သူထံသွားရောက်ရင်ဖွင့် အဖြေရှာရပါမည်နည်း။ အသင်းသားများထံ တပည့်ပြန်ခံရမည်လော။ မိမိကြောင့် သူတို့၏ယုံကြည်ခြင်းကို ပို၍ထိခိုက်သွားစေနိုင်ပါသည်။ ထိုထက်မက အဘယ်သို့ ထိုသူတို့ထံ သတင်းကောင်းတရားများဟောပြောဖို့ ဖြစ်နိုင်ပါတော့မည်နည်း။

စာရေးသူဆရာကြီးဂျွန်သည်ပင် ထိုသို့သော စုံစမ်းခြင်းမျိုးဝင်လာသောအခါ အကြိမ်ကြိမ်ယုံကြည်ခြင်းမယိမ်းယိုင်ဘဲ တည်တံ့ခိုင်မြဲဖို့ ဆုတောင်းခဲ့ရသည်ဟု သက်သေခံထားပါသည်။ ထိုအခါ အထက်အရပ်သို့ ကြည့်ဖို့ရန် ဘုရားသခင်ထံမှ အသံတော်ကို သူကြားခဲ့ရသည်။ အထက်သို့ မျှော်ကြည့်လိုက်ရသောအခါ အဖဘုရား၏လက်ရာတော်ဖြစ်သော ကြယ်များကို မြင်တွေ့ရသည်။ နောက်တဖန် အသံတော်အားဖြင့် သင်ကိုင်ထားသောကျမ်းစာတော်ကို ဖတ်ရှုလော့ ဟူသော အသံတော်ကို ကြားလိုက်ရသည်နှင့် စိတ်၏တည်ငြိမ်မှုနှင့် ဘုရားအပေါ် ယုံကြည်စိတ်ချမှုများ အသစ်တဖန် တဖွားဖွားပြန်လည်ခံစားလိုက်ရကြောင်း သက်သေခံထားပါသည်။

(ဆာလံ ၁၃၉း ၆) *'ထိုသို့သောဉာဏ်သည် အံ့ဖွယ်ဖြစ်၍ အကျွန်ုပ်မတတ်နိုင်ပါ။ မြင့်မြတ်သည်ဖြစ်၍ အကျွန်ုပ်မမီနိုင်ပါ'။ မိမိတို့ လူသားဘက်မှ နားမလည်နိုင်သော နက်နဲသိမ်မွေ့သည့် အရာများကို သိလိုလျှင် ပညာဉာဏ်များတို့ဖြင့် ယိုဖိတ်နေသော ကျမ်းစာကိုဖတ်ကြည့်ပါ။*

ရှင်ပေါလုကြီးကလည်း ( ၁ ကော ၁၃း၉-၁၀) တွင် *'ယခုမူကား ငါတို့သည် မစုံ မလင်သိတတ်ကြ၏၊ ပရောဖက်ဉာဏ်နှင့် မစုံမလင်ဟောတတ်ကြ၏၊ စုံလင်ခြင်းသို့ ရောက်သောအခါမူကား မစုံလင်သမျှတို့သည် ကွယ်ပျောက်ကြလိမ့်မည်'* ဟူ၍ လည်းကောင်း၊ ( ၁ ကော ၁၃း၁၂) တွင် *'ယခုတွင် ငါတို့သည် မှန်အားဖြင့် ရိပ်မိလျက်သာနေကြ၏၊ ထိုအခါမူကား မျက်မှောက်ထင်ထင်မြင်ကြရလိမ့်မည်၊ ယခုတွင် ငါအသိ အမြင်မစုံမလင်ဖြစ်၏၊ ထိုအခါမူကား သူတစ်ပါးသည် ငါ့ကို သိသကဲ့သို့ ငါသိရလိမ့်မည်'* ။

ထို့ကြောင့် အရာခပ်သိမ်းကို သိသောဘုရားရှေ့မှာ ဟန်ဆောင်မနေပါနှင့်။ မိမိစိတ်မချသောအရာများကို သိတော်မူသော ဘုရားရှေ့မှာ ဟန်ဆောင်မှုများရှိလျှင် လူသားများ နားလည်ဖို့ရန်နှင့် အဖြေများပြည့်နေသည့် သမ္မာကျမ်းစာကို ဖတ်ပါ။ ဆုတောင်းပါ။ ခရစ်တော်အပေါ် အကြွင်းမဲ့ယုံပါ။

နောက်လိုက်တပည့်တော်ကြီး သောမ၌လည်း သံသယစိတ်များရှိခဲ့ဖူးပါသည်။ မိမိ၏ယုံကြည်မှုအပေါ် စိတ်ချမှုများ အကောင်အထည်မြင်လိုသောဆန္ဒ ပြင်းပြခဲ့ပါသည်။ မိမိ၏ စိတ်ချမှု၊ ယုံကြည်မှု၊ ခရစ်တော်ထံမှ အပြည့်အဝရရှိခဲ့ပြီးနောက် အိန္ဒိယနိုင်ငံအထိ သာသနာခရီးပြုခဲ့ပြီး မာတုရတစ်ဦးအဖြစ် အသက်ကိုပေးခဲ့သူဖြစ်သည်။

အချုပ်အားဖြင့် စစ်မှန်မှုကိုရှာခြင်းသည် ယုံကြည်သူတစ်ဦး၏ တာဝန်ဖြစ်သည်။ ဘုရားရှေ့မှာ ဟန်ဆောင်နေသူမဖြစ်ဖို့ အရေးကြီးပေသည်။

## ၂၃။ အရှိအရှိအတိုင်း ပြောပါ။ ပုံကြီးမချဲ့ပါနှင့်။

အရှိအရှိအတိုင်းမဟုတ်ဘဲ အပိုများပါလာလျှင် ထိုပိုသောအရာတို့သည် တဖြည်းဖြည်းပို၍ပို၍ ကျယ်ပြန့်သွားစေနိုင်ပါသည်။ မှားသောအရာဖြစ်နေပါက ထို အမှားသည် ကြီးမားသောအမှားဖြစ်လာနိုင်သည်။



အမေရိကန်ပြည်တွင် ဆရာကြီးတစ်ပါးရှိခဲ့ဖူးသည်။ သူ့အနေနှင့် အံ့ဖွယ် နိမိတ် လက္ခဏာများအပေါ် အထူးအာရုံထားဟောပြောသင်ကြားလေ့ ရှိသည်။ ထိုဆရာကြီး ကွယ်လွန်ပြီးနောက်ပိုင်း ညီအရင်းဖြစ်သူက 'ကျွန်တော့်အစ်ကိုဟာ အပိုတွေပုံကြီးချဲ့ပြီး မယုံယုံအောင်ပြောတတ်သူဖြစ်တယ်' ဟု ထုတ်ဖော်ပြောခဲ့သည်။ ထိုဆရာကြီးအား ဖြင့် မှားယွင်းသောအယူအဆများဖြင့် တည်ဆောက်ထားသော ပရောဖက်ဂိုဏ်း တစ်ဂိုဏ်းပေါ်ထွက်လာပါသည်။ ရှိရင်းအသင်းတော်ထဲ၌လည်း စိတ်မချမ်းသာဖွယ် ဖြစ်ရပ်မျိုးများ ပေါ်ထွက်လာတော့သည်။

(ကောလောသဲ ၃း၉) *'အချင်းချင်းမုသားစကားကို မပြောမသုံးကြနှင့်'*

ပုံကြီးချဲ့ပြောဆိုခြင်းသည် မုသားသုံးရာ၊ လိမ်လည်ရာရောက်သွားတတ်သည်။ ပရိတ်သတ်ကြီးအား ဤနည်းမျိုးတို့ဖြင့် ဆွဲဆောင်တတ်ကြသည်။ အယုံသွင်းတတ်ကြသည်။ ထို့ကြောင့် သင်းအုပ်များ၊ တရားဟောဆရာများ မိမိတို့ကိုယ်မိမိတို့ ပြန်လည်သုံးသပ်ရမည်မှာ 'ငါအမှန်ပြောနေတာ ဟုတ်ရဲ့လား'၊ 'လူကြားကောင်းအောင် ပြောနေခြင်းလား'၊ 'ငါ့ကို သူများအထင်ကြီးအောင် လုပ်နေခြင်းလား' စသည်ဖြင့် အစဉ် သုံးသပ်နေဖို့အရေးကြီးသည်။ သင်းအုပ်များ၊ ဓမ္မဆရာ ဆရာမများ၊ ခေါင်းဆောင်များကမှ အမှန်မပြောလျှင် ကမ္ဘာပေါ်မှာ အဘယ်သူတို့အား ယုံရပါတော့မည်နည်း။

## ၂၄။ မိမိ၏လုပ်ဖော်ဆောင်ဖက် ခေါင်းဆောင်တို့နှင့် စည်းစည်းလုံးလုံး နေပါ။ သီးခြား မနေပါနှင့်။

မိမိ၏ လုပ်ဖော်ဆောင်ဖက်တို့နှင့် တရင်းတနှီးမရှိလျှင် အခက်အခဲ ကြုံကြိုက်လာပါက မိမိဖက်တွင် ရပ်တည်မည့်သူ နည်းပါးပေလိမ့်မည်။ အသင်းတော်တစ်ပါး၏ တိုးတက်မှုသည်ပင် လုပ်ဖော်ဆောင်ဖက် အချင်းချင်းရင်းနှီးမှုပေါ် အများကြီး မူတည်ပေသည်။

အသင်းတော်တစ်ပါးမှ လူတစ်စုသည် ခွဲထွက်ပြီး နှစ်မိုင်ခန့်ဝေးသောနေရာ

တွင် သီးခြားအသင်းတော်တစ်ပါး တည်ထောင်ကြသည်။ လေ့လာကြည့်သောအခါ သင်းအုပ်လုပ်သူသည် မိမိအသင်းသားများနှင့်လည်းကောင်း၊ အသင်းတော်ခေါင်းဆောင် များနှင့်လည်းကောင်း ရင်းနှီးမှုမရှိခြင်းကြောင့် ယခုလိုခွဲထွက်ရန် ခေါင်းဆောင်သော သူနှင့်ပင် ကောင်းစွာမသိကျွမ်းကြောင်းနားလည်လိုက်ရသည်။ ထို့ကြောင့် မိမိနှင့် လုပ်ဆောင်နေကြသော ခေါင်းဆောင်များတို့နှင့် ဝိညာဉ်ရေးသာမက လူမှုရေးတို့၌ပင် အကျွမ်းတဝင်ရှိဖို့ အရေးကြီးသည်။ ဖြစ်နိုင်လျှင် ခေါင်းဆောင်များတို့၏ ဇနီးသည်တို့လည်း အချင်းချင်းရင်းနှီးမှု ရှိရပေမည်။ အချို့အချို့သော ပြဿနာများသည် ဇနီးသည်များ ထံမှလာသည်ကို သတိမလစ်မိဖို့ အရေးကြီးသည်။

> **သင်းအုပ်တို့သည် အများ၏ ပစ်မှတ်သဖွယ်ဖြစ်တတ်သည်။ မခံရပ်နိုင်သော ပစ်ခတ်မှုများကြောင့် ရံဖန်ရံခါ သင်းအုပ်တို့သည် ဘေးဖယ်တိမ်းရှောင်နေတတ်သည်။**

ဘေးဖယ်တိမ်းရှောင်နေခြင်း၏ လက္ခဏာများမှာ -

(၁) အိမ်တွင်းခိုအောင်းနေခြင်း

(၂) အလုပ်အစည်းအဝေးများတွင် မတွေ့တော့ခြင်း

(၃) TV, Video တို့ဖြင့် အချိန်ဖြုန်းနေခြင်း

(၄) လူများအတွေ့မခံခြင်း

(၅) တစ်ခုခုအပေါ် အာရုံစူးစိုက်မှု လျော့နည်းလာခြင်း

(၆) အစဉ်မိမိဘက်မှ အကာအကွယ်ယူလိုခြင်း၊ ခုခံစိတ်များဖြစ်ပေါ်လာ ခြင်း

(၇) ဤသို့သော ခံစားမှုများကြောင့် စိတ်ရောဂါပင် ဝင်လာနိုင်သည်။ ထို့ကြောင့် ခရစ်တော်သည် ခမည်းတော်နှင့် နီးကပ်စွာရှိသကဲ့သို့ မိမိတို့လည်း မိမိတို့၏လုပ်ဖော်ဆောင်ဖက်များ သို့မဟုတ် ခေါင်းဆောင်များတို့နှင့် နီးနီးကပ်ကပ်၊ စုစုစည်းစည်းရှိဖို့ အလွန်အရေးကြီးပေသည်။



## ၂၅။ နှုတ်လုံပါ။ မေတ္တာသည် ခပ်သိမ်းသောအရာတို့ကို ဖုံးအုပ်တတ်၏။ (၁ တိမော ၃း၁၁) (၁ ကော ၁၃း၄) (သုတ္တံ ၁၁း၁၃)

> **သူတစ်ပါးအားမသိစေလိုသော အကြောင်းအရာတစ်ခုအပေါ် သတင်းတစ်ပုဒ် ဖြစ်အောင် မလုပ်မိဖို့ သတိပြုပါ။**

သင်းအုပ်တို့ သို့မဟုတ် အသင်းတော်လူကြီးများ အနေနှင့် တစ်ဦးတစ်ယောက်နှင့်ပတ်သက်သော အကြောင်းကိစ္စတစ်ခုကို တိုးတိုးတိတ်တိတ်တိုင်ပင်ဆွေးနွေးကြ၏။ ထိုထဲက တစ်ဦးတစ်ယောက်သည် မိမိနှင့် အလွန်ရင်းနှီးသော အပြင်ဘက်ကမိတ်ဆွေအား ပြောပြပြန်၏။ ထိုသူမှတဆင့် ဆုတောင်းဝိုင်းတွင် တင်ပြဆုတောင်းကြပြန်၏။ ထိုသို့နှင့် အသင်းတော်တွင် ထိုကိစ္စသည် ပြန့်နှံ့သွားတော့သည်။ ကာယကံရှင် ပြန်ကြားသောအခါ ဘယ်ကဲ့သို့ ခံစားရမည်နည်း။

*‘ လည်၍စကားများစွာပြောတတ်သောသူသည် လျှို့ဝှက်အပ်သောအရာကို ဖော်ပြတတ်၏၊ သစ္စာစောင့်သောသူများကား ဝှက်ထားတတ်၏’*

(သုတ္တံ ၁၁း၁၃)

မှန်ကန်သောသတင်းပင်ဖြစ်လင့်ကစား မိမိညီအစ်ကိုမောင်နှမ တစ်ဦးတစ်ယောက် သိက္ခာမကျအောင် ထိန်းသိမ်းဖို့ရန် မိမိမှာ တာဝန်ရှိသည်။

> **အသရေဖျက်ပြောဆိုသော စကားတို့သည် မီးသွေးခဲနှင့်တူ၏။ မိမိလက်ကို ပေချင်ပေစေလိမ့်မည်။ သို့မဟုတ် လောင်ချင်လောင်စေလိမ့်မည်။**

တစ်ခါက စိတ်ဝင်စားဖွယ်ဖြစ်ရပ်တစ်ခုမှာ အလွန်ရင်းနှီးကြသော မိတ်ဆွေနှစ်ဦးရှိခဲ့သည်။ တစ်နေ့မှာ တစ်ဦးက အခြားတစ်ဦးအကြောင်း မကောင်းသတင်းတစ်ပုဒ်ကြားသိလိုက်ရသောအခါ ဟုတ်၏၊ မဟုတ်၏ စုံစမ်းခြင်း မပြုတော့ဘဲ မျက်စိမှိတ် ယုံကြည်လက်ခံလိုက်ပြီး ဤမကောင်းသတင်းကို လက်ဆင့်ကမ်း တစ်ဖက်သား

နစ်နာအောင် ဖြန့်ခဲ့တော့သည်။ မိတ်ဆွေနှစ်ဦး မသင့်မတင့် ဖြစ်ကြတော့သည်။

နှစ်အတန်ကြာလာသောအခါ ဤဆိုးသွမ်းသော သတင်းများကြောင့် စိတ်ထိခိုက်ပြီး နာမကျန်းဖြစ်နေသောသူထံ မိတ်ဆွေဟောင်း မိမိအကြောင်း မကောင်းသတင်းဖြန့်ခဲ့သူသည် ရောက်ရှိလာပြီး မိမိ၏ ပြုခဲ့မိသော အမှားအပေါ် ဝန်ချတောင်းပန်သောအခါ ဖျားနာနေသူက ခွင့်လွှတ်ထားပြီးဖြစ်ကြောင်း သို့သော် မိမိအား အမှန်ချစ်ခင်သေးလျှင် မိမိ၏ကြက်မွေးခေါင်းအုံးကို အပြင်ယူသွားပြီး အမွေးများအား ကျဲဖြန့်ထုတ်ပစ်ပေးစေလိုကြောင်း မေတ္တာရပ်ခံချက်အရ မိတ်ဆွေဟောင်းဖြစ်သူကလည်း ပြုလုပ်ပေးခဲ့သည်။

တဖန်ဖျားနာနေသူက ကျေးဇူးပြုပြီး စောစောကပြန့်နှံ့နေသော ကြက်မွေးများပြန်လည်ကောက်သိမ်းပြီး ခေါင်းအုံးထဲထည့်ပေးပါဟု မေတ္တာရပ်ခံသောအခါ ရန်ပြုခဲ့သော မိတ်ဆွေက ဘယ်လိုမှ ပြန်ကောက်သိမ်း၍ မရနိုင်တော့ကြောင်း တောင်းပန်ပြောသောအခါ ဖျားနာနေသူ သူငယ်ချင်းက 'ဟုတ်ပါတယ်၊ မိတ်ဆွေအပေါ် ကျွန်တော့်ဘက်မှ ခွင့်လွှတ်ခဲ့သော်လည်း ကျွန်တော့်အကြောင်း မကောင်းသတင်းတွေကတော့ ပြန်ရုတ်သိမ်းလို့မရဘဲ ကမ္ဘာပတ်နေလောက်ပါပြီ' ဟု သင်ခန်းစာပေးလိုက်သတည်း။ (တိကု ၃း၁-၂) (ယာကုပ် ၄း၄) (၁ ပေ ၂း၁-၃)

မိမိတို့ ကြားသိရပြီး သူတစ်ပါးကို အလွန်ပြောပြချင်သော စိတ်ဆန္ဒများ တဖွားဖွားပေါ်ပေါက်ခဲ့သော် မိမိတို့ရှေ့မှာ ရွှေတံခါးကြီး သုံးပေါက်ရှိသည်ကို သတိမူကြပါ။ ရွှေတံခါးများပင် ဖြစ်သော်လည်း အလွန်ကျဉ်းမြောင်းပါသည်။ ထိုတံခါးများဖြစ်သော

ပထမတံခါးမှာ 'ဤကိစ္စသည်အမှန်ဟုတ်၏လော'

ဒုတိယတံခါးမှာ 'ပြောဖို့ကော တကယ်လို၏လော'

တတိယတံခါးမှာ 'အမှန်ပင်သင့်မြတ်ပါ၏လော'

ဤအချက်ကြီးသုံးချက်နှင့် ကိုက်ညီပါက ရဲရဲတင်းတင်းအပြုသဘောဖြင့် ပြောဆိုပါလေ။



အသင်းတော်တွင်းရှိကိစ္စကြီးငယ်တို့အပေါ် ကြီးသောအမှုကို ငယ်စေ၊ ငယ်သောအမှုကို ပျောက်စေဟူ၍ မေတ္တာဖြင့် အရာရာကို ဖုံးအုပ်ကျင့်သုံးကြပါစို့။

## ၂၆။ စည်းဝေးများအား လိုရင်းတိုရှင်းပြုလုပ်ပါ။

အသင်းတော်အလုပ်အစည်းအဝေးများ လုပ်ဆောင်ရာတွင် ဝိဉာဉ်သဘောများဖြင့် ပါဝင်လုပ်ဆောင်နိုင်ကြဖို့ အလေးထားဆုတောင်းကြရမည်ဖြစ်သည်။ ဝေ့လည်ကြောင်ပတ်အချိန်မကုန်စေရန် ဖြတ်တောက်သင့်သောအရာတို့အား ဖြတ်တောက်ဆုံးဖြတ်ကြရမည်ဖြစ်သည်။ အဓိကရှိရမည့် ဦးတည်ချက်မှာဖြင့် သာသနာလုပ်ငန်းများဖြစ်သောကြောင့် ဝိဉာဉ်သဘောရှိကြရန် အထူးလိုအပ်ပေသည်။

ဝတ်ပြုစည်းဝေးများအတွက်လည်း ဖြစ်သလို အစီအစဉ်မျိုးများ မဖြစ်သင့်ချေ။ သန့်ရှင်းသော ဝိဉာဉ်တော် လမ်းပြသည့်အတိုင်း ဆိုသော်လည်း ပြင်ဆင်မှုများ လိုပေမည်။ ဥပမာ - သံစုံသည်များတို့သည်လည်း ကြိုတင်ဆက်ကပ်လေ့ကျင့်ထားရပေမည်။ အများရှေ့တွင် သီဆိုပြကြရသည်မို့ ဝတ်စားမှုတို့သည်ပင် ဖြစ်နိုင်လျှင်တူညီ ညီညာမှုများဖြစ်သင့်သည်။ အသံချဲ့စက်များ သုံးပါကလည်း ကြိုတင်ပြင်ဆင်ထားသင့်သည်။ ကြွားဝါသောသဘောမျိုး၊ ထည်ဝါသောသဘောမျိုးမဟုတ်ပါ။ ဘုရားသခင်၏ ဗိမာန်တော်သည် ထည်ဝါရပေမည်။ ကြည်ညိုလေးစားအပ်ပေသည်။

အချိန်နှင့်ပတ်သက်၍လည်း အချိန်မှန် ဝတ်ပြုစည်းဝေးစနိုင်ကြဖို့နှင့် ဘုရားကျောင်းလာရခြင်းသည် ငြီးငွေ့စရာ မဖြစ်ပေါ်စေဖို့ အထူးဂရုပြုကြရမည်။ ဧည့်ကြိုချိန်ကစ၍ ရောက်လာသူတို့ စိတ်ချမ်းမြေ့စေဖို့ ကြိုတင်ပြင်ဆင်ကြရမည်မှာ အလွန်အရေးကြီးပေသည်။ ဧည့်ကြိုများ ပြုံးရန်မမေ့ပါနှင့်။

## ၂၇။ ဝေဖန်ချက်တို့အပေါ် မတုံ့ပြန်နေပါနှင့်။ တစ်ချိန်လုံးလည်း ပြဿနာများ မတင်ပြပါနှင့်။

နုနယ်သော သူများအဖို့ ပြစ်တင်ဝေဖန်ခြင်းများ ခံရသောအခါ စိတ်ပျက်စရာ ဒေါသထွက်စရာရယ်လို့ ခံစားရတတ်သည်။ သို့သော် ပညာရှိတို့မူကား ထိုပြစ်တင် ဝေဖန်မှုများထဲမှ သင်ခန်းစာများ ရယူတတ်ကြသည်။

Abraham Lincoln က 'ကျုပ်အပေါ် ပြစ်တင်ဝေဖန်ကြသော စာတွေကို ထိုင်ဖတ်နေရင် တခြားဘာမှ လုပ်ဖြစ်တော့မှာ မဟုတ်ဘူး၊ ကျုပ်အနေနှင့်တော့ ကောင်းမယ်ထင်တဲ့အရာကို အကောင်းဆုံးလုပ်သွားမှာပဲ၊ အဲဒီလုပ်ဆောင်ချက်ရဲ့ အဖြေဟာ မှန်မယ်ဆိုရင် သူတို့ပြောသမျှဟာ မမှန်လို့ပေါ့၊ အကယ်၍ ကျုပ်ရဲ့လုပ်ဆောင်ချက် အဖြေက မှားနေရင် ကောင်းကင်တမန်ဆယ်ပါးက ကျုပ်ဖက်က ရပ်တည်ပေးသော်လည်း အမှားက အမှားပဲပေါ့' တဲ့။ ဤပြောဆိုချက်ကို ဗိုလ်ချုပ်ကြီး Mac Arthur နှင့် ဝန်ကြီးချုပ် Winston Churchill တို့၏ ရုံးခန်းများတွင် ချိတ်ဆွဲထားကြသည်။

ဝေဖန်ပြစ်တင်လိုသူများကို မိမိတို့ဘက်မှ ဘယ်ကဲ့သို့ တားမြစ်၍ ရပါမည်နည်း။ မရနိုင်ပါ။ အကောင်းဆုံးနည်းကတော့ ထိုပြစ်တင်ဝေဖန်ချက်တို့အားဖြင့် မိမိစိတ်ထိခိုက်အောင်နှင့် မပြိုလဲရအောင် ခရစ်တော်နှင့်အတူ ရပ်တည်သွားဖို့သာ အရေးကြီးပေသည်။

| မိမိကိုယ်မိမိ အပြစ်မရှိကြောင်း ခုခံကာကွယ်ခြင်းသည် မိမိသိက္ခာကို မိမိချရာ ရောက်တတ်သည် |
|---|

မိမိတို့အနေနှင့် အစဉ်မှန်ကန်သူများဖြစ်ကြောင်း၊ ယုံကြည်စိတ်ချအပ်သူများ ဖြစ်ကြောင်း၊ တစ်သင်းလုံး၏ ယုံကြည်စိတ်ချမှုကို ခံယူလိုတတ်သည်။ ဤသို့ အများ၏ အထင်ကြီးမှုကို ရယူခံစားရခြင်းသည်ပင် အန္တရာယ်ရှိသည်။ 'သို့သော် လူတိုင်းလူတိုင်း တို့သည် တစ်နေ့မှာ ငါးမိနစ် အရူးထတတ်ကြသည်'။ ထို့ကြောင့် သူတစ်ပါး ပြစ်တင်



ဝေဖန်ခြင်းထက် မိမိကိုယ်မိမိ အချိန်ယူ ပြန်လည်သုံးသပ်တတ်ဖို့ရန် အရေးကြီးသည်။ ဖြစ်နိုင်လျှင် ရင်းနှီးသူတို့အား မိမိအပေါ် အမြင်အမြင်အတိုင်း ဝေဖန်အကြံပေးကြဖို့ အပြုသဘောဖြင့် အကြံဉာဏ်တောင်းခံသင့်သည်။

(မာသဲ ၅း၁၁-၁၂) *'ငါ့ကြောင့် သင်တို့ကို ကဲ့ရဲ့ညှဉ်းဆဲ၍ မမှန်ဘဲလျက် အပြစ်တကာတင်ကြသောအခါ သင်တို့သည် မင်္ဂလာရှိကြ၏၊ ဝမ်းမြောက်ရွှင်မြူးခြင်းရှိကြလော့၊ အကြောင်းမူကား ကောင်းကင်ဘုံ၌ သင်တို့၏ အကျိုးသည်ကြီးလှပေ၏၊ သင်တို့ ရှေ့ကပေါ်ထွန်းသော ပရောဖက်တို့ကို ထိုနည်းတူညှဉ်းဆဲကြပြီ'*။

ထို့ကြောင့် မိမိအားမတရားပြောဆိုလာမှုတို့အား မခံမရပ်နိုင်၍ တဆင့်ပြောခြင်းဖြင့် မိမိသာသိက္ခာကျမည်ဖြစ်သည်။ ထိုသူများနှင့် မခြားဖြစ်သွားနိုင်သည်။ သည်းခံဆိတ်ငြိမ်လိုက်ခြင်းဖြင့် မိမိအပေါ် တမျိုးမြင်ခဲ့သူတို့ပင် သူတို့အထင်နှင့် မတူပါလားဟူ၍ တစ်နေ့သိမြင်လာကြပေလိမ့်မည်။

## ၂၈။ အလုပ်ကိုခွဲဝေလုပ်ပါ။ တစ်ဦးတည်း သိမ်းကြုံးမလုပ်ပါနှင့်။

(၂ တိမော ၂း၂)

သင်းအုပ်နှင့်ခေါင်းဆောင်အချို့မှာ တစ်ပါးသူအား လုပ်ငန်းခွဲဝေလုပ်စေဖို့ အခက်အခဲရှိကြသည်။ အကြောင်းများလည်း ရှိတတ်ပါသည်။

၁။ ခိုင်းလိုက်သောသူများဘက်မှ အလုပ်ကို သေချာစွာမလုပ်ခြင်း၊ စိတ်တိုင်းမကျခြင်းတို့ကြောင့်လည်းကောင်း၊

၂။ (ဇဖက် ၄း၁၁-၁၃) မိမိတို့မှာရှိသော ထက်မြက်မှုတို့အပေါ် ပေါ့ပေါ့တန်တန်ထားခြင်းကြောင့်လည်းကောင်း၊

၃။ အားတက်သရော လုပ်လိုသောစိတ်များမရှိခြင်းကြောင့်လည်းကောင်း၊

၄။ ခိုင်းတာတစ်မျိုး လုပ်တာတစ်မျိုး ဖြစ်သလို လုပ်တတ်မှုတို့ကြောင့်လည်းကောင်း တာဝန်များခွဲဝေလုပ်ဖို့ အခက်အခဲများ ရှိတတ်ပါသည်။

သို့သော် ရေရှည်မှာ တစ်ဦးတည်းဆောင်ရွက်ခြင်းဖြင့် အသင်းတော်လုပ်ငန်းများ ကြံ့သွားနိုင်ပါသည်။ သင်ပေးရင်း လုပ်ရင်းတို့ဖြင့် အသင်းတော်လုပ်ငန်းများကို ချဲ့ထွင် လုပ်သွားနိုင်လာမည်ဖြစ်သည်။

ဤအချက်နှင့်ပတ်သက်ပြီး သတိထားရမည့်အချက်မှာ တာဝန်ရှိသမျှ ခွဲဝေလုပ်စေခြင်းဖြင့်လည်း သင်းအုပ်နှင့် ခေါင်းဆောင်တို့ ဘာတာဝန်မှ မယူတော့ဘဲ လူပျင်းဖြစ်သွားနိုင်သည်ကိုလည်း သတိမူမိရန် အရေးကြီးပါသည်။

## ၂၉။ မိမိနှင့် အဆင်မပြေသော်လည်း လက်တွဲလုပ်ပါ။

ခရစ်တော်သည်ပင် မလွယ်သောတပည့်တော်အချို့နှင့် လက်တွဲလုပ်ဆောင်ခဲ့ရပေသည်။ မိမိစိတ်ကြိုက် ရွေးချယ်ထားသောသူများ မဟုတ်သော်လည်း ဘုရားက တွဲဖက်လုပ်စေလိုသောသူများနှင့် အဆင်ပြေအောင်လုပ်သွားရမည့် အခါမျိုးလည်း ရှိပေမည်။ ထိုသူများတို့အားဖြင့်လည်း မိမိအဖို့ ပညာများရရှိနိုင်ပေသည်။

| |
|---|
| **လူတစ်ဦးတစ်ယောက်၏ တွေးခေါ်ခံယူချက်ကို သိထားဖို့လိုသည်။<br>ထိုသူနှင့် အံဝင်ခွင်ကျ အလုပ်လုပ်နိုင်ဖို့ ဘုရားထံမှ<br>ဉာဏ်ပညာများရရှိဖို့ ဆုတောင်းပါ။** |

ဘုန်းတော်ကြီး Thomas Akempis ရေးသားခဲ့သော The Imitation of Christ စာအုပ်မှ ကောက်နှုတ်ချက်လေးတစ်ခုမှာ -

*'မိမိ၏ အားနည်းမှုများအား အခြားသူများက သည်းခံသလို မပြည့်စုံသောသူတို့၏ အားနည်းချက်များအပေါ် မိမိဘက်မှလည်း သည်းခံလိုက်လျောနိုင်ဖို့ လိုပါသည်။ မိမိကိုယ်မိမိ စိတ်တိုင်းကျမပြုပြင်နိုင်လျှင် သူတစ်ပါးအား မိမိစိတ်တိုင်းကျ ပြုပြင်နိုင်ပါမည်လော . . ။*

*မိမိကိုယ်တိုင်က မပြည့်စုံသော်လည်း သူတစ်ပါးကိုတော့ တိကျပြတ်သားပြည့်စုံမှ ကျေနပ်တတ်သည်။ တစ်ဦးတစ်ယောက်အား ပြင်းထန်စွာ ဆိုဆုံးမမှုများပြုနေသည်ကို တွေ့လျှင်ဝမ်းသာမိသည်။ သို့သော် မိမိအား ထိုသို့ လာလုပ်လျှင် လုံးဝလက်ခံမည်မဟုတ်ပါ။ ဤသည်ပင် မိမိနှင့် မိမိပတ်ဝန်းကျင်အပေး တူညီသော ပေတံဖြင့် မတိုင်းလိုကြောင်းထင်ရှားစေပါသည်။*

*လူတိုင်းသာပြည့်စုံနေလျှင် တစ်ဦးပေါ်တစ်ဦး ကူညီရိုင်းပင်းရန် လိုပါတော့မည်လော။ သို့သော် (ဂလာ ၆း၂) "ထမ်းရွက်စရာ ဝန်ချင်းတို့ကို အချင်းချင်းကူညီ၍ ထမ်းရွက်သောအားဖြင့် ခရစ်တော်၏တရားကို ကျင့်ကြလော့" ဟု ဆိုထားသောကြောင့် လောကမှာမမှားသောသူမရှိနိုင်ကြောင်း၊ ဝန်ထုပ်ဝန်ပိုးနှင့် ကင်းသောသူလည်း မရှိနိုင်ကြောင်း၊ လိုလေသေးမရှိ အဖက်ဖက်မှ ပြည့်စုံသောသူလည်း မရှိနိုင်ကြောင်း၊ မိမိကိုယ်မိမိ ထိန်းချုပ်နိုင်သော ဉာဏ်ပညာများနှင့်လည်း မပြည့်စုံနိုင်ကြသောကြောင့် တစ်ဦးပေါ်တစ်ဦး ကူညီရိုင်းပင်းကြည့်ရှု၊ စောင်မ၊ နှစ်သိမ့်အားပေးမှုများ အပြန်အလှန်လိုအပ်ကြောင်း မီးမောင်းထိုးဖော်ပြထားပေသည်။*



## ၃၀။ တရားဓမ္မဟောပြောရာတွင် နှုတ်ကပတ်တော်အား ကျေညက်ပါစေ၊ အစိုင်အခဲလိုက် မပေးပါနှင့်။

ဝိညဉ်စာကျွေးသည့်နေရာတွင် ကျေညက်သောအစာများကို ကျွေးပါ။ တစ်ချိန်လုံး တိုက်တွန်းနှိုးဆော်ရုံမျှဖြင့် မပြည့်စုံပါ။ တပည့်တော်တစ်ဦးက 'ဆရာကြီး တိုက်တွန်းနှိုးဆော်' ဆိုတဲ့ အသုံးအနှုန်းဟာ မကောင်းပါဘူးဟု တစ်ခါ ပြောဖူးသည်။ အဘယ်ကြောင့်ဆိုသော် 'တိုက်လည်းတိုက်သေးသည်၊ နှိုးလည်းနှိုးသေးသည်၊ ပြီးတော့ ဆော်လည်းဆော်သေးသည်' တဲ့။

ဟုတ်ပါသည်။ တိုက်တွန်းခြင်း၊ ဆော်ဩခြင်း တို့သည် ရံဖန်ရံခါ မကျေနိုင်သောအစာကို ကျွေးမိသကဲ့သို့ဖြစ်တတ်သည်။ စားချင့်စဖွယ် ကျေညက်အောင်ပြင်ဆင်ထားသော အရသာရှိသည့် စားသောက်ဖွယ်ရာများဖြစ်ပါက ကျွေးသူလည်း အကျိုးရှိ၊

စားသူလည်းအကျိုးရှိမည်ဖြစ်သောကြောင့် နှုတ်ကပတ်တော်ကို ဝေငှဟောပြောသည့် အခါခါတိုင်း အရသာရှိရှိ ကျေကျေညက်ညက်ဖြစ်ဖို့ အထူးလိုအပ်ပါသည်။

အဘယ်ကဲ့သို့ ပြင်ဆင်ရပါမည်နည်း။

ပထမအချက်အနေဖြင့် မိမိကိုယ်၌က ကျေညက်မှုရှိရမည်။ ခံစားမှုရှိရမည်။ မိမိဖွင့်ပြမည့် နှုတ်ကပတ်တော်သည် ရှေးဦး မိမိကိုယ်မိမိ ဟောရမည်။ ဝိဉာဉ်သဘော အရ မိမိကိုယ်မိမိ ထိတွေ့ခံစား ကျိုးပဲ့မှုဖြစ်မှသာ သူတစ်ပါးအတွက် အကျိုးရှိပေမည်။

ဒုတိယအနေဖြင့် နားထောင်သူတို့ မျက်စိထဲ ကွင်းကွင်းကွက်ကွက် မြင်တွေ့လိုသော် ကျမ်းစာထဲမှ ဥပမာတော်များ သို့မဟုတ် မိမိကိုယ်ပိုင် အတွေ့အကြုံများထဲမှ သရုပ်ပေါ်လိုအောင် ဖွင့်ပြ ရှင်းပြရပေမည်။ ဥပမာ- လက်ဝါးကားတိုင်အပေါ်က ခရစ်တော်အကြောင်း ပြောဆိုလျှင် စာစောင်များမှ ဘာကြောင့် လက်ဝါးကားတိုင်ပေါ် ရောက်ရခြင်း ကျမ်းအထောက်အထားများအားဖြင့် ရှင်းပြပြီး ထိုအချက်အလက်တို့သည် ပင် ဓမ္မဟောင်းကျမ်း၌ မည်ကဲ့သို့ ဆက်စပ်ဖော်ပြထားကြောင်း ကွင်းဆက်မိမိဖော်ပြ ပေးခြင်းဖြင့် ကြားနာသူတို့အဖို့ ကျေကျေညက်ညက် သဘောပေါက်ခံယူနိုင်ကြပေမည်။ အကျိုးလည်းဖြစ်ထွန်းစေပေမည်။

ထိထိမိမိအကျိုးသက်ရောက်သော ဆက်သွယ်မှုဖြစ်စေပါ။

ရံဖန်ရံခါ သင်းအုပ်နှင့် ခေါင်းဆောင်တို့သည် ရှည်လျားထွေပြားပြီး ဝေ့လည်ကြောင်ပတ် လိုရာမရောက်နိုင်သော တရားမျိုးဟောပြောတတ်ကြသည်။ ပြီးသာပြီးသွားသည် ဟောပြောသူလည်း အကျိုးမရှိ၊ ကြားနာသူလည်း အကျိုးမရှိဖြစ်တတ်သည်။

တခါတစ်ရံမှာလည်း ကျမ်းအဘိဓာန်များမှ လေးလေးနက်နက် အချက်ကြီးများကို ရေးသားပြီး တစ်လိုင်းချင်း၊ တစ်ပိုဒ်ချင်း ဖတ်ပြတာမျိုးလည်းရှိတတ်သည်။ ကြားနာသော တရားနာပရိသတ်အဖို့ မစားနိုင်သော၊ မချေနိုင်သော အစိုင်အခဲကြီးများ ပစ်ကျွေးရာရောက်ပြန်သည်။ နှစ်ဦးနှစ်ဖက် အကျိုးရှိမည်မဟုတ်ပါ။ ထို့ ကြောင့် တစ်ပတ်မှ တစ်နာရီအချိန်ပေးကြရာတွင် အပြန်အလှန်အကျိုးရှိပြီး ထိထိမိမိ တရားနာပရိသတ်နှင့် ဆက်သွယ်မိဖို့ အထူးအချိန်ပေး ဆက်လက်ပြင်ဆင်ရန် အရေးကြီး လှပေသည်။



## ၃၁။ အစဉ်စိတ်ထက်သန်ပါ၊ သို့သော် တစ်ဖက်စွန်းမရောက်ပါစေနှင့်။

အသက်အရွယ်ရလာကြသည်နှင့်အမျှ သင်းအုပ်ကြီးများနှင့် ခေါင်းဆောင်ကြီးများအနေနှင့် မသိမသာ ခက်ထန်ပြီး မာကျောသောမျက်နှာအနေအထားများ ပေါ်ပေါက်လာတတ်ပါသည်။ ဤသို့ ပေါ်ထွက်လာရခြင်းမှာ ရက်စက်ကြမ်းတမ်းလိုမှုတို့ ကြောင့်မဟုတ်ပါ။ မိမိ၏လုပ်ငန်းများအပေါ် အလေးပေး တာဝန်ကြီးတစ်ရပ်အနေဖြင့် အချွတ်အချော်မရှိရလေအောင် သဲသဲမဲမဲလုပ်လိုသောဆန္ဒတို့ကြောင့်သာဖြစ်ပါသည်။ သို့ရာတွင် မိမိကိုယ်တွေ့မြင်သောသူတို့သည် မိမိခံစားချက်အပေါ် နားလည်မည်မဟုတ်သောကြောင့် ရည်ရှည်လုပ်ရမည့် မိမိတာဝန်အား ပျော်ပျော်ပါးပါး သွက်သွက်လက်လက်နှင့် စိတ်ချမ်းသာစွာ လုပ်ဆောင်သွားတတ်ဖို့ အထူးအရေးကြီးပေသည်။

ခေါင်းဆောင်ကြီးများအနေဖြင့် အစဉ်စိတ်ပေါ့ပါးမှုလိုပေသည်။

တိမောသေဩဝါဒစာစောင်တွင် ဣန္ဒြေစောင့်သောသူဖြစ်ရမည်ဟု ဆိုရာတွင် ဖာသိဖာသာ သီးခြားကြီးရပ်တည်နေဖို့ ပြောဆိုခြင်းမဟုတ်ပါ။ ရှင်ပေါလုကြီးကပင် (ဖိ ၄း၄) တွင် *'သခင်ဘုရား၌ အစဉ်ဝမ်းမြောက်ခြင်းရှိကြလော့၊ တဖန် ငါဆိုသည်ကား ဝမ်းမြောက်ကြလော့'* ဟု ဆိုထားသောကြောင့် ခေါင်းဆောင်ကြီးများတို့အနေဖြင့် အစဉ် ပျော်ပျော်ပါးပါး အများနှင့် ရင်းရင်းနှီးနှီးနေတတ်ဖို့ရန်လည်း အရေးကြီးပေသည်။

ချီးမွမ်းခြင်း ဓမ္မတေးများ ဆိုခြင်းသည် ကြားနာသောသူတို့အား စိတ်ရွှင်လန်းစေနိုင်သလို မိမိအဖို့လည်း စိတ်သက်သာမှုနှင့် လန်းဆန်းမှုတို့ကို ဖြစ်စေသောကြောင့် သီချင်းဆိုခြင်းဖြင့် အစဉ်ဝန်ထုပ်ဝန်ပိုးများအား ပေါ့ပါးစေပြီး နှုပျိုလန်းဆန်းမှုကို

ရယူ ကြပါစို့။

## ၃၂။ ဘုရားဝတ်၌ မွေ့လျော်ပါ၊ ကျမ်းစာတော်မြတ်အပေါ် အာရုံပြုပါ။ (ဆာလံ ၁)

သခင်ဘုရား၌ ရင်းနှီးစွာ မိတ်သဟာရဖွဲ့ခြင်းထက် သာသနာထဲ အလုပ်လုပ်ရခြင်းသည် ပို၍လွယ်ကူပေသည်။ တစ်နည်းအားဖြင့် သာသနာလုပ်ငန်းများတွင် စိတ်လိုက်မာန်ပါလုပ်နေသော်လည်း မိမိအရှင်ခရစ်တော်နှင့် အကျွမ်းတဝင်ရှိမှုမှာ ထိုမျှလောက်ဖြစ်ချင်မှဖြစ်ပေမည်။ ထို့ကြောင့် မသိမသာ သာသနာမှာ လုပ်နေရင်း စိတ်ဓာတ်ကျပြီး လက်မှိုင်ချရလောက်သော အခြေမျိုးရောက်လာတတ်သည်။

ထို့ကြောင့် နှုတ်ကပတ်တော်ကို အစဉ်အာရုံပြုနေသင့်ကြောင်း (ဆာလံ ၁း၂-၃) တွင် *'ထာဝရဘုရား၏တရားတော်၌ မွေ့လျော်၍ တရားတော်ကို နေ့ညမပြတ် ဆင်ခြင်အောက်မေ့သောသူသည် မင်္ဂလာရှိ၏။ အကြောင်းမူကား ထိုသူသည် မြစ်နားမှာ စိုက်လျက် မိမိအချိန်တန်မှ အသီးကိုသီး၍ အရွက်မညှိုးနွမ်းတတ်သောအပင်နှင့်တူ၏။ ပြုလေသမျှတို့၌ အောင်လိမ့်သတည်း'* ဟု တွေ့ရပေမည်။

ဘုန်းတော်ကြီး Laubach က မိမိတို့အနေနှင့် ခရစ်တော်နှင့် နီးကပ်စွာနေခြင်းကြောင့် ခရစ်တော်၏ နေကဲ့သို့ ထွန်းတောက်သောရောင်ခြည်သည် မိမိတို့အပေါ် သက်ရောက်ကာ ခရစ်တော်နည်းတူ တောက်ပလာဖို့ လိုအပ်ကြောင်း၊ သို့မှသာ ခရစ်တော်၏ ဘုန်းတော်ရောင်ခြည်တော်သည် မိမိတို့အားဖြင့် ထင်ရှားစေမည်ဖြစ်သည်။ ခရစ်တော်နှင့် ဝေးကွာလျှင် ရဲတိုက်ကြီးထဲမှာပဲ နေရ နေရ၊ ငွေပုံကြီးပေါ်မှာပဲ ထိုင်ရ ထိုင်ရ လုံခြုံစိတ်ချမှုရှိမည်မဟုတ်ကြောင်းနှင့် မိမိတို့ လုပ်ငန်းခွင်မှာ ဘုရားသခင်နှင့် များများ စကားပြောကြပါဟု ရေးသားဖော်ပြခဲ့လေသည်။

The Imitation of Christ စာအုပ်မှ အခုလို စာပိုဒ်လေးတစ်ပိုဒ်အား တွေ့ရှိ



ရမည်ဖြစ်သည်။ *'ခရစ်တော်၏ မိတ်ဆွေဖြစ်လိုလျှင် ကိုယ်တော်၏ ခွက်ဖလားကို အား ပါးတရ သောက်ပါ။ နှစ်သိမ့်မှုကို ခံယူလိုလျှင် ကိုယ်တော်လက်သို့ လုံးလုံးအပ်ပါ။ ဒုက္ခဆင်းရဲတို့နှင့် ကြုံကြိုက်လာသောအခါ ကျေးဇူးတင်စွာဖြင့် လက်ခံပါ။ ခရစ်တော်အားဖြင့် ထိုကဲ့သို့ တွေ့မြင်ခံယူနိုင်ပါက ပရဒိသုဘုံ၏ အရသာလို ဤလောက၌ပင် ခံစားရမည်ဖြစ်သည်'*။

သာသနာ့ခေါင်းဆောင်တိုင်း အလုပ်နှင့်ဘုရားထံမှ ခွန်အားဟန်ချက်ညီညီ ရယူလုပ်ဆောင်တတ်ဖို့လိုအပ်ပါသည်။ ထို့ကြောင့် နံနက်တိုင်း ဆိတ်ငြိမ်စွာ ဘုရားနှင့် အာရုံပြု ဝိဉာဉ်ခွန်အားရယူခြင်း အလေ့အထရှိသင့်သည်။ (ယော ၁၅း၅) တွင် *'အကြင်သူသည် ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏၊ ထိုသူသည် များစွာသော အသီးကို သီးတတ်၏'* ဟု ဖော်ပြထားသည့်အတိုင်း အလုပ် အလုပ်ကို ဦးစားပေး တစ်ဖက်စွန်း လုပ်ဆောင်နေခြင်းဖြင့် ဘုရားနှင့် ကွာဝေးနေပါက ရေရှည်မှာ ခံနိုင်ရည်ရှိမည်မဟုတ်ကြောင်း သတိမူအပ်ပေသည်။

## ၃၃။ အသင်းတော်တိုင်းသည် ပြည့်ဝသည်ဟု မသတ်မှတ်ပါနှင့်။ ကိုယ့်အပြစ်ကိုယ် ဖုံးကွယ်ထားသော အသင်းသားများ ရှိတတ်သည်။ (၁ ကော ၅း၁)

အသင်းတော်သည် လူအများပါဝင်သော ယုံကြည်သူအသိုင်းအဝိုင်းဖြစ်သည်။ ခရစ်တော်၏ အသင်းတော်ဟု ခေါ်ဆိုထားသောကြောင့် အလွန်ပြည့်စုံ သန့်ရှင်းစဉ်ကြယ်မည်ဟုလည်း ခံယူတတ်ကြသည်။ သို့သော် လူ့အသိုင်းအဝိုင်းလည်းဖြစ်သောကြောင့် လူမသိသော်လည်း အပြစ်အမျိုးမျိုးကို ကျူးလွန်သောပုဂ္ဂိုလ်များတို့လည်း ပါဝင်တတ်သည်။

**ကိုယ့်အပြစ်ကိုကိုယ် ဘယ်ကဲ့သို့ ဖုံးကွယ်ရမည်ဟူသည့်အချက်သည်**
**လူသားများ အရိုးဆုံး စူးစမ်းရှာဖွေသောအရာများဖြစ်သည်။**

## ၃၄။ ကိုယ်နှင့်မဆိုင်သောကိစ္စများတွင် ခေါင်းဝင်မခံပါနှင့်။

ဥပမာ- လူတစ်ယောက် ဆေးလိပ်ပြတ်ဖို့ သုံးကြိမ်ထက်မနည်း ဆုတောင်းပေးသော်လည်း ထိုသူသည် ဆေးလိပ်မပြတ်သောကြောင့် ဆုတောင်းပေးသော သင်းအုပ်အပေါ် အထင်သေးခဲ့သည်။ ယုံကြည်ခြင်း အားနည်းသူ၊ မပြည့်ဝသောသူရယ်ဟု ပြောဆိုပါသည်။ ထိုအခါမျိုးတွင် သင်းအုပ်ဖြစ်သူသည် ခေါင်းမထောင်ဝံ့အောင်ပင် စိတ်ဓာတ်ကျတတ်သည်။ သတိပြုရန်အချက်မှာ သင်းအုပ်သည် ဆုတောင်းပေးသူဖြစ်သည်။ ဆေးလိပ်သောက်သောသူ မဟုတ်ပါ။

ထို့ကြောင့် တစ်နေ့သောအခါ ထိုပုဂ္ဂိုလ်သည် အဆုတ်ကင်ဆာနှင့်သေဆုံးပြီး ခရစ်တော်ထံ သွားကာ ကျွန်တော်မျိုး အခုလို ကင်ဆာနှင့်သေဆုံးရခြင်းမှာ ကိုယ်တော်၏တပည့်သင်းအုပ်ဆရာသည် ဆုတောင်းခြင်း၌ အားနည်းသောကြောင့်ဟု ပြစ်တင်ဝေဖန်ပြောဆိုခဲ့သော် ခရစ်တော်က 'ဟုတ်သလား၊ ဆေးလိပ်သောက်တာက ဘယ်သူလဲ' ဟု မေးခြင်းဖြင့် ရိုးရိုးလေး ထိုသူအား အဖြေကြောင်းကို ပြန်၍ပေးမည်မှာ မလွဲပေ။

ထို့အတူပင် အိမ်ထောင်ရေးပြဿနာ၊ သားသမီးပြဿနာစသည်တို့သည် သင်းအုပ်ထံရောက်လာတတ်သည်။ ပြေလည်အောင် မဖြေရှင်းပေးနိုင်ပါက သင်းအုပ်အပေါ် အပြစ်ပုံချတတ်သည်။ အသုံးမကျ၍ ဟူ၍ပင် ထင်မြင်လာတတ်ကြသည်။

| **လူ့အသိုင်းအဝိုင်းတွင် သူတစ်ပါးအပေါ် အပြစ်ပုံချတတ်သည်။<br>မိမိကြားမညှပ်မိပါစေ နှင့်။** |
|---|

## ၃၅။ ဘက်လိုက်ခြင်း မျက်နှာသာပေးခြင်းများ မပြုလုပ်ပါနှင့်။

အခါအားလျော်စွာ အသင်းသူအသင်းသားတို့နှင့် စကားစမြည် ပြောလေ့ပြောထများပြုလုပ်သင့်သည်။ သူတို့ပြောသံ ရင်ဖွင့်သံများကို နားထောင်ပေးခြင်းဖြင့် သူတို့



အပေါ် ဂရုစိုက်ရာရောက်ပေသည်။ ရံဖန်ရံခါ နားထောင်ပေးနေသော မိမိအတွက် အရေးကြီးကိစ္စမဟုတ်သော်လည်း ပြောသူအနေနှင့် သူ့အဖို့ အလွန်အရေးကြီးသည့် အရာဖြစ်ကောင်းဖြစ်နေတတ်သည်။

တစ်ခါက အလွန်စကားများသော အဒေါ်ကြီးတစ်ဦးရှိသည်။ မည်သူမျှသူနှင့် စကားမပြောလိုကြချေ။ သူလာလျှင် ရှောင်ပြေးလိုကြသည်။ တစ်နေ့သင်းအုပ်နှင့် ဇနီး ထံရောက်လာပြီး သူမအတွက် အလွန်အရေးကြီးသော ဇာတ်လမ်းလေးတစ်ခုကို ပြောပြခွင့်တောင်းခံလာသည်။ သင်းအုပ်အနေနှင့် ခွင့်သာပြုလိုက်ရသည်၊ စိတ်မှာအခြားရောက်နေပြီး ဒါပေါ့၊ အဲဒီတော့၊ စသည်ဖြင့် စိတ်မဝင်စားသော်လည်း နားထောင်ဟန်ပြုခဲ့သည်။ တစ်ချက်မှာ သူမထံမှ 'သူမမောင်းလာတဲ့ကားဟာ နောက်ပြန်ဆုတ်ပြီး သူမရဲ့ကလေးကိုယ်ပေါ် တက်ကျိတ်မိခဲ့ကြောင်း ပြောပြသည့်အခိုက်' သင်းအုပ်ကြီးက 'အေးကောင်းလိုက်တာနော်' ဟု ခပ်ပေါ့ပေါ့အမှုမဲ့ ပြောလိုက်မိသည်တွင် ပြောပြနေသော အဒေါ်ကြီးမှာ မျက်နှာပျက်ကာ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားရှာသည်။ ထိုအချိန်တွင် သင်းအုပ်၏ဇနီးဖြစ်သူသည် သင်းအုပ်အား မျက်ရိပ်ပြကာ ကြားဖြတ်ပြီး 'ကျေးဇူးပြုပြီး တဆိတ်လောက်ပြန်ပြောပါဦး၊ ကျွန်မတို့ ရုတ်တရက်အံ့အားသင့်သွားပြီး ဘာပြောရမှန်းတောင်မသိလိုက်လို့ပါ' ဟူ၍ကြားဖြတ်ပြောလိုက်ခြင်းဖြင့် ထိုအဒေါ်ကြီး၏ သင်းအုပ်ကြီးအပေါ် တစ်မျိုးတမည် သူ့အားဂရုမစိုက်ဟု ထင်သွားစရာမှ လွတ်မြောက်ခဲ့ရသည်။ ကျေးဇူးတော်ပါပဲ။

## ၃၆။ အလျင်တဆော မစီရင်မဆုံးဖြတ်ပါနှင့်။ (၁ ကော ၄း၅)

အပြောင်းအလဲတစ်စုံတခုပေါ် အတိအကျစုံစမ်းခြင်း၊ အချိန်အခါကို လေ့လာခြင်းများ မပြုမီ မှတ်ချက်ချခြင်း၊ အဆုံးအဖြတ်ပေးခြင်းတို့ကြောင့် မလိုအပ်သော ပြဿ နာများ နောက်ဆက်တွဲထွက်လာတတ်သည်။ အသင်းတော်ထဲ ကွဲအက်မှုများ ဖြစ်လာ တတ်သည်။

ပြဿနာတစ်ချို့မှာ မိမိတို့ဉာဏ်ဖြင့် ဖြေရှင်းရန် မလွယ်ပါ။ ထို့ကြောင့် အကောင်းဆုံးနည်းလမ်းမှာ ဘုရားသခင်ထံ ဝင်ရောက်ရင်ဖွင့်ခြင်းပင် ဖြစ်သည်။ ထာဝရဘုရားထံ လုံးလုံးအပ်နှံပြီး သည်းခံစောင့်ဆိုင်းနိုင်ဖို့ လေ့ကျင့်လိုက်သောအခါ ထာဝရဘုရားကိုင်တွယ်သွားပုံ၊ စီရင်သွားပုံတို့သည် အံ့ဩလောက်အောင် တွေ့ရပေမည်။ မိမိတို့ဖက်မှ နားလည်သတိထားရမည့်အချက်မှာ ရံဖန်ရံခါ ဘုရားသခင်သည် ကိုင်တွယ်လုပ်ဆောင်ရာတွင် အချိန်ကြန့်ကြာတတ်သည်။

ဤသို့သောအခါမျိုးတွင် စောင့်ဆိုင်းသည်းခံနိုင်ဖို့ ဘယ်ကဲ့သို့လုပ်ရမည်နည်း။ ဘယ်ကဲ့သို့သော အခြေအနေမျိုးမှာရှိပါစေ။ ထိုသူ့အပေါ် မေတ္တာမပျက်ပါစေနှင့်။ မယုံသင်္ကာစိတ်မျိုး မမွေးပါနှင့်။ မိမိသိချင်သောအကြောင်းကိစ္စများ ရှိစေကာမူ အသင်းတော်တွင်းတွင် တိုးတိုးတိတ်တိတ် စုံစမ်းမှုများ မရှိအပ်ပေ။ (ထွက် ၂၈း၃၅) တွင် ရှေးအခါကပင် ယဇ်ပုရောဟိတ်တို့၏ ဝတ်လုံအောက်စွန်းတွင် ရွှေဆည်းလည်းများ တပ်ဆင်ခြင်းအားဖြင့် ဗိမာန်တော်ထဲ တိတ်တဆိတ် လုပ်ဆောင်မှုများ လုံးဝမရှိကြောင်း နားလည်နိုင်ပေသည်။

## ၃၇။ လုပ်နိုင်တာကို အကောင်းဆုံးလုပ်ပါ။ မလုပ်နိုင်တဲ့အပေါ်မှာ စိတ်ဒုက္ခမရောက်ပါနှင့်။

ခရစ်တော်သည်ပင် အချို့သောလုပ်ရပ်တို့အား တပည့်တော်များ ဆက်လုပ်ရန် ချန်ထားပေးတတ်ကြောင်း မမေ့ပါနှင့်။

သင်းအုပ်များနှင့် သာသနာ့ခေါင်းဆောင်များ ဖြစ်တတ်သည့် ပြဿနာတစ်ခုမှာ မြောက်များစွာသော လုပ်ငန်းများအား ပြီးပြည့်စုံအောင် မိမိမလုပ်နိုင်သောကြောင့် စိတ်ဒုက္ခများခံစားရတတ်သည်။ မိမိကိုယ်မိမိ အားပေးမှုကြောင့်လည်းကောင်း၊ အသင်းသူအသင်းသားတို့၏ ဖိအားပေးမှုကြောင့်လည်းကောင်း၊ စိတ်ဖိစီးမှုများ ဝင်လာတတ်သည်။ နားလည်ထားကြရမည့်အချက်မှာ မိမိတို့မှာရှိသော အစွမ်းအစတို့အား အ



ကောင်းဆုံး ဆက်ကပ်ရမည်ဖြစ်သော်လည်း စိတ်၏ဖိစီးမှုအောက် မရောက်ရန် အထူးအရေးကြီးပေသည်။ တစ်ပါတည်းမှာပဲ အလုပ်တွေများ၍ လုပ်ငန်းများ မပြီးသေးကြောင်း လှည့်လည်ဖြေရှင်းနေရန်လည်း မလိုအပ်ပေ။

ရှေးကဆက်ကပ်သွားကြသော သန့်ရှင်းသူ ပုဂ္ဂိုလ်ကြီးများအကြောင်း ရေးသားထားသည့် စာအုပ်များကို ဖတ်ရသောအခါ သူတို့၏ အောင်မြင်မှုများနှင့် မိမိကိုယ်မိမိ ချိန်ထိုးပြီး အားမလိုအားမရ ဖြစ်လာတတ်သည်။ စိတ်ပျက်စရာ မဟုတ်ပါ။ မိမိနေ့စဉ်လုပ်နေရသော အကြောင်းများအား ရေးသားထားပြီး တစ်နေ့ပြန်ဖတ်ကြည့်ပါက ဟုတ်ပါ့မလားဟူ၍ပင် အံ့ဩမိလိမ့်မည်။ စမ်းကြည့်ပါ။

## ၃၈။ ရင့်ကျက်သော သဘောသဘာဝမွေးပါ။

သင်းအုပ်တို့၊ သာသနာ့ခေါင်းဆောင်တို့သည် အာရာဇ်ပင်ကဲ့သို့ မားမားမတ်မတ် ထည်ထည်ဝါဝါရပ်တည်ရပေမည်။ အာရာဇ်ပင်တို့သည် ခိုင်မာသော မိမိတို့အခေါက်များကြောင့် မိမိပတ်ဝန်းကျင်မှ ဆူးပင်များတို့၏ ဆူးများကို ဂရုပင် မပြုကြချေ။

**ရင့်ကျက်ခြင်းသည် နှလုံးသား၏ သဘောသဘာဝအပေါ်မူတည်သည်**

ရင့်ကျက်ခြင်းသည် အတွေ့အမြင် ဗဟုသုတတို့အပေါ်ထက် နှလုံးသား၏ သဘောသဘာဝပေါ်ပို၍မူတည်ပါသည်။ ရင့်ကျက်သော နှလုံးသား၏ သဘောသဘာဝသည် သဘောကြီးခြင်း၊ ကိစ္စအသေးမွှားတို့အပေါ် ပုံကြီးချဲ့ခြင်း၊ သူတစ်ဦးကောင်းစားခြင်းအပေါ် ဝမ်းသာခြင်း၊ ခွင့်လွှတ်တတ်ခြင်း၊ မိမိကိုယ်မိမိ ထိန်းချုပ်နိုင်ခြင်းနှင့် ပြုပြင်မှုကို ခံယူခြင်းတို့ဖြစ်သည်။

သင်းအုပ်ဆရာ၊ ဓမ္မဆရာ၊ သာသနာ့ခေါင်းဆောင်ကြီးများတို့သည်ပင် ရံဖန်ရံခါ ဇာတိသဘောတို့ဖြင့် တုန့်ပြန်တတ်မိကြသည်။ သွေးအေးသွားသောအခါကျမှသာ

မိမိလုပ်ရပ် မိမိပြန်ပြီးရှက်မိတတ်သည်။ မလုပ်သင့်ကြောင်း ပြန်မြင်လာတတ်သည်။ မှန်ပါသည်။ သာသနာ့ခေါင်းဆောင်ကြီးများ ဖြစ်လင့်ကစား လူသားထဲက လူသားတွေသာဖြစ်ကြပါသည်။ တစ်ဖက်မှကြည့်မည်ဆိုပါက မိမိတို့အနေဖြင့် မိမိတို့သိုးစုတပည့် တော်များတို့၏ စံပြပုဂ္ဂိုလ်များ ဖြစ်ရပေမည်။

ထို့ကြောင့် သမ္မာကျမ်းစာထဲမှ တရားဟောချက်များသာ ပြင်နေခြင်းမဟုတ်ဘဲ နှုတ်ကပတ်တော်အားဖြင့် မိမိကိုယ်မိမိပြုပြင်ဖို့နှင့် လူရှေ့၊ ဘုရားရှေ့တွင် အစဉ် ဖြောင့်မတ်စွာ ရပ်တည်နိုင်ဖို့ ဂရုစိုက်ကြရမည်ဖြစ်သည်။

Shakespeare က 'မိမိကိုယ်မိမိဖြောင့်မတ်အောင် နေပေါ' တဲ့။ ဤနည်းသည် ရင့်ကျက်မှုကို အစပျိုးသော လမ်းကြောင်းပေါ် လျှောက်လှမ်းခြင်းပင် ဖြစ်သည်။

## ၃၉။ သွေးဆောင်ခြင်းများခံစားရလျှင် စိတ်ချရသော ဝါရင့်ပုဂ္ဂိုလ်ကြီးများထံမှ အကြံဉာဏ်တောင်းခံပါ။

မိမိတို့ကိုယ်မိမိတို့ အထင်မကြီးပါနှင့်။ မိမိတို့သည် လူသားထဲက လူသားများဖြစ်သောကြောင့် စုံစမ်းခြင်း၊ သွေးဆောင်ခြင်းများ ခံရမည်မှာမလွဲပေ။ အခြားသောသူတို့ထက်ပင် စုံစမ်းသွေးဆောင်ခြင်းများ ခံရပေမည်။ အဘယ်ကြောင့်ဆိုသော် စာတန်အနေနှင့် သိုးထိန်းကို ရိုက်ချိုးနိုင်လျှင် သိုးတို့ကို လွယ်လင့်တကူ ကွဲပြားစေနိုင်မည်ဖြစ်သည်။

အဟောအပြောကောင်းသောသူဖြစ်လျှင် အမျိုးသမီးများ စိတ်ဝင်စားခြင်းခံရလိမ့်မည်။ သတိမထားပါက စိတ်ချင်း စကားပြောလာခြင်း၊ မျက်စိချင်း စကားပြောလာခြင်းနှင့် နောက်ပိုင်းနှုတ်ဖြင့် ပွင့်လင်းစွာပြောလာကြတော့မည်ဖြစ်သည်။ ထိုမှတဆင့် ထိတွေ့မှုတို့အားဖြင့် ကျူးလွန်လာပေတော့မည်။ ဟောပြောရင်းနှင့်ပင် ကျမ်းစကား များကို အလွဲသုံးကာ ချိတ်စောင်းပြီး ထည့်သွင်းဟောလာတော့မည်



ဖြစ်တတ်သည်။ သတိမထားပါက သိပ်နောက်ကျသွားတော့မည်ဖြစ်သည်။

ထိုသို့သော အခြေမျိုးရောက်နေပါက ဘုရားကို ကြောက်ချစ်ရိုသေသော ဝါရင့်ပုဂ္ဂိုလ်ကြီးများထံရင်ဖွင့် အကြံဉာဏ်တောင်းခံဖို့ အလွန်အရေးကြီးသည်။ ရောဂါမရင့်မီ အမြန်ကုသနိုင်ရေးသည် အလွန့်အလွန်အရေးကြီးသည်။ စစ်မှန်သော နောင်တဖြင့် ဝန်ချတောင်းပန် အကြံဉာဏ်တောင်းခံခြင်းဖြင့် မိမိဝန်ထုပ်ဝန်ပိုးများ ပေါ့ပါးစေရုံမျှမက မိမိအားကိုးသော ပုဂ္ဂိုလ်ကြီးများအနေနှင့်လည်း မိမိအား ကူညီပံ့ပိုးစောင့်ရှောက်ပေးသွားကြမည်ဖြစ်သည်။

မိမိတို့ နှလုံးသားထဲတွင် အစဉ်စွဲမြဲမှတ်အပ်သည့် အချက်သုံးချက်မှာ -

၁။ ထာဝရဘုရားကို ကြောက်ရွံ့ပါ။

၂။ နှုတ်ကပတ်တော်ကို အစဉ်နှလုံးသားထဲသို့ ထားပါ။

၃။ မိမိအနေနှင့် မိမိဇနီးသည်၊ မိသားစု၊ ညီအစ်ကိုမောင်နှမများအပေါ် တာဝန်ရှိကြောင်း အသိတရားရှိခြင်းတို့ဖြစ်သည်။

စုံစမ်းသွေးဆောင်ခြင်းသည် ဖိုမ ကိစ္စတစ်ခုတည်းသာမဟုတ်ပါ။ လိမ်လည်ခြင်း၊ ငွေအလွဲသုံးစားခြင်းနှင့် ဝိညာဉ်ရေးနှင့် ပတ်သက်ပြီး မိမိကိုယ်မိမိအထင်ကြီးခြင်း အစရှိသည်တို့ကလည်း ပါဝင်ကြပါသည်။ ထို့ကြောင့် (ယာ ၅း၁၆) 'အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် ကိုယ့်အပြစ်ကို ထောက်ပြတောင်းပန်ကြလော့၊ ချမ်းသာရာရမည့်အကြောင်း အချင်းချင်းတို့အဖို့ ဆုတောင်းကြလော့'။ ခေါင်းဆောင်များ အလွန်လိုက်လျှောက်အပ်သော ကျမ်းပိုဒ်တစ်ပိုဒ်ပင်။

## ၄၀။ ဘုရားသခင်၏ ခေါ်ယူအသုံးပြုခြင်းခံရသော အခွင့်ထူးပေါ် တန်ဖိုးထားပါ။ (၂ တိမော ၁း၈-၉)

*'ဘုရားသခင်သည် ငါတို့ကျင့်ကြံသော အကျင့်ကို ထောက်တော်မမူ၊ ရှေးကပ်*

*ကာလာတစ်လျှောက်မီ ယေရှုခရစ်အားဖြင့် ငါတို့အဖို့ ကိုယ်တော်တိုင် ကြံစည်တော်မူသော ကျေးဇူးတော်နှင့်အညီ ငါတို့ကို ကယ်တင်၍ သန့်ရှင်းသောအရပ်၌ ခေါ်သွင်းတော်မူ၏'*

ယခုဖော်ပြထားရာတွင် မိမိအနေနှင့် အလွန်မွန်မြတ်သော အခွင့်ထူးကြီး ခံစားရကြောင်းတွေ့မြင်ရပေမည်။ ရှင်ပေါလုကြီးအနေနှင့် ဆက်ပြီး (အခန်းငယ် ၁၀၊ ၁၁) တွင် *'ထိုတရားကို ဟောပြောသောသူအရာ၌လည်းကောင်း၊ တမန်တော်အရာ၌လည်းကောင်း၊ ဆရာအရာ၌လည်းကောင်း၊ ငါ့ကို ခန့်ထားတော်မူပြီ'* ဟု ဖော်ပြထားသောကြောင့် မိမိတို့အား ဘုရားသခင် ခေါ်ယူအသုံးပြုခြင်းခံရသော အခွင့်အရေးသည် အလွန်မွန်မြတ်လှကြောင်း တန်ဖိုးသိအပ်ပေသည်။

**လူအများအနေနှင့် ဦးတည်ချက်ရှိပြီး စိတ်ချရသူနောက်သာ လိုက်မည်ဖြစ်သည်**

## ၄၁။ မိမိ၏ စပျစ်ဥယျာဉ်ကို အမှုမဲ့ပစ်မထားပါနှင့်။

ဖိနပ်ပြင်သူသည် အခြားသူတို့၏ ဖိနပ်များပြင်ပေးသော်လည်း မိမိဖိနပ်ပြင်ရန်မေ့နေတတ်သည်။ အမှုမဲ့ထားတတ်သည်။ ထို့အတူ မော်တော်ကားပြင်ဆရာ စီးသောကားသည် မိမိပြင်ပေးလိုက်သော ကားများထက် စုတ်ပြတ်နေတတ်သည်။ (သုတ္တံ ၂၄း၃၀-၃၄) *'ပျင်းရိသော သူ၏ လယ်ယာအနားနှင့် ဉာဏ်မရှိသောသူ၏ စပျစ်ဥယျာဉ်အနားမှာ ငါလျှောက်သွားစဉ် ဆူးပင်များပြား၍ မြေပြင်တစ်ခုလုံး၌ ဆူးလေပင် အန့်အပြား လွှမ်းမိုးလျက် ကျောက်ရိုးပြိုလျက်ရှိသည်ကို ငါမြင်၍ စေ့စေ့ဆင်ခြင်၏'* ဟူ၍ အမှုမဲ့ပစ်ထားသော ခြံအကြောင်း ဖော်ပြထားသည်ကို တွေ့ရပေမည်။

အပေါ်ယံပြင်ဆင်ထားသော တရားဟောချက်ထက် ဘုရားသခင်၏ မြှုပ်နှံထား သော နှလုံးသားထဲမှ ထွက်ပေါ်လာသည့် တရားဟောချက်က ပို၍



တန်ခိုးပါရှိမှာ ဖြစ်သည်။ ထို့ကြောင့် ခရစ်တော်က (မဿဲ ၁၃း၅၂)တွင် *'ကိုယ်တော်ကလည်း သို့ဖြစ် ၍ ကောင်းကင်နိုင်ငံတော်၏ အကြောင်းအရာကို သင်ပြီးသောကျမ်းဆရာမည်သည် ကား မိမိဘဏ္ဍာထဲက အထူးထူးအပြားပြားသော အသစ်အဟောင်းတို့ကို ထုတ်ဖော် သော အိမ်ရှင်နှင့်တူ၏'* ဟူ၍ပင် မြွက်ဆိုခဲ့သည်။

မိမိတို့အနေနှင့်လည်း နေ့စဉ် ဆုတောင်းခြင်းအားဖြင့် ရရှိခံစားရသော အတွေ့အကြုံများအကြောင်း ရေးမှတ်ထားခြင်းဖြင့် ထိုတန်ဖိုးဖြတ်မရနိုင်သော ဝိညာဉ်ဘဏ္ဍာများကို စုဆောင်းသိမ်းဆည်းထားအပ်ပေသည်။

ဆရာတစ်ပါးသည် မြို့တစ်မြို့၏ အသင်းတော်တစ်ပါးတွင် လုပ်ဆောင်ရင်း အပတ်စဉ်ဟောပြောရသောကြောင့် မိမိ၌ ဆက်လက်ဟောပြောရန် တရားဟောချက်များမရှိတော့သဖြင့် ထိုမြို့မှ ပြောင်းရွှေ့ရန် စဉ်းစားလာရတော့သည်။ ခရစ်တော်၌ အစဉ်တည်နေမည်ဆိုလျှင်၊ ဆက်သွယ်မှုရှိနေမည်ဆိုလျှင် မည်သည့်အခါမျှ ခမ်းခြောက်သွားမည်မဟုတ်ပါ။ ခရစ်တော်အားဖြင့် မိမိတိုအထဲမှ သက်စမ်းရေသည် အစဉ် စီးဆင်းပေါ်ထွက်လာမည်သာဖြစ်သည်။

ထို့ကြောင့် သာသနာအစည်းအဝေးများ၊ ဓမ္မဝန်ဆောင်များတို့ အစည်းအဝေးများတွင် စည်းရုံးရေး၊ ဖွဲ့စည်းပုံ၊ ရံပုံငွေ အစရှိသည်တို့အပေါ် အရေးပေးဆွေးနွေးသည်ထက် ခရစ်တော်အားဖြင့် ရရှိခံစားကြရသော တန်ဖိုးဖြတ်မရနိုင်သည့် အတွေ့အကြုံများအပေါ် အချင်းချင်းဝေငှ အားပေးအားယူ ပြုခြင်းဖြင့် အသက်စမ်းရေများ တဖွားဖွားစီးဆင်းစေမှုသည် ယခုအခါမျိုးတွင် ပို၍ အရေးပေး အချိန်ပေးရတော့မည် ဖြစ်သည်။

**အသိပေးရုံ တိုက်တွန်းရုံဖြင့် မလုံလောက်ပါ၊ မိမိတို့၏ သက်တာအားဖြင့် မိမိ မိသားစုကို ဝိညာဉ်စာဝလင်စွာ ကျွေးရမည်**

## ၄၂။ အသင်းတော်ငယ်သောကြောင့် စိတ်ဓာတ်မကျပါနှင့်။ ဘုရားသခင်သည် အကြီးရော အသေးပါ ချစ်တော်မူ၏။

အစည်းအဝေးများ၊ နှီးနှောဖလှယ်ပွဲများ၊ ဓမ္မညီလာခံများမှ တိုးတက်လျက်ရှိသော အသင်းတော်ကြီးများအကြောင်းကြားရ၍သော်လည်းကောင်း၊ ခေတ်မီတိုးတက်နေသော အသင်းတော်များအကြောင်း ရိုက်ကူးထားသော Video ခွေများ မြင်တွေ့ရခြင်းအားဖြင့်သော်လည်းကောင်း၊ မိမိအသင်းတော်နှင့် ယှဉ်ကြည့်ပြီး စိတ်အားမငယ်ပါနှင့်။ မိမိကြည့်ရှုနေရသော အသင်းတော်သည် ငယ်သော်လည်း ကျေးဇူးတော်များ မည်မျှကြီးစွာခံစားနေရပြီး ဝိညဉ်ရေးမှာ မည်မျှကြီးမားတောင့်တင်းနေကြောင်း ပြန်လည်လေ့လာကြည့်ပါ။ (မဿဲ ၁၈း၂၀) တွင် *'အကြင်အရပ်၌ လူနှစ်ဦးသုံးဦးတို့သည် ငါ၏ နာမကို လျှောက်၍စည်းဝေးပြ၏၊ ထိုအရပ်၌ သူတို့အလယ်မှာ ငါရှိသည်'* ဟု ခရစ်တော် မိန့်ဆိုခဲ့ရာတွင် များပြားမှုအပေါ် ကြီးမားမှုအပေါ် အခြေမခံကြောင်း တွေ့မြင်ရပေမည်။ ဤနေရာတွင် တစ်ဖက်စွန်းမရောက်သွားမိဖို့နှင့် မိမိအသင်းတော်သည် တစ်ချိန်လုံး ဤအတိုင်းပဲမဟုတ်ဘဲ ဤအခြေမျိုးမှ တဖြည်းဖြည်းကြီးပွားတိုးတက်လာရေး ရူပါရုံ အစဉ်ရှိဖို့လည်း အရေးကြီးသည်။

## ၄၃။ ရည်ရွယ်ချက်ပေါ် ဦးတည်ပါ။ ပြဿနာပေါ် ဦးမတည်ပါနှင့်။

ပြဿနာများအပေါ် ဦးစားပေးနေရသောကြောင့် ဘုရား၏အလိုတော်၊ ရည်ရွယ်ချက်တို့နှင့် မျက်ခြေပြတ်သွားနိုင်သည်။ ထို့အတူ အရေးပေါ်ကိစ္စကို ဦးစားပေးလိုက်ရသောကြောင့် အရေးကြီးသောကိစ္စ လွတ်သွားတတ်သည်။ ပြဿနာများကြောင့် အားအင်ကုန်ခမ်း နွမ်းနယ်လာတတ်သည်။ ပြဿနာဟူသည် ဖြေရှင်းရမည်ဖြစ်သည်။ သို့သော် မိမိ၏ ဦးတည်ချက်၊ ရည်ရွယ်ချက်တို့ မပျောက်ပျက်သွားဖို့ အရေးကြီးသည်။

| တာဝန်ကို ခွဲဝေတတ်ပါ |
| --- |



မောရှေကြီး ပြဿနာများကြောင့် မောခဲ့ရသည်။ သို့သော် မိဒျန်လူမျိုးယောက္ခမဖြစ်သူ ယေသရော၏ အကြံပေးမှုအားဖြင့် လက်ထောက်များခန့်ကာ တာဝန်ခွဲဝေပေးခဲ့သည်။ ထိုသို့ အကြံကောင်းမျိုး မောရှေကြီးမရခဲ့ပါက ပြဿနာများဖြင့်သာ လုံးထွေးနေရမှုကြောင့် ဣသရေလလူမျိုးများအား ခါနာန်ပြည်သို့ ဦးဆောင်ခေါ်သွားနိုင်လိမ့်မည်မဟုတ်ပေ။

ဦးတည်ချက်အပေါ် လိုက်လျှောက်ရာတွင်လည်း ပြဿနာများကို လျစ်လျူရှုပြီး ပစ်ထားရန်မဟုတ်ပါ။ အော်နေသော သိုးတို့ကို ဂရုမစိုက်ဘဲ ဘုရား၏အလိုတော်အတိုင်း ရည်ရွယ်ချက်ပန်းတိုင်ကို ရောက်အောင်ရူပါရုံရှိသူတို့နှင့်သာ ချီတက်မည် ဆိုပါက မိမိအတွက် အန္တရာယ်ဖြစ်လာနိုင်သည်။ အစဉ်ဟန်ချက်ညီဖို့အရေး သတိပြုပါ။

## ၄၄။ ရူပါရုံသည် တွန်းအားဖြစ်သည်။ သို့သော် စနစ်ကျသော နည်းဗျူဟာရှိဖို့ လိုသည်။

ရူပါရုံ၊ ရူပါရုံဟူ၍ ပြောနေရုံဖြင့်မပြီးပါ။ အများနားလည်ဖို့၊ လက်ခံဖို့၊ သဘောပေါက်ဖို့ လိုပေသည်။ (ဟဗက္ကုတ် ၂း၂) 'ထာဝရဘုရားကလည်း ဖတ်သောသူသည် ပြေးလျက်ဖတ်နိုင်အောင်၊ ဗျာဒိတ်ရူပါရုံကို သင်ပုန်းပေါ်မှာ အက္ခရာတင်၍ ရေးမှတ်လော့' ဟုဖော်ပြချက်အရ အများသိရှိနားလည် သဘောပေါက်အောင် ရေးသင့်ကရေး၊ ပြောသင့်ကပြောပြရမှာဖြစ်သည်။

အောင်မြင်သောအသင်းတော်များ၏ သမိုင်းကို လေ့လာကြည့်လျှင် ခေါင်းဆောင်များနှင့် နောက်လိုက်တို့သည် မိမိတို့ ရရှိထားသော ရူပါရုံအပေါ် တင်းပြည့်ကျပ်ပြည့်နားလည် သဘောပေါက်ကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ယနေ့ မိမိအသင်းတော်၏ ရူပါရုံသည် အဘယ်နည်း။ မိမိနှင့် မိမိအသင်းသူ၊ အသင်းသားများရော သဘောပေါက်ကြပါ၏လော။ အများသဘောပေါက်နားလည်ကြလျှင် မိမိအသင်းတော်သည် မှန်ကန်သော ဦးတည်ချက်ဖြင့် ရှေ့သို့လျှောက်လှမ်းနေကြောင်း တွေ့မြင်ရမည်။

ရှုပါရုံသည် ကျဉ်းကျဉ်းနှင့် စူးစိုက်ဖို့လိုသည်။ ပြန့်ကြဲနေသော ရှုပါရုံသည် ထိရောက်မှု နည်းပါးပေမည်။ နေရောင်ခြည်မှ အလင်းရောင်ကို မှန်ဘီလူးဖြင့် စုစည်းလိုက်ခြင်းဖြင့် မီးထတောက်သကဲ့သို့ တစ်ခုတည်းသော အာရုံအပေါ် စူးစိုက်လုပ်ကိုင်ခြင်းဖြင့် အသင်းတော်တွင်း ဝိညာဉ်မီးတောက်လောင်လာမည်ဖြစ်သည်။

ထို့ကြောင့် ရရှိသော ရှုပါရုံအပေါ် စနစ်တကျ နည်းဗျူဟာများ ရေးဆွဲအကောင်အထည်ဖော်သွားမည်ဆိုလျှင် အောင်မြင်မှု မုချမလွဲရမည်သာဖြစ်သည်။ သို့တည်းမဟုတ် ရှုပါရုံ၊ ရှုပါရုံဟုသာ ပြောနေပြီး စနစ်တကျအကောင်အထည်မဖော်နိုင်လျှင် အများစိတ်ဓာတ်ကျမည်သာဖြစ်လိမ့်မည်။

## ၄၅။ စနစ်တကျပြင်ဆင်ပါ။ တွေ့ရာကောက်မလုပ်သွားပါနှင့်။

(သုတ္တံ ၂၁း၅) '*လုံ့လ ဝီရိယပြုသောသူ၏ အကြံအစည်သည် ကြွယ်ဝခြင်းနှင့်လည်းကောင်း၊ သမ္မာသတိ မရှိသောသူ၏ အကြံအစည်သည် ဆင်းရဲခြင်းနှင့်လည်းကောင်း ဆိုင်ပေ၏*'

အောင်မြင်သောလုပ်ငန်းကြီးများ လေ့လာကြည့်လျှင် စနစ်တကျကြိုတင်ပြင်ဆင်ထားမှုတို့ကြောင့်ဖြစ်ကြောင်း တွေ့မြင်ရပေသည်။ နာမည်ကျော်ဆရာကြီး Billy Graham ၏ သာသနာ့ဟောပြောပွဲကြီးများ လုပ်တိုင်းလုပ်တိုင်း နှစ်နှင့်ချီပြီး ကြိုတင်ပြင်ဆင်မှုများ လုပ်လေ့ရှိသည်။ စည်းရုံးရေးသဘောမျိုးမဟုတ်ပါ။ တရားပွဲတွင် တရားနာပရိတ်သတ်တို့အတွက် အကျိုးရှိရေး ရှေးရှုပြင်ဆင်မှုများသာ ဖြစ်သည်။

အသင်းတော်တိုင်းသည် ရေရှည်ခရီးသွားကြရမည်ဖြစ်သောကြောင့် စနစ်တကျ ပြင်ဆင်မှုရှိခြင်းဖြင့် လုံခြုံခြင်း၊ ရေရှည်ကြံ့ကြံ့ခံနိုင်ခြင်း အကျိုးများ ခံစားရပေမည်။



## ၄၆။ တိုးတက်ရေးအတွက် လေ့လာဆည်းပူးမှုများအပေါ် ရင်းနှီးမြှုပ်နှံပါ။

(၁ တိမော ၄း၁၅-၁၆) '*သင်၏တိုးပွားခြင်းကို လူအပေါင်းတို့အား ထင်ရှားစေ ခြင်းငှာ ဤအရာများကို စိတ်စွဲလန်း၍ ကြိုးစားအားထုတ်လော့၊ ကိုယ်ကို လည်းကောင်း ကိုယ်ဆုံးမဩဝါဒကိုလည်းကောင်း သတိပြု၍ အမြဲတည်နေ လော့၊ ထိုသို့ပြုလျှင် ကိုယ်ကိုလည်းကောင်း၊ နားထောင်သောသူတို့ကို လည်းကောင်း ကယ်တင်လိမ့်မည်*'

သာသနာလောကထဲရောက်လာပြီး အရှိအရှိအတိုင်း အစဉ်ရောင့်ရဲကျေနပ်နေခြင်းသည် ဝမ်းနည်းစရာတစ်ရပ်ပင်ဖြစ်သည်။ ကျမ်းသဘောနားလည်ပြီး ဟောတတ်ပြီး ဝါရင့်ပြီး ဟူ၍ မကျေနပ်သင့်ပါ။ မိမိတို့ ဘဝတစ်သက်တာတွင် လေ့လာဆည်းပူးရန် အများကြီးကျန်ပါသေးသည်။ သမ္မာကျမ်းအတွင်းမှ ဘုရင်အချို့ကို သတိမူအပ်ပေသည်။ ထိုအချို့ဘုရင်တို့သည် ငယ်စဉ်ကာလက လုံ့လဝီရိယ ရှိသူများ ဖြစ်ကြပေသည်။ ကြီးပြင်းလာသောအခါ အဆီယစ်ပြီး ရှိခဲ့သော လုံ့လဝီရိယတို့အား ဘေးဖယ်ကာ ပေါ့ပေါ့တန်တန် အသက်ရှင်လာသောကြောင့် ရန်သူများအတွက် ပျော့ကွက်ဖြစ်လာရသည်။ တိုင်းနိုင်ငံများ ပြိုပျက်ခဲ့ကြရသည်။

အသက်အရွယ်ရလာသောကြောင့် အရာရာကို လျော့ချလိုက်မည့်အစား ပို၍ထက်မြက်အောင်၊ ပို၍ထိရောက်အောင်၊ ပို၍စွမ်းဆောင်နိုင်အောင် ကြံ့ကြံ့ခံနိုင်ရေးတို့အတွက် ပြုလုပ်သွားကြရမည်ဖြစ်သည်။ သခင်ဘုရား၌ တက်ကြွနေသော သက်ကြီးရွယ်အိုတို့ကို မြင်တွေ့လိုက်ရသောအခါ အလွန်အတုယူဖွယ်၊ အားတက်သဖွယ် ခံစားရပေမည်။ ကြည်ညိုစရာလည်း အလွန်ကောင်းပေသည်။

ရှင်ပေတရု၏ စာစောင်များကို အချိန်ပေးလေ့လာကြည့်ပါ။ အသက်အရွယ်ရလာချိန်သည် သက်ပျိုချိန်များထက် ပို၍ထက်မြက်ကြောင်း၊ စိတ်အားထက်သန်

ကြောင်း တွေ့မြင်ရပေမည်။ ရှင်ယောဟန်ကြီးသည်လည်း သက်တော်တစ်ရာနီးလေ ဝိညာဉ်တန်ခိုး ပိုကြီးလေဟူ၍ ကျမ်းသမိုင်းများတွင် တွေ့မြင်ရပေမည်။ (ထို့ကြောင့် ဇရာအိုလောက တွင် အသက် ၇၀ သည် မူကြိုမျှသာရှိသေးကြောင်း သဘောပေါက်ပါ)။

**ဆက်သွယ်ကြိုးလေး အစဉ်ရှင်သန်နေပါစေ**

နက်နဲသောသမ္မာကျမ်းကို များများဖော်ထုတ်ပေးပါ။ လူအများနှင့် များများဆက်သွယ်ပါ။ မိမိမှာရှိသော တန်ဖိုးဖြတ်၍ မရနိုင်သည့် ဝိညာဉ်ရေးရာ ရတနာတို့ကို လက်ဆင့်ကမ်းပါ။ တောင်ဆင်းနေသောသူတို့နှင့်အတူ လိုက်ဆင်းနေမည့်အစား မျိုးဆက်သစ်တို့နှင့်အတူ လက်တွဲပါ။ မိမိ၏ သားသမီး၊ မိသားစု၊ အသင်းတော်နှင့် နိုင်ငံတော်၏ ရှေ့ရေးအတွက် အစဉ်အထောက်အကူပြုခြင်းဖြင့် မိမိ၏ဆက်သွယ်ကြိုးလေး အစဉ်ရှင်သန်နေပါစေ။

## ၄၇။ ဆက်ဟပ်ပြီး အစဉ်လန်းဆန်းနေပါစေ။

ယနေ့မျက်မှောက် ကမ္ဘာ့ဖြစ်ပျက်မှုများနှင့် သမ္မာကျမ်းစာအတွင်းမှ ဆက်ဟပ်မှုများ ဖော်ထုတ်ဟောပြောခြင်းဖြင့် တရားနာသူတို့အဖို့ လွယ်လင့်တကူ နားလည်သဘောပေါက်ရုံမက သမ္မာကျမ်းစာသည် ခေတ်ရှေ့ပြေးနေကြောင်း တွေ့မြင်လာကြပြီး လန်းဆန်းသော ဒေသနာအပေါ် စိတ်ဝင်စားကြပေလိမ့်မည်။ ယုံကြည်သူမဟုတ်သော သူတို့နှင့် မိတ်ဆုံစကားပြောခြင်းဖြင့်လည်း အသင်းတော်ပြင်ပမှ ဗဟုသုတများ၊ အသုံးအနှုန်းများ၊ မိမိအဖို့ရရှိစေနိုင်သည်။ အချို့ဆရာကြီးများတို့သည် ပြင်ပလောက လူတို့နှင့် မပေါင်းလိုဘဲ ဖာသိဖာသာ နေလိုကြသည်။ ခရစ်တော်သည်ပင် အပြစ်သားများနှင့် ဝင်ထွက်သွားလာကြောင်း မမေ့ပါနှင့်။ သို့မှသာ မိမိ၏ခံယူချက်၊ နားလည်ချက်တို့သည် ပတ်ဝန်းကျင်နှင့် အံဝင်ခွင်ကျမှု ရှိမရှိ သဘောပေါက်တွေ့မြင်လာပေမည်။



## ၄၈။ ပြင်ပလောကနှင့် ဆက်သွယ်မှုရှိပါ။

မိမိကိုယ်မိမိ ဘာသာရေးကိုင်းရှိုင်းသူဟု မှတ်ယူကာ တစ်ကျွန်းတစ်နိုင်ငံသားကဲ့သို့ သီးခြားမနေမိဖို့ အထူးသတိပြုရပေမည်။ ထိုသို့ သတိမမူမိပါက မိမိသာလျှင် သဘောထားကျဉ်းသူအသွင်သို့ ရောက်သွားနိုင်သည်။ လူလူချင်း နီးကပ်မှုရှိမှသာ ရင်းရင်းနှီးနှီး စကားပြောဆိုခွင့်ရရှိမှာဖြစ်သည်။

ခရစ်တော်၏ အပြစ်သားများနှင့် ပူးပူးကပ်ကပ် နေထိုင်သွားလာမှုအပေါ် ပြစ်တင်ဝေဖန်သော ရန်သူများမှာ ဖာသိဖာသာသီးခြားနေလိုကြသော ဖာရိရှဲနှင့် ကျမ်းတတ်ပင် ဖြစ်ကြသည်။ အချို့အချို့သော သင်းအုပ်၊ အသင်းတော်လူကြီးတို့အနေနှင့် အသင်းတော်တွင်းလုပ်ရပ်များအပေါ် အချိန်ကုန်ခမ်းနေကြသောကြောင့် ပြင်ပလောကနှင့် အဆက်ပြတ်မှန်းမသိ ပြတ်နေမိတတ်သည်။ အမှန်အားဖြင့် ထိုအရေးသည် အသင်းတော်၏ အရေးအကြီးဆုံး အရေးဖြစ်သည်။ ခရစ်တော်အကြောင်း ပြင်ပကမသိလျှင် အသင်းတော်များ တည်ရှိရခြင်းသည် ဝမ်းနည်းစရာပင်မဟုတ်လား။

## ၄၉။ ဥပမာများ၊ ပုံဆောင်ချက်များနှင့် ပုံဝတ္ထုများ စုဆောင်းထားပါ။

ဥပမာများနှင့် ပုံတိုပတ်တိုများ ထည့်သွင်းဟောပြောခြင်းဖြင့် တရားဟောချက်အား သက်ဝင်လာစေနိုင်ပါသည်။ တရားနာပရိတ်သတ်အား ဖျော်ဖြေရန် မဟုတ်ပါ။ စိတ်ဝင်စားပြီး မှတ်မိရန်လွယ်စေဖို့ဖြစ်သည်။ တရုတ်များ၏ စကားပုံတစ်ခုမှာ ‘ရုပ်ပုံကားတစ်ချပ်သည် စကားလုံးရေပေါင်း တစ်ထောင်ထက် တန်ဖိုးရှိသည်’ ဟု ဆိုပါသည်။

ခရစ်တော်သည်ပင် ဟောပြောရာ၌ ဥပမာများ၊ ပုံဆောင်မှုများ၊ ပုံများ ထည့်သွင်းသုံးလေ့ရှိသည်။ ခရစ်တော်အနေနှင့် တရားနာပရိတ်သတ်ကြီး ချက်ချင်းတွေ့မြင် သဘောပေါက် နားလည်လွယ်ရန် လယ်သမားတို့အား လယ်နှင့်ပတ်သက်၍လည်းကောင်း၊ တံငါသည်တို့အား ငါးနှင့်ပတ်သက်၍လည်းကောင်း ဖွင့်ပြဟောပြော

ခဲ့ပေသည်။ ထို့ကြောင့် ထိုသို့သော ပါရမီမျိုး မိမိ၌လည်း ရှိစေရန် ဆုတောင်းပြီး မိမိ၏ ကိုယ်ပိုင်အတွေ့အကြုံများထဲမှလည်း ဆီလျော်သလို ထည့်သွင်းအသုံးပြုခြင်းဖြင့် တမူ ထူးသော ဟောပြောချက်များဖြင့် မိမိသိုးစုအား ဝိညာဉ်စာကျွေးမွေးဖို့လည်း အရေးကြီး ကြောင်းမမေ့ပါနှင့်။

## ၅၀။ မပျင်းရိပါနှင့်။

သာသနာ့ရှုထောင့်မှကြည့်လျှင် အစွမ်းအစမထုတ်လိုခြင်းနှင့် ပျင်းရိခြင်းသည် ထပ်တူထပ်မျှဖြစ်သည်။ မိမိတို့သည် ဘုရားရှင်တော်မြတ်၏ မျက်စိတော်အောက်တွင် အလုပ်လုပ်နေကြကြောင်း သဘောပေါက်ရန်အရေးကြီးသည်။

အချို့ဓမ္မဝန်ဆောင်တို့သည် သာသနာ့ဘောင်တွင် အောင်မြင်မှုများမရရှိကြချေ။ အဘယ်ကြောင့်ဆိုသော် သာသနာဘောင်ထဲမရောက်မီ ပြင်ပလောကတွင် ဟိုယောင်ယောင်ဒီယောင်ယောင်နှင့်ပင် ရေသာခိုသက်သာသောအလုပ်မျိုးအပေါ်တွင် မှီခိုခဲ့သူများဖြစ်ကြသည်။ ပြင်ပလောကတွင် မစားသာသောအခါ သက်သက်သာသာနှင့် လုပ်ကိုင်၍စားရသည်ဟုအထင်နှင့် သာသနာ့ဘောင်ထဲ တိုးဝင်လာရခြင်းဖြစ်သည်။ ထို့ကြောင့် (၂ သက်သာ ၃း၁၀) တွင် 'အလုပ်မလုပ်ချင်သောသူမည်သည်ကား အစားကို လည်းမစားစေနှင့်' ဟု ရှင်ပေါလုကြီး၏ အမိန့်သံကို လိုက်နာကြပါစို့။

**ဘုရားသခင်၏ နိုင်ငံတော်အတွက် အကောင်းဆုံးအရည်အသွေးတို့ဖြင့် စနစ်တကျ ဆက်ကပ်သင့်သည်**

## ၅၁။ မိမိသိုးများကို ထိန်းကျောင်းပါ။ (ယောရမိ ၁၀း၂၁) (မိက္ခာ ၅း၄)

*'ထို့ကြောင့် သင်တို့သည် ကိုယ့်ကိုကိုယ် သတိနှင့် ကြည့်ရှုကြလော့။ ဘုရားသခင်သည် မိမိအသွေးနှင့် ဝယ်တော်မူသော အသင်းတော်ကို လုပ်ကျွေးစေ*



*ခြင်းငှာ သန့်ရှင်းသော ဝိညာဉ်တော်သည် သင်တို့ကို အအုပ်အချုပ် ခန့်ထားတော်မူသော သိုးစုတစ်စုလုံးကိုလည်း သတိနှင့် ကြည့်ရှုကြလော့'*
(တမန် ၂၀း၂၈)

*'ကြသရေလအမျိုးကို စောင့်ထိန်းသောသူသည် ငိုက်မျဉ်းအိပ်ပျော်ခြင်း ရှိတော်မမူ'* (ဆာလံ ၁၂၁း၄)

*'ငါ့ထံမှ ကျက်စားသောသိုးတို့ကို ဖျက်ဆီး၍ မကြည့်မရှု၊ မပြုစု အရပ်ရပ်သို့ ကွဲပြားစေ၍ နှင်ထုတ်သောကြောင့် သင်တို့ပြုသော ဒုစရိုက်အပြစ်ကို သင်တို့အပေါ်မှာ ငါသက်ရောက်စေမည်'* (ယေရမိ ၂၃း၁-၄)

သာသနာလုပ်ငန်းအတွင်း၌ပင် လူကိုဦးစားပေးရမည့်အစား စီမံကိန်းများပေါ်ပို၍ အချိန်ပေး စိတ်ဝင်စားလာတတ်ကြသည်။ Computer များ ခေတ်စားလာချိန်တွင် ကွန်ပျူတာနှင့် အချိန်ဖြုန်းရင်း မိမိသိုးစုနှင့် ကင်းကွာလာတတ်သည်။ သိုးများနှင့် ယုယမှု၊ ပြုစုမှု၊ ထိတွေ့မှုများလိုအပ်သည်။ ရံဖန်ရံခါ အသင်းသား တစ်ဦးတစ်ယောက်ထံမှ တွေ့လိုကြောင်း အကြောင်းကြားသောအခါ မအားသေးပါ၊ ရှေ့အပတ်မှ လာခဲ့မယ် ဟူ၍အဖြေပေးပြီး မိမိစိတ်ဝင်စားသော ဘောပွဲကို နေ့ညမရွေး ဦးစားပေးမိတတ်သည်။ ဤသို့သော ဖြစ်ရပ်တို့အားဖြင့် မိမိတို့အနေနှင့် ဘယ်အရာပေါ် ဦးစားပေးပြီး ပို၍ ဝီရိယရှိနေကြောင်း သုံးသပ်ရန်လိုပေသည်။

မိမိသိုးစုကိုကြည့်ရှုဖို့ မမေ့ပါနှင့်။ ခေါင်းဆောင်ဟူသည် အစေခံဖြစ်ရမည်။ သို့မှသာ အများ၏ ချစ်ခင်လေးစားမှုခံရပြီး မိမိ၏ခေါင်းဆောင်အရည်အသွေးလည်း မြင့်တက်လာပေမည်။

ကျမ်းသဘောအရ သိုးကျောင်းသည်ဟူရာ၌ မိမိသိုးတို့နှင့် အစဉ်အတူရှိခြင်းကိုဆိုလိုရင်းဖြစ်သည်။ တစ်ခါကအသင်းတော်တစ်ပါးတွင်လုပ်နေသော သင်းအုပ်ဆရာ

တစ်ပါးအား အခြားသော အသင်းတော်တစ်ပါးမှ ခေါ်သောအခါ သင်းအုပ်ဆရာသည် ပြောင်းရွှေ့ဖို့ ပြင်ဆင်နေစဉ် အသင်းသားတို့သည် မျက်ရည်နှင့်လာရောက် တဖွဲဖွဲနှုတ်ဆက်ကြသည်။ ထိုအခါ သင်းအုပ်ဆရာက မင်းတို့ ဆရာ့ကို တကယ်ပဲ မင်းတို့နဲ့နေစေ ချင်လည်း ဆရာမသွားတော့ပါဘူးဟု ဆုံးဖြတ်လိုက်ပြီး အသင်းတော်၌ သက်ဆုံးတိုင် မိမိသိုးစုနှင့်အတူ နေထိုင်ခဲ့ပေသည်။

(ဧဖက် အခန်းကြီး ၄) ၏ အဓိကသော့ချက်တစ်ချက်မှာ (ဧဖက် ၄း၁၁-၁၂) တွင် 'ခရစ်တော်၏ ကိုယ်တော်ကို တည်ဆောက်၍ ဓမ္မဆရာ၏ အမှုကို ပြုတတ်မည့် အကြောင်း သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလို့ငှာ ထိုသခင်သည် လူအချို့ချို့တို့ကို ပရောဖက်အရာ၌လည်းကောင်း၊ အချို့တို့ကို သင်းအုပ်အရာ၊ ဆရာအရာ၌လည်းကောင်း ခန့်ထားတော်မူ၏' ဟုတွေ့ရပေမည်။ သဘောမှာ အသင်းတော်ရှိ သင်းအုပ်ဆရာကြီးသည် နေရာတကာ ရောက်နိုင်တော့မည်မဟုတ်ပါ။ ထို့ကြောင့် သင်းအုပ်ကြီးအနေနှင့် မိမိ၌ရှိသော ခေါင်းဆောင်များနှင့် နီးနီးကပ်ကပ်ရှိပြီး ထိုခေါင်းဆောင်များအား မိမိကိုယ်စား အသင်းသူအသင်းသား သိုးစုများထံသွားရောက် ထိန်းကျောင်းစေခြင်းဖြင့် သင်းအုပ်ကြီးနှင့် မိမိသိုးစုသည် အဆင်နီးကပ်မှုရှိစေနေပေလိမ့်မည်။

မိမိ၏ ရုံးသို့မဟုတ် အိမ်တွင်ခိုအောင်းနေခြင်းဖြင့် ဘုရားပေးအခွင့်ထူးကြီးဖြစ်သည့် သိုးစုများနှင့် ရင်းနှီးမှုအရသာ မပျက်ပြယ်သွားပါစေနှင့်။

## ၅၂။ အမျိုးသမီးများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ပါ။

အသင်းတော် တော်တော်များများတွင် အမျိုးသမီးတို့သည် ဝက်သစ်ချပင်ကြီးကို ပန်းအိုးထဲ စိုက်ထားသကဲ့သို့ပင် သူတို့၏ စွမ်းရည်များကို အသုံးမချဘဲ ဖြုန်းတီးလိုက်ရာရောက်နေတတ်သည်။ ထို့ကြောင့် အသင်းတော်များ၌ ကောင်းချီးမင်္ဂလာများ လက်လွတ်မှန်းမသိ လက်လွတ်ခံနေကြရသည်။ အမျိုးသမီးများမှာလည်း စွမ်းအင်များ စွမ်းဆောင်နိုင်မှုများ ရှိကြသည်မို့ သင့်လျော်သောနေရာပေးကာ သူတို့၌ရှိသော



ကောင်း နိုးရာရာတို့ကို အသင်းတော်အတွက် သုံးသင့်သည်။

အသင်းတော်များတွင် အမျိုးသမီးထုသည် အများစုဖြစ်တတ်သည်။ ထို့ကြောင့် သူတို့၏ အာဘော်ကိုလည်း နားထောင်သင့်သည်။ သူတို့၏ အလိုဆန္ဒများကိုလည်း စဉ်းစားသင့်သည်။ အသင်းတော်၏ အမျိုးသမီးကဏ္ဍကို မြှင့်တင်ပေးသင့်သည်။ အမျိုးသမီးတို့၏ အောင်မြင်မှုသည်လည်း အသင်းတော်အတွက် အောင်မြင်မှုဖြစ်ကြောင်း မြင်တွေ့တတ်ရန်လိုပေသည်။ အမျိုးသားများကဏ္ဍ၊ အမျိုးသမီးများကဏ္ဍ ဟူ၍ ဟန်ချက်ညီညီ တိုးတက်နေမည်ဆိုလျှင် ကျန်းမာသန်စွမ်းသော အသင်းတော် အသွင်သို့ အမြန်ဆုံးရောက်ရှိမည်မှာ မလွဲပေ။ အသင်းတော်ကြီးတစ်ပါး၏ လက်အောက်တွင် တပည့်တော်စုလေး တစ်စုရှိရာ ထိုတပည့်တော်စုကို ကြည့်ရှုပေးနေသူများမှာ အမျိုးသမီး ဓမ္မဝန်ဆောင်ဖြစ်သည်။ သူမ၏ အချိန်ပေးမှု၊ အနစ်နာခံမှု၊ ယုယမှုတို့ကြောင့် တပည့်တော်စုလေးမှာ နွေးထွေးပြီး တိုးတက်လျက်ရှိပေသည်။ အမျိုးသမီးထု၏ အားကိုအမှုမဲ့ မထားဘဲ သုံးကြည့်ပါ။ အကျိုးထူးပါလိမ့်မည်။

## ၅၃။ စိတ်ပျက်ပြီး ဘေးဖယ်သီးခြားမနေပါနှင့်။

သာသနာ့လောကထဲမှာလည်း စိတ်ပျက်စရာတွေရှိပါသည်။ အထူးသဖြင့် မိမိယုံကြည်စိတ်ချ ချစ်ခင်သူများအနေနှင့် မိမိနောက်ကွယ်တွင် မိမိအကြောင်းမကောင်းပြောသောအခါမျိုးနှင့် မိမိအသင်းသူ အသင်းသားများထဲမှ ဝိညာဉ်ရေးရာဖောက်ပြန်သွားသောအခါမျိုးတို့တွင် စိတ်အပျက်ကြီးပျက်မိတတ်သည်။ ကမ္ဘာပေါ်ရှိ ဓမ္မဝန်ဆောင်အများစုတို့သည် မိမိတို့မျှော်မှန်းချက်ပန်းတိုင်ကို မရောက်ကြသောကြောင့် စိတ်ပျက်ပြီး သာသနာ့ဘောင်ကို စွန့်ခွာသွားတတ်ကြသည်။ ၇၅% သော ဓမ္မဝန်ဆောင်တို့သည် အသက်အားဖြင့် ငါးဆယ်ပတ်ဝန်းကျင်တွင် အနားယူသွားကြသည်။ စိတ်ပျက်စရာ စိတ် ဆင်းရဲစရာတို့သည် အစဉ်ရှိနေမှာဖြစ်သည်။ မြားနှင့် အပစ်ခံရစဉ် နာမည်မှာ မလွဲပေ။ သို့သော် မိမိ၏သခင် အရှင်ယေရှုအနေနှင့် ကုသပျောက်ကင်းစေနိုင်ပါသည်။

စိတ်ပျက်ပြီး ဘေးဖယ်သီးခြားနေလိုသော စိတ်ရိုင်းများ ဝင်ရောက်လာပါက ဤဓမ္မတေးလေးများ ဆိုကြည့်ပါ။ *'ငါတို့အပြစ်နှင့် ဝမ်းနည်းခြင်းများ စုံစမ်းနှောင့်ယှက်ခြင်း၊ ဆင်းရဲဒုက္ခနှင့် ပင်ပန်းလှစွာ ဝန်ထုပ်လေး၍ အားနည်းလျက်ရှိကြသလား၊ ဆုတောင်းခြင်းဖြင့် ထံတော်ချဉ်းကပ်ပါ၊ လက်တော်ဖြင့်ကွယ်ကာ စောင်မမည့် ယေရှုရှင် ရှိပါသည်'*

ထို့ပြင် *'ကောင်းချီးရေတွက် တစ်ခုနောက်တစ်ခု ပြုတော်မူသော ကျေးဇူးတော်အံ့သြလိမ့်မည်'။ ထို့ကြောင့် မိမိခံစားနေရသော အားနည်းသော ဝမ်းနည်းဖွယ် စိတ်ဆင်းရဲမှုတို့အပေါ် မရေတွက်ဘဲ မိမိခံစားခဲ့ရသော မြောက်များစွာသော ကောင်းချီးမင်္ဂလာများအပေါ်သာ မြင်တွေ့ရေတွက်တတ်ဖို့ ကြိုးစားပါစို့'*။

## ၅၄။ စိတ်ဓာတ်ကျခြင်းလက္ခဏာများကို သတိပြုပါ။

သင်းအုပ်များ၊ သာသနာ့ခေါင်းဆောင်များအနေနှင့် အသင်းတော်အတွင်း ပြဿနာများ ကိုင်တွယ်ဖြေရှင်းရင်း စိတ်ဖိစီးမှုများ ခံစားလာရတတ်သည်။ လက္ခဏာများမှာ မိမိတို့ရည်ရွယ်ချက်များ လျော့ကျလာခြင်း၊ ဝိညာဉ်ရေးရာမှာလည်း အားနည်းလာခြင်း၊ ဆုတောင်းဖို့ပင် ဝန်လေးလာခြင်း၊ မိမိအပေါ်အများက သည်းညည်းမခံနိုင်ခြင်း၊ အများအကျိုးဆောင်ရွက်ရာမှာလည်း တွေဝေထိုင်းမှိုင်းလာခြင်း၊ စိတ်မဝင်စားခြင်း၊ စိတ်ဒေါသထွက်လာခြင်း၊ အစည်းအဝေးများတွင် ပါဝင်ရာ၌လည်း ပြီးရင်ပြီးရော မြန်မြန်ပြီးမြန်မြန်အေးသည် ဟူသည့်သဘောများ ဝင်လာခြင်းတို့ဖြစ်သည်။

ခန္ဓာပိုင်းဆိုင်ရာတွင်လည်း မောပန်းလာခြင်း၊ အိပ်မရခြင်း၊ စားမကောင်းခြင်းစသည်တို့ ဖြစ်လာတတ်သည်။ ထို့ကြောင့် သင်းအုပ်များ၊ ဓမ္မဝန်ဆောင်များ၊ ခေါင်းဆောင်များအနေနှင့် အနားယူချိန်ရှိသင့်သည်။ စိတ်ပြေလက်ပျောက် မိမိတို့ဝါသနာပါရာ အားကစားတစ်မျိုးမျိုး သို့မဟုတ် အပန်းဖြေရာတစ်နေရာရာသို့ သွားရောက်အနားယူသင့်သည်။



## စိတ်ဖြေလက်ဖြေ အနားယူခြင်းနှင့် ကျန်းမာရေး ကိုယ်လက်လှုပ်ရှားမှုများ လိုက်စားသင့်သည်

*'စိတ်ရွှင်လန်းခြင်းသည် ကျန်းမာစေတတ်၏။ စိတ်ပျက်ခြင်းမူကား အရိုးတို့ကို သွေ့ခြောက်စေတတ်၏'* (သုတ္တံ ၁၇း၂၂)

## ၅၅။ ခေါင်းဆောင်ဖြစ်သောကြောင့် သေးငယ်သောကိစ္စတို့နှင့် မဆိုင်ဟု သဘောမပိုက်ပါနှင့်။

လုပ်ငန်းကြီးမားလာသည်နှင့်အမျှ တာဝန်များခွဲဝေလုပ်ဆောင်ရမည်မှာ မလွဲပေ။ သို့သော် မိမိအနေနှင့် ခေါင်းဆောင်လူကြီးဖြစ်သောကြောင့် သေးငယ်သောကိစ္စတို့နှင့် မဆိုင်တော့ဟူ၍ မသတ်မှတ်သင့်ချေ။ ပျားသည် ပန်းခြံတစ်ခြံလုံး ပျံဝဲနေသကဲ့သို့ မိမိအသင်းတော်ရှိ လုပ်ငန်းကြီးငယ်တို့အပေါ် မိမိအနေနှင့် မျက်ခြေမပြတ် ပါဝင်ကြည့်ရှုနေရမည်သာဖြစ်သည်။ ဤသို့ ပါဝင်ရောယှက်ခြင်းအားဖြင့် ပတ်ဝန်းကျင် အမြင်မှာလည်းခေါင်းဆောင်ဖြစ်သူသည် ဘဝင်မရှိဘဲ အများနှင့် လက်တွဲလုပ်ဆောင်တတ်သူဖြစ်သည်ဟု တွေ့မြင်လာကြပေလိမ့်မည်။

## ၅၆။ စဉ်းစားပြီး အပြုသဘောဖြင့် တိကျပြတ်သားစွာပြောပါ။

*'လျှာသည် အသက်သေခြင်းနှင့် ရှင်ခြင်းကို အစိုးရ၏'* (သုတ္တံ ၁၈း၂၁)

မိမိကိုယ်တိုင်က မမှန်ဘဲလျက် သူတစ်ပါးအမှားကို လက်ညှိုးမထိုးပါနှင့်။ မလိုအပ်သော တန်ပြန်မှုများပေါ်ပေါက်လာတတ်သည်။ ထို့ကြောင့် တစ်ဦးတစ်ယောက်ထံမှ ကောင်းနိုးရာရာများကို ရယူလိုလျှင် အပြုသဘောဖြင့် ညင်သာသောနည်းကို သုံးပါ။ လျှပ်စစ်ဓာတ်ပိုင်းဆိုင်ရာတွင် positive ဟုဆိုရာ၌ လျှပ်စစ်စွမ်းအားမြင့်တက်လာခြင်းကို ဆိုလိုပြီး negative ဟုဆိုရာ၌ လျှပ်စစ်စွမ်းအား

ကျဆင်းလာခြင်းကိုဆိုလိုသည်။ ထို့ကြောင့် မိမိတို့၏ပြောဆို လှုပ်ရှားမှုသည် ဘယ်ဘက်သို့ ယိမ်းယိုင်နေသည်ကို အစဉ် သတိထားသင့်သည်။

**သင်းအုပ်နှင့်ခေါင်းဆောင်တို့သည် အသင်းသူအသင်းသားတို့၏ အရှိအရှိပေါ် အာရုံစူးစိုက်ရမည်**

အရှိပေါ်တွင် တည်ဆောက်သွားလျှင် အကျိုးရှိပြီး မရှိအပေါ်တွင် ဖိအားပေး သွားပါက အကျိုးယုတ်မည်သာဖြစ်သည်။ မိမိကိုယ်မိမိ အစဉ်ချင့်ချိန်ပါ၊ ပြောဆိုပါ။

## ၅၇။ မိမိ၏သဘောထားထဲတွင် သံသယစိတ်နှင့် မယုံသင်္ကာစိတ်များ ရှိမရှိ စစ်ဆေးပါ။

**ခရစ်ယာန်တစ်ဦးတစ်ယောက်ဖြစ်ပါက သူတစ်ပါးအပေါ် သံသယစိတ်နှင့် မယုံသင်္ကာစိတ်များ မရှိအပ်ပေ**

ဟုတ်၏ မဟုတ်၏ သိရှိရန်လိုပေသည်။ များသောအားဖြင့် အမှုမဲ့အမှတ်မဲ့ လက်ခံတတ်ကြသည်။ ရံဖန်ရံခါ ပျောက်စေဆရာတို့ကြောင့် ရောပြီးစိတ်ပါသွားကာ အရှိန်တက်မိတတ်ပြီး နောက်မှ မဟုတ်မမှန်ကြောင်းသိ၍ စိတ်ပျက်လိုတတ်ပြန်သည်။ ထို့ကြောင့် ဟုတ်၏၊ မဟုတ်၏၊ လက်ခံသင့်၊ မခံသင့်ကို သဘောထားကြီးကြီးဖြင့် လေ့လာဖို့လိုပေသည်။

လူတိုင်းမှာ သံသယစိတ်နှင့် မယုံသင်္ကာစိတ်မျိုး အနည်းအများ ရှိတတ်ကြပါသည်။ အထူးသဖြင့် မိမိကိုယ်တိုင် လှည့်ဖျားခံရမှုတို့ကြောင့်လည်းကောင်း၊ မစစ်မှန်သော သာသနာအဖွဲ့အစည်းများထဲ ရောက်သွားလျှင် စိတ်ပျက်စရာများနှင့် ကြုံတွေ့ရမှုတို့ကြောင့်လည်းကောင်း သံသယစိတ်များနှင့် မယုံသင်္ကာစိတ်ရိုင်းများ ရင့်ကျက်ကြီးထွားလာတတ်သည်။ သို့သော် ခေါင်းဆောင်တစ်ဦးအနေဖြင့် အရာရာအပေါ် တစ်ချိန်



လုံး သံသယစိတ်မျိုး၊ မယုံသင်္ကာသောစိတ်မျိုးတို့ဖြင့် မမြင်သင့်ပါ။

## ၅၈။ အမှုမဲ့၊ အမှတ်မဲ့ ပေါ့ပေါ့တန်တန်မပြောလိုက်ပါနှင့်။

မိမိပြောလိုက်သောစကားသည် သူတစ်ပါးအပေါ် အကောင်း၊ အဆိုးဖြစ်နိုင်သောကြောင့် သတိနှင့် ပြောပါ။

*'ပညာရှိသောသူ၏လျှာသည် ပညာအတတ်ကို တင့်တယ်စေတတ်၏၊ မိုက်သောသူတို့၏ နှုတ်မူကား မိုက်သောအရာကို သွန်းလောင်းတတ်၏'*

(သုတ္တံ ၁၅း၂)

မိမိတို့အနေနှင့် စကားပြောဆိုရာတွင် စိတ်ဖြေလက်ဖြေ ရယ်ရယ်မောမော မပြုသင့်ဟု မဆိုလိုပါ။ အမှုမဲ့ ပေါ့ပေါ့တန်တန် ခေါင်းဆောင်ထံမှ ပြောလိုက်သောစကားတစ်ခွန်းကြောင့် လူတစ်ဦးတစ်ယောက်အား ဆုံးရှုံးနစ်နာသွားစေနိုင်သည်။ ထို့ကြောင့် ခေါင်းဆောင်လုပ်သူ လူကြီးတို့အနေနှင့် မိမိကိုယ်၊ နှုတ်ကို အစဉ်သတိပြုအပ်သည်။ ထွက်သွားပြီးသောစကားကို ပြန်လည်ရုတ်သိမ်း၍ မရနိုင်ပေ။ လေတိုက်ချိန် ခေါင်းအုံးထဲမှ မွှေများကို ဖြန့်ထုတ်လိုက်ပြီး ပြန်လည်ကောက်သိမ်းသည့်အခါ မလွယ်သကဲ့သို့ ဖြစ်တတ်သည်။

အလွန်ကြီးသော သင်္ဘောကို ငယ်သော တက်မအားဖြင့် လိုရာသို့ မောင်းနှင်နိုင်သကဲ့သို့ လျှာသည် တက်မနှင့်တူကြောင်း (ယာကုပ် ၃း၄) တွင် တွေ့ရပေမည်။ ထို့ကြောင့် ဝါရင့်လာသည်နှင့်အမျှ မိမိတို့ပြောဆိုသော စကားတို့သည် တည်ဆောက်မှုနှင့် အကျိုးဖြစ်ထွန်းစေမည့် စကားများဖြစ်ပါစေ။

## ၅၉။ သင်ကြားပြုပြင်ပေးခြင်းကို လက်ခံပါ။

အသက်အရွယ်ရလာသည်နှင့်အမျှ မိမိတို့ဘာမျှ မတတ်သေးကြောင်း၊ မစုံလင်သေးကြောင်းတွေမြင်လာမှာဖြစ်သည်။ ထို့ကြောင့် ပွင့်လင်းသောနှလုံးသားဖြင့် ခံယူတတ်ဖို့လိုပေသည်။ တယူသန်စိတ်ဖြင့် သင်ကြားပြုပြင်မှုတို့ကို မခံယူလိုခြင်းသည် အလွန်အကျည်းတန်ရာရောက်ပေမည်။ နှိမ့်ချသူမှန်လျှင် ပြုပြင်မှုကို ခံယူနိုင်ရမည်။ မိမိ အမှန်ပင်မှားနေလျှင် အမှန်ပြန်ရောက်ဖို့ ကြိုးစားရမည်။ သင်းထောက်တစ်ဦးက မိမိ၏ သင်းအုပ်ဆရာအား ဘဝင်မြင့်သည်ဟု စွပ်စွဲပြောဆိုသောအခါ သင်းအုပ်ဆရာအနေနှင့် ယခုကဲ့သို့ ခံယူခဲ့သည်။ ဘဝင်ဆိုသည်မှာ လူတစ်ဦး၏ အတွင်းနှလုံးသားထဲတွင် ကိန်းအောင်းနေသော မကောင်းသည့် အထင်ကြီးသောစိတ်ဖြစ်သည်။ ဤကဲ့သို့သော စိတ်မျိုးသည် လူသားတိုင်းတွင် အနည်းနှင့်အများ ရှိတတ်သောကြောင့် မိမိ၌လည်း ရှိနိုင်သည်ဟု ခံယူလိုက်ခြင်းဖြင့် အငြင်းပွားစရာမလိုဘဲ ပြေငြိမ်းခဲ့ရသည်။

## ၆၀။ မိမိသိုးစုကို အစဉ်ချစ်ပါ။

*'ယေရှုသည် မိမိလူတို့ကို အဆုံးတိုင်ချစ်တော်မူ၏'* (ယော ၁၃း၁)

မိမိတို့၏ သိုးစုများကို မိမိကိုချစ်ကြောင်းအစဉ်ပြောပါ။ ပြောရင်းနှင့် တပါတည်းမှာပဲ မိမိတို့အနေနှင့် တကယ်ချစ်ခြင်းလော၊ ဟန်ဆောင်ချစ်ခြင်းလော ဟူသည့် အချက်အပေါ် အစဉ်အမြင်မှန်မျိုးဖြင့် စိစစ်နေဖို့ လိုပေသည်။ မိမိအသင်းတော်သို့ လာနေသ၍တော့ ချစ်နိုင်ပြီး မလာမရောက်နိုင်သောအခါ မေတ္တာကုန်ခမ်းသွားတတ်သည်။

ဘယ်ကဲ့သို့ ဖြစ်သည်မဆို မိမိတို့ဘက်မှ လက်တွေ့ကျကျ သူတို့အပေါ် အစဉ်ချစ်ကြောင်းပြနေရမှာဖြစ်သည်။ ဥပမာ - မွေးနေ့များတွင် သတိရကြောင်း ဖုန်းဆက်နှုတ်ဆက်၊ ဆုတောင်းပေးခြင်း အစရှိသော လက်တွေ့ဆန်သည့် မေတ္တာမျိုးပြရမှာ



ဖြစ်သည်။ ထို့ကြောင့် မိမိနှင့် သဘောခြင်းမတိုက်ဆိုင်သောသူအား မုန်းရမည့်အစားသူ့အတွက် အစဉ်အထူးဆုတောင်းပေးနေရမည့် တာဝန်မှာ မိမိ၏ တာဝန်သာဖြစ်ပေသည်။

## ၆၁။ စာရိတ္တနှင့် ဖြောင့်မတ်မှုကို ဘေးဖယ်ပြီး ဝိညာဉ်တန်ခိုးကိုသာ ဦးစားမပေး ပါနှင့်။

*'ထိုသူသည် ဖြောင့်သောသဘောရှိသည့်အတိုင်း ကျွေးမွေး၍ လိမ္မာသော လက်နှင့် ပို့ဆောင်လေ၏'* (ဆာလံ ၇၈း၇၂)

*'အရာရာ၌ ကောင်းသောအကျင့်တို့၏ ပုံသက်သေကို ကိုယ်တိုင်ပြလော့၊ ဆုံးမဩဝါဒပေးသောအခါ မိစ္ဆာဒိဋ္ဌိနှင့်ကင်းခြင်း၊ တည်ကြည်ခြင်း အပြစ်တင်ဖွယ်မရှိ စင်ကြယ်သော တရားစကားကို ဟောပြောခြင်းတို့ကို ပြုလော့၊ သို့ဖြစ်၍ တစ်ဖက်၌နေသော သူသည် ငါတို့ကို ကဲ့ရဲ့စရာ အခွင့်မရ နိုင်သောကြောင့် ရှက်ကြောက်ခြင်းသို့ ရောက်လိမ့်မည်'* (တိတု ၂း၇-၈)

ခရစ်တော်ဘုရားပေးသော ဝိညာဉ်ဆုကျေးဇူးသည် အသင်းတို့အတွက်သာဖြစ်ချေ၏။ မိမိအဖို့မဟုတ်ကြောင်း သဘောပေါက်ရန်လိုပေသည်။ ဤကဲ့သို့ သဘောမပေါက်ပါက ရှေ့ရေးမှာ အန္တရာယ်ဖြစ်လာနိုင်သည်။ ဘုရားထံမှ ထူးထူးခြားခြား ဝိညာဉ်တန်ခိုးဆုကျေးဇူးများ ခံစားရသည့် ခေါင်းဆောင်များ အသင်းတော်များတွင် ရှိတတ်သည်။ သို့သော် အသင်းတော်အတွက်ထက် မိမိအတွက်ဖြစ်လာသောကြောင့် အသင်းတော်တွင် စိတ်မချမ်းသာမှုများ ပေါ်ထွက်လာရပေသည်။

အချို့တို့မှာ အံ့ဩဖွယ်နိမိတ်လက္ခဏာများ ပြနိုင်စွမ်းရှိသော်လည်း အကျင့်စာရိတ္တပိုင်းတွင် ညံ့ဖျင်းသောကြောင့် အသင်းတော်၏ အပြင်ဖက်သို့ ရောက်သွားရသည်များလည်း ရှိပေသည်။

## ၆၂။ နားချိန်သတ်မှတ်ပါ။

ထာဝရဘုရားဖန်ဆင်းစဉ်ကတည်းက တစ်ရက်အနားယူဖို့ ပြင်ဆင်ပေးခဲ့သည်ကို သတိရပါ။ ဤကဲ့သို့ ခေတ္တအနားယူခြင်းဖြင့် မိမိတို့၏ ကိုယ်စိတ်နှစ်ဖြာ ပြန်လည်သစ်လွင် လန်းဆန်းမှုကို ရယူနိုင်ပေမည်။ တစ်ပတ်တာ တင်းမာနေသော အကြောအခြင်များ ပျော့ပျောင်းလာပြီး စိတ်ကြည်လင်မှုများ ဖြစ်ပေါ်လာနိုင်ပေသည်။

မိမိတို့အနေနှင့် အသင်းတော်လုပ်ငန်းများဖြင့် ပိနေသောကြောင့် မိမိတို့မှာ ဘုရားပေးထားသည့် ထူးချွန်မှုများ၊ ဉပမာ - ပန်းချီပညာ၊ ပန်းပုပညာ အစရှိသည်ဖြင့် ရှိမည်ဖြစ်သည်။ ထိုထူးချွန်မှု ဝါသနာများကို ပစ်ပယ်ထားရသောကြောင့် စိတ်ထဲ မအီမသာခံစားရတတ်သည်။ ဤအရာများကို အနားယူသည့် နေရာတွင်ထုတ်သုံးပါ။ မိမိစိတ်ထဲခံစားနေရသော အစိုင်အခဲကြီးများ ပြေပျောက်သွားပါလျှင် သို့တည်းမဟုတ် အခြားသော ဓမ္မဝန်ဆောင်များနှင့် ထိုနေ့တွင် မိတ်သဟာယဖွဲ့ကာ အသင်းတော်အကြောင်းမဟုတ်သော အခြားခေါင်းစဉ်များကို အလွတ်သဘောပြောဆိုပါ။ မိတ်ဆုံစားကြခြင်းဖြင့်လည်း စိတ်ပျော်ရွှင်မှုများ ရယူနိုင်ပါသည်။ အချို့စိုက်ပျိုးရေး ဝါသနာထုံကြသည်။ ထို့ကြောင့် မိမိနှင့် မိသားစုအတွက် တစ်ပတ်မှာ တစ်ရက် အပန်းဖြေရန် အချိန်သတ်မှတ်သင့်သည်။

## ၆၃။ ညှို့ဝတ်ကျေပါ။ (ဟေရှာ ၅၈ ) (၁ တိမော ၃း၂)

ဤအချက်နှင့် ပတ်သက်ပြီး နားလည်ရန်မလွယ်သော ကိစ္စတစ်ခုမှာ သင်းအုပ်အတော်များများအနေနှင့် ညှို့ဝတ်ပြုခြင်းအမှုမှာ အားနည်းသည်ကို သတိထားမိကြပေလိမ့်မည်။ အမှန်အားဖြင့် သင်းအုပ်နှင့် သာသနာခေါင်းဆောင်များတို့၏ အရည် အချင်း တစ်ခုမှာ တာဝန်အရ ညှို့ဝတ်ပြုခြင်းမျိုးမဟုတ်ဘဲ ညှို့ဝတ်ပြုခြင်း၌ မွေ့လျော်စိတ်ထက်သန်နေသူ ဖြစ်ရမည်။ ညှို့ဝတ်ပြုခြင်းသည် ကျေးဇူးပြုရာရောက်သည်။ မိသားစုစိတ်ဓာတ်ကို ဖော်ထုတ်ရာလည်း ရောက်သည်။ လူသစ်များအား အသင်းတော်၏ နွေးထွေးမှုကို ထိတွေ့စေခြင်းလည်း ဖြစ်သည်။ ခေါင်းဆောင်များတို့၏ ပျူငှာမှုတို့ကို လိုလားပေါ်လွင်စေသည်။ ထို့ကြောင့် ညှို့ဝတ်ပြုခြင်းသည် ခရစ်တော်၌ရှိသော နှလုံး သားအား မိမိတို့အားဖြင့် ဖော်ထုတ်ပြသခြင်းနှင့်တူပေသည်။ ခေါင်းဆောင်ကြီးများတို့ ပြသသည့် ပုံသက်သေအတိုင်း နောက်လိုက်အသင်းသူအသင်းသားတို့သည် လိုက်လျောကြမည်သာဖြစ်သည်။ အသင်းတော်သည်လည်း နွေးထွေးသော မိသားစုကြီးအသွင် ရောက်လာပေလိမ့်မည်။ ယနေ့အိမ်ထောင်များမှာ ပင်လျှင် တသီးတခြား ဖာသိဖာသာ ဖြစ်လာကြသည်။ တနည်းအားဖြင့် တကိုယ်ကောင်းဆန်လာကြသည်။ သို့သော် ခရစ်ယာန်အိမ်ထောင်များအနေနှင့်မူ ထိုသို့ မဖြစ်သင့်ပေ။ အခြေအနေမပေးသေး၍သော် လည်းကောင်း၊ မရှိသောကြောင့်လည်းကောင်း အကြောင်းပြ၍ ညှို့ဝတ်မပြုဘဲ မနေပါနှင့်။ အရှိအရှိအတိုင်း စတင်ပြုလုပ်နိုင်ဖို့ ကြိုးစားပါ။



## ၆၄။ အထူးခံစားရသော ကောင်းချီးမင်္ဂလာအပေါ် အခွင့်အရေးမယူပါနှင့်။

သင်းအုပ်အဖြစ် ရွေးကောက်ခြင်းခံရခြင်းသည် ထူးကဲသောကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်ပေသည်။ မိမိတို့ ကြည့်ရှုပြုစုရသော လူစုသည်လည်း အထူးအံ့သြဖွယ်ကောင်းသော ယုံကြည်သူများ ဖြစ်ကြသောကြောင့် မိမိတို့ ကိုယ်ရေးကိုယ်တာအတွက် ထိုသူများအပေါ် အမြတ်ထုတ်ခြင်း၊ အခွင့်အရေးယူခြင်းများ မပြုလုပ်မိဖို့ အထူးအရေးကြီးပါသည်။

သင်းအုပ်ဖြစ်သူသည် မိမိအသင်းသူ အသင်းသားတို့အပေါ် စီးပွားရေးဆန်ဆန် အရောင်းအဝယ်များလုပ်တတ်သည်။ အလွန်အန္တရာယ်ကြီးပါသည်။ မကြာမီပင် အသင်း သားတို့နှင့် နားလည်မှုကွဲပြီး သိက္ခာကျရသည့်အဖြစ်သို့ ရောက်ရတတ်ပါသည်။

သင်းအုပ်အနေနှင့် အသင်းသားများအပေါ် ငွေချေးခြင်း သို့မဟုတ် ရှယ်ယာ

များစုဆောင်းပြီး စီးပွားရေးလုပ်ခြင်းတို့ဖြင့် မိမိအား ဘုရားပေးသော ကြီးမြတ်သည့် လုပ်ငန်းအပေါ် အာရုံမပြုနိုင်တော့ဘဲ မိမိသိုးစုအပေါ်၌လည်း အချိန်ပေးနိုင်စွမ်း ရှိ တော့မည်မဟုတ်ပေ။

ဘုရား၏ အမှုတော်ဆောင်တစ်ဦးအနေနှင့် တပ်မက်သောစိတ်အားကြီးခြင်းသည် အလွန်ရုပ်ဆိုးလှပေသည်။ ထို့ကြောင့် ဘုရားရှေ့၊ မိမိအသင်းသူအသင်းသားများ ရှေ့တွင် ဖြူစင်သောနှလုံးသားဖြင့် ရပ်တည်နိုင်မှုကို ကြိုးစားအပ်ပေသည်။

## ၆၅။ တစ်ပါးသူ၏ တရားဟောချက်များအား ခိုးမချပါနှင့်။

သူတစ်ပါး ရေတွင်းကို အားကိုးခြင်းထက် မိမိရေတွင်းကရေကို ခပ်ယူပါ။ ကျမ်းအားကိုးအကူများ၊ ကျမ်းအဘိဓာန်များနှင့် အခြားသူတို့၏ ဟောပြောချက်များအပေါ် လေ့လာနိုင်ပါသည်။ သို့သော် သူတစ်ပါးတရားဟောချက်အား မိမိကိုယ်ပိုင်မလုပ်မိဖို့ သတိပြုအပ်သည်။ တစ်ချို့အနေနှင့် သူတစ်ပါး၏ တရားဟောချက်အား အလုံးအတိုင်း ဖောက်သည်ချတတ်ပါသည်။ သို့သော် မူရင်းတရားဟောခဲ့သူအား လုံးဝဖော်ထုတ်ခြင်း၊ ကျေးဇူးတင်ခြင်းများမရှိချေ။ ဤသို့ပြုခြင်းသည် သစ္စာမဲ့ရာ ရောက်ပါသည်။ မိမိအနေနှင့် တဆင့်လက်ကမ်းသူ မဟုတ်ဘဲ မူရင်းထုတ်လုပ်သူအဖြစ်သို့ ရောက်အောင် ကြိုးစားခြင်းသည် အလွန်တန်ဖိုးကြီးပေသည်။

| မိမိရေတွင်းက ရေကို မိမိခပ်သုံးပါ |
| --- |

ချေးငှားနေသ၍ ချမ်းသာလာမည်မဟုတ်ပါ။ *'တစ်ယောက်သောသူသည် ခုတ်စဉ်တွင် ရေထဲသို့ ပုဆိန်ကျ၏၊ ခုတ်သောသူကလည်း ခက်လှပြီ သခင်၊ ထိုပုဆိန်သည် ငှားခဲ့သောဥစ္စာဖြစ်ပါ၏'* (၂ ဓမ္မ ၆း၅)။ ထို့ကြောင့် အငှားဘဝမှ ကိုယ်ပိုင်ဘဝသို့ ရောက်ရှိသည့်တိုင် ကြိုးစားသွားနိုင်ကြပါစေ။



## ၆၆။ မိမိတစ်သက်တာမှာ လက်ဝါးကပ်တိုင်ကို ဘေးမဖယ်ထားပါနှင့်။ ဘုရားကို အစဉ်အားကိုးပါ။ (၂ ကော ၁၂း၉-၁၀)

သာသနာ့လောကတွင် ဝိညာဉ်ရေးနှင့်ပတ်သက်ပြီး မိမိအနေနှင့် ပြည့်စုံကြွယ်ဝနေပြီဟု ယူဆ၍မရချေ။ တနည်းအားဖြင့် ကိုယ့်အားကိုယ်ကိုး၍ မရနိုင်ပါ။ *'ငါတို့သည် ကိုယ့်တန်ခိုးကို အမှီပြု၍ ကိုယ့်အလိုအလျောက် တစ်စုံတစ်ခုကို ကြံစည်ခြင်းငှာ တတ်နိုင်သည်မဟုတ်။ ဘုရားသခင်ကို အမှီပြု၍သာ တတ်နိုင်သည်'* (၂ ကော ၃း၅-၆)။ မိမိတို့အနေနှင့် အတိုင်းအတာတစ်ခုအနေဖြင့် တတ်စွမ်းနိုင်ကောင်းတတ်စွမ်းနိုင်ပေလိမ့်မည်။ သိကောင်းသိပေလိမ့်မည်။ သို့သော် ပြီးပြည့်စုံဖို့ရန် ဘုရားသခင်၏ ဉာဏ်တော်နှင့် တန်ခိုးတော်တို့ကိုသာ အားကိုးရမည်ဖြစ်သည်။

မိမိတို့အနေနှင့် လက်ဝါးကပ်တိုင်ထံသို့ အရောက်မသွားပါက လက်ဝါးကပ်တိုင်က မိမိတို့ထံ အရောက်လာမည်သာဖြစ်သည်။ ဤနေရာတွင် နှိမ့်ချမှုက အဓိကဖြစ်ပေသည်။ ရှောလမုန်မင်းကြီး နန်းတက်စအချိန်တွင် ဤသို့ပြောခဲ့ဖူးသည်။ 'အကျွန်ုပ်သည် သူငယ်ဖြစ်ပါ၏၊ ထွက်ဝင်ခြင်းငှာ မတတ်နိုင်ပါ' (၃ ဓမ္မ ၃း၇)။ ရှောလမုန်မင်းကြီးအနေနှင့် သူကြည့်ရှုရမည့် လူမျိုးကြီးကို ကိုင်တွယ်တတ်ဖို့ ထိုးထွင်းဉာဏ် ဘုရားထံမှ တောင်းခံခြင်းဖြစ်သည်။ သို့သော် တစ်နေ့မိမိကိုယ်မိမိ စိတ်ချပြီး ကိုယ့်အားကိုယ်ကိုးလိုက်သည်နှင့် ပြဿနာမြောက်များစွာနှင့် ရင်ဆိုင်ရတော့သည်။

အတိုင်းအတာတစ်ခုအနေဖြင့် အောင်မြင်မှုများရရှိပြီး အချိန်ကိုက်တစ်ခုအတွင်းမှာ စိတ်ကျေနပ်လောက်ဖွယ်ရာ ကျေနပ်မှုတို့ ရှိငြားသော်လည်း အဆုံး၌ကား ဝိညာဉ်ရေးရာအားနည်းသော အသင်းတော်အသွင်သို့ ပြန်ရောက်သွားတတ်သည်။ ထို့ကြောင့် ပြင်ပအားဖြင့် တိုးတက်အောင်မြင်သော လက္ခဏာများ တွေ့ရသော်လည်း ဘုရားနှစ်သက်သော အသင်းတော် ဖြစ်ချင်မှဖြစ်ပေမည်။

ဓမ္မတေးတစ်ပုဒ်က ဤသို့ဖော်ပြထားပါသည်။

‘ ကိုယ်တော်၏လက်ရုံးပေါ် မှီခိုပါ . . ကိုယ်တော်၏ မေတ္တာပေါ် စိတ်ချပါ. .
ကိုယ်တော်၏ လက်ရုံးပေါ်မှီခိုပါ. . ကိုယ်တော်၏ ကရုဏာတော်က သက်သေ
ထူပေးလိမ့်မည်. . ကိုယ်တော်၏ လက်ရုံးပေါ် မှီခိုပါ . . ထက်ရပ်ဆီက အိမ်
တော်ကို မျှော်ကိုးပါ . . ကယ်တင်ရှင်၏ လက်ရုံးပေါ်သာ မှီခိုပါ . . ’

အောင်မြင်လိုသော ဆန္ဒရှိသည့် ခေါင်းဆောင်တို့သည် လက်တွဲလိုက်လို့ရသောသူတို့ကို မောင်းနှင်စေခိုင်း လုပ်ဆောင်တတ်သည်။ မိမိရော ပါဝင်လုပ်ကြသူတို့ပါ လူမော၊ စိတ်မော ဖြစ်တတ်သည်။ ထို့ကြောင့် ခရစ်တော်နှင့် အစဉ်အတူလက်တွဲ လုပ်ဆောင်သွားတတ်သော အလေ့အထမျိုးမွေးမြူသင့်ပေသည်။

*‘ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့၊ ငါသည် ချမ်းသာပေးမည်၊ ငါ့ထမ်းပိုးကို တင်၍ထမ်းကြလော့၊ ငါ့ထံ၌ နည်းခံကြလော့၊ ငါသည် နူးညံ့ သိမ်မွေ့နှိမ့်ချသော စိတ်သဘောရှိ၏၊ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကို ရလိမ့်မည်၊ အကြောင်းမူကား ငါ့ထမ်းပိုးသည် ထမ်းလွယ်၏၊ ငါ့၏ ဝန်လည်းပေါ့၏’* (မဿဲ ၁၁း၂၈-၃၀)

## ၆၇။ ဝိညာဉ်နှင့်ပြည့်ဝသော အသင်းဖြစ်ရေးသည် ဆန်းပြားလှုံ့ဆော်သော ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးမှုပေါ် မူတည်သည်ဟု မယူဆပါနှင့်။

ဝိညာဉ်တော်တန်ခိုး၏အရှိန်သည် အသင်းတော်ကို ကျန်းမာရှင်သန်စေပါသည်။ သို့သော် ဆန်းပြားသော လှုံ့ဆော်မှုသည် ဟုတ်သလိုလိုနှင့် ကျဆင်းမှုဘက်သို့ ဆွဲဆောင်သွားနိုင်သည်။ ကျယ်လောင်သော ဗုံ၊ ဆိုင်းသံတို့နှင့် စိတ်အားထက်သန်သော ဦးဆောင်မှုတို့အားဖြင့် ပရိသတ်ကြီးအား လှုံ့ဆော်မှု၊ လှုပ်ရှားမှုကြီးတစ်ရပ်အသွင်သို့ ရောက်သွားစေနိုင်ပါသည်။ ပရိသတ်ကြီးထံမှလည်း အသံမျိုးစုံထွက်လာတတ်ကြသည်။



အရှိန်တက်မှုတို့ကြောင့် မမှန်မကန်မှုများ ရောထွေးပါဝင်လာတတ်ပါသည်။

ဤနေရာတွင် တစ်ဖက်စွန်းမရောက်ရေးကို အထူးသတိပြုအပ်သည်။ ထို့အတူ သမာရိုးကျ ရှေးနည်းကိုသာ လက်ကိုင်ထားပြီး ခေတ်အလိုက်ပေါ်ထွက်နေသော ချီးမွမ်းခြင်း ဓမ္မတေးများကိုပင် ဝိညာဉ်မဆန်သော လောကီစားများဟု တယူသန်မမြင်သင့်ပေ။

## ၆၈။ ခေတ်နှင့်အလျောက်ပေါ်ထွက်နေသော ခံယူချက်တို့သည် ဘုရားနှင့်ဝေးကွာ သွားစေနိုင်သည်။

ဝိညာဉ်ရေးနှင့်ပတ်သက်၍ ဖြစ်ကတတ်ဆန်း ပြုမူနေထိုင်ကျင့်ကြံနေခြင်းဖြင့် အသင်းတော်၏ တိုးတက်ကြီးထွားမှုကို ဟန့်တားစေပါသည်။ ဒံယေလကြီးသည် ပြုလေ့ရှိသည့်အတိုင်း တစ်နေ့သုံးကြိမ် ဒူးထောက်ကာ ယေရုရှလင်မြို့သို့ မျက်နှာပြုရာ အထက်ခန်း ပြတင်းပေါက်ကိုဖွင့်လျက် ဆုတောင်းလေ့ရှိပေသည်။ (ဒံယေလ ၆း၁၀)။ ရှင်ပေါလုကြီးကလည်း ‘ငါတို့ သခင်ယေရှုခရစ်၏ ခမည်းတော်ရှေ့မှာ ငါသည် ဒူးထောက်၍ ဆုတောင်းလေ့ရှိ၏’ (ဧဖက် ၃း၁၅)။ အလေ့အထတစ်ခုအနေနှင့်လည်း ‘ထုံးစံတော်ရှိသည့်အတိုင်း ဥပုသ်နေ့၌ တရားဇရပ်သို့ဝင်၍ ကျမ်းစာကို ဖတ်ရွတ်ခြင်းငှာ ထတော်မူ၏’ (လုကာ ၄း၁၆)တွင် ထုံးစံတစ်ခုရယ်လို့ သတ်မှတ်ကြောင်းတွေ့မြင်နိုင်ပေသည်။ ထိုသို့သော စံနမူနာများကို သာသနာ့ခေါင်းဆောင်ကြီးများ နည်းယူအပ်ပေသည်။

နံနက်တိုင်း ဘုရားနှင့် အစပြုလျှင် တစ်နေ့လုံး သာယာပြီး ရေရှည်တည်မြဲသော သက်တာ၌ အသက်ရှင်ရမည်မှာ မလွဲပေ။ ခရစ်တော်သည်ပင် အစဉ်စနစ်တကျ အရာရာကို လုပ်ဆောင်သွားသည့်နည်းတူ မိမိတို့လည်း အသင်းတော်တွင်း ခေတ်မှီသည်ဟု ယူဆကာ ဖြစ်ကတတ်ဆန်းများ မလုပ်မိကြဖို့ အထူးသတိပြုကြပါစို့။

## ၆၉။ အသင်းတော်များနှင့် အသင်းသားများအပေါ် ဝါးလုံးနှင့် ရမ်းပြီး မစီရင်ပါနှင့်။ (ဟေရှာယ ၁၁း၃)

*'အသီးသီးလုပ်သောအလုပ်သည် ထင်ရှားလိမ့်မည်၊ အဘယ်သို့နည်းဟူမူကား ဖော်ပြချိန်နေ့ရက်သည် မီးအားဖြင့် ထင်ရှားစေလိမ့်မည်'* (၁ ကော ၃း၁၃)

သင်းအုပ်ကြီးတစ်ပါးသည် တနင်္ဂနွေတစ်ရက်တွင် အသင်းတော်ငယ်လေးတစ်ပါးထံရောက်သွားပြီး တရားနာပရိသတ်တစ်ဦးအနေနှင့် ဘုရားဝင်ရှိခိုးရင်း အားမလိုအားမရပြောမိသည်။ ထိုအသင်းတော်လေး၌ ဝတ်ပြုပုံကို ဘဝင်မကျဖြစ်မိသည်။ ငါ့အသင်းတော်နဲ့တော့ တခြားစီပဲဟု စိတ်ထဲပြောမိသည်။ ထိုတမဟုတ်ချင်းတွင်ပင် သင်ဤနေရာသို့ ရောက်လာခြင်းသည် စီရင်ဆုံးဖြတ်ရန်မဟုတ်၊ ငါသာလျှင် ဝေဖန်ဆုံးဖြတ်ပိုင်သူဖြစ်သည်။ သင့်အနေနှင့် သူတို့အပေါ် အားမလိုအားမရ ဖြစ်သော်လည်း ငါ့ရှေ့တွင် သူတို့၏ အသင်းလေးသည် သင့်အသင်းကြီးထက် ကြီးကောင်းကြီးနေပေလိမ့်မည်ဟူသော ထာဝရဘုရား၏ ဆုံးမသံကို ကြားလိုက်ရသောအခါ မိမိ၏မြင့်နေသောဘဝင်နှင့် ဘုရားရှေ့မှာ မနူးမနပ် နုနယ်သေးသည့် ဘဝမှာသာ မိမိရှိနေသေးကြောင်းနောင်တရမိခဲ့တော့သည်။ ထို့ကြောင့် ရှင်ပေါလုကြီးက တစ်ဦးပေါ်တစ်ဦး ဝေဖန်ပြောဆို ဆုံးဖြတ်မှုများ မလုပ်သင့်ကြောင်း 'ငါတို့သည် ယခုမှစ၍ အချင်းချင်း မစစ်ကြောမစီရင်ဘဲ နေကြကုန်အံ့' ဟု (ရောမ ၁၄း၁၃)တွင် ဖော်ပြထားပေသည်။

*'ထိုသူသည် ထာဝရဘုရားကို ကြောက်ရွံ့ခြင်း၌ မွေ့လျော်သည်ဖြစ်၍ မိမိမျက်စိမြင်သည့်အတိုင်း တရားမစီရင်၊ မိမိနားကြားသည့်အတိုင်း မဆုံးဖြတ်ဘဲ ဆင်းရဲသားတို့၏ အမှုကို တရားတော်အတိုင်း စီရင်၍ နှိမ့်ချသော မြေကြီးသားတို့ဘက်၌နေလျက် ဖြောင့်မတ်စွာ ဆုံးဖြတ်လိမ့်မည်'*
(ဟေရှာယ ၁၁း၃-၄)



## ၇၀။ အားမလိုအားမရဖြစ်ခြင်းအားဖြင့် ပို၍ကျယ်ပြန့်စွာ လုပ်ဆောင်ကြစို့။

အားမလိုအားမရဖြစ်ခြင်းသည် မကျေနပ်ခြင်း၊ ဘဝင်မကျခြင်းနှင့် စိတ်တိုင်းမကျခြင်းတို့ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အားမလို အားမရဖြစ်ခြင်းအား အပြုသဘောဖက်ကကြည့်လျှင် ဘုရားအတွက်ပို၍ လုပ်လိုသောဆန္ဒများ ပြင်းပြလာခြင်းတို့ကြောင့်ဖြစ်သည်။

အမှုတော်ဆောင်များအနေနှင့် တပ်မက်မှုအပေါ် မကျေမနပ်ဖြစ်နေပါကအာရုံမပြေပါက မကောင်းသောလက္ခဏာ တစ်ရပ်ပင်။ လောကီတပ်မက်မှုသည် ပြည့်စုံသော်လည်း မရောင့်ရဲ၊ မပြည့်စုံပြန်လည်း မကျေနပ်မှုများ ဖြစ်ပေးလာတတ်သည်။ ဘုရားအတွက် ဆက်ကပ်တိုးချဲ့လုပ်လိုသော အားမလိုအားမရဖြစ်ခြင်းမျိုးသည် ထိုကဲ့သို့မဟုတ်ပေ။ ထို့ကြောင့် ရှင်ပေါလုကြီးက တိမောသေအား 'ရောင့်ရဲသော စိတ်ပါလျက်ဘုရားဝတ်၌မွေ့လျော်ခြင်းသည် ကြီးစွာသော အကျိုးစီးပွားမှန်၏'ဟု (၁ တိမော ၆း၆)တွင် ဆုံးမထားပုံကို တွေ့ရပေမည်။ ရှင်ပေါလုကြီးအနေနှင့် အသက်အရွယ်ငယ်သေးသော တိမောသေသည် ဘုရား၏အမှုတော် ထမ်းဆောင်နေရာမှ ပြင်ပစီးပွားရေးလောကထဲသို့ ရောက်သွားမည်စိုး၍ ယခုလို သတိပေးဆုံးမခြင်းဖြစ်ဟန်တူသည်။

အပြုသဘောဖက်မှ အားမလိုအားမရဖြစ်ခြင်း၏ လက္ခဏာများမှာ မိမိအနေနှင့် သာသနာ့လုပ်ငန်းတွင် လုပ်ဆောင်နေရာ၌ အဖူးအပွင့်များ ဖြစ်သင့်သလောက်မဖြစ်လာခြင်းတို့အပေါ် အားမလိုအားမရဖြစ်ပြီး အသင်းတော်ကြီး သို့မဟုတ် သာသနာတော်ကြီး မိမိကြောင့် မနိမ့်ကျသွားစေဘဲ တိုးတက်အောင်မြင်မှုတို့အပေါ် စိတ်ဆန္ဒပြင်းပြခြင်းပင်ဖြစ်သည်။ ထိုသို့ ခံစားလာရသောအခါ ဘုရားရှင်ထံ ရင်ဖွင့်ပြီး မျက်ရည်ဖြင့် အော်ဟစ်တောင်းဆိုခြင်းဖြင့် ကျော်ဖြတ်သွားနိုင်မည်ဖြစ်သည်။

John G.Lake ဆိုသူ ဧဝံမောလိဆရာကြီးသည် တောင်အာဖရိကပြည်တွင်

သွားရောက်အမှုထမ်းဆောင်စဉ် အကြီးအကျယ်နာမကျန်းဖြစ်ပြီး မိမိမိသားစုထဲမှလည်း အသေအပျောက်များ ဖြစ်ပေါ်ခံစားခဲ့ရသည်။ ထိုအချိန်တွင် ဘုရားထံ မျက်ရည်ဖြင့် ဝိညဉ်ခွန်အားတောင်းဆိုခဲ့ရာ တောင်အာဖရိကတခွင် သာသနာတော်မြတ်ကို အောင် မြင်စွာ ထမ်းဆောင်ခွင့်ရခဲ့ပေသည်။

အပြုသဘောဖြစ်သော အားမလိုအားမရမျိုး မွေးမြူနိုင်ကြပါစေ။

## ၇၁။ ပြင်ပကို မြင်ရုံနှင့် မယုံလိုက်ပါနှင့်။ အတွင်းနှင့်အပြင်တူချင်မှ တူပေလိမ့်မည်။ (၁ ဓမ္မ ၁၆း၇)

အပြစ်အမျိုးမျိုးကို ကျူးလွန်ထားသောသူတစ်ယောက်ဖြစ်သော်လည်း ပြင်ပရုပ်ရည်လက္ခဏာကို ကြည့်လိုက်လျှင် အလွန်ရိုးသားသူတစ်ယောက်အသွင် ပေါ်ကောင်းပေါ်နေတတ်သည်။ ပြန်လည်သတိရကြည့်ပါ။ ဧဒင်ဥယျာဉ်တွင် ပထမဆုံး ဉာဏ်ဆင်မှုသည် မိမိအပြစ်ကို မိမိဖုံးဖို့ပင်ဖြစ်သည်။ ထို့ကြောင့် ထာဝရအရှင်ဘုရားသခင်က 'သင် အဘယ်မှာရှိသနည်း'။ 'သင် ဘာ့ကြောင့် ပုန်းရှောင်နေရသနည်း'။ 'သင် ဘာလုပ်မိခဲ့သနည်း' ဟု မေးရလေသည်။

အပြစ်မရှိယောင် ဟန်ဆောင်မှုသည် အဆပေါင်းများစွာ ပြန်လည်ပေးဆပ်ရတတ်သည်။ ထို့ကြောင့် ဟေရှာယက (ဟေရှာ ၁၃း၈) တွင် မိမိတို့အပြစ်ကို မိမိတို့၏ နီရဲသော ရှက်သောမျက်နှာဖြင့် ဖုံးကွယ်၍ပင်မရနိုင်ကြောင်း ဖော်ပြထားပေသည်။ သို့သော် လူ့ဘက်မှ မကြောက်မရွံ့ ဂရုမစိုက်ဘဲ ပွဲတော်မင်္ဂလာကို ဝင်နေမြဲ ဝင်နေကြပေသည်။

လူတစ်ယောက်အား အကဲဖြတ်ရန် အလွန်ခက်ပါသည်။ အရိပ်အကဲ အသွားအလာကိုကြည့်၍ သိနိုင်သည့်အခါမျိုးရှိသကဲ့သို့ မိမိအား သန့်ရှင်းသောဝိညဉ်တော်၏ ဖွင့်ပြခြင်းအားဖြင့်လည်း ရံဖန်ရံခါသိရှိနိုင်ပါသည်။ သို့သော် များသောအားဖြင့် လူ



တစ်ယောက်အား ပြင်ပမှ ကြည့်ရုံဖြင့် အတွင်းဖြစ်ရပ်များကို သိဖို့ရန် လွယ်မည်မဟုတ်ပေ။

## ၇၂။ ဆုံးဖြတ်ချက်တစ်ခုခုချရာတွင် အသင်းသူအသင်းသားတို့၏ အလိုဆန္ဒကို အလေးပေးတန်ဖိုးထားပါ။ (၁ ပေ ၅း၃)

များသောအားဖြင့် ကိစ္စအသေးအမွှားများကိုသာ အသင်းသူအသင်းသားတို့အား အသိပေးဆန္ဒခံယူမှုများ ပြုလုပ်လေ့ရှိကြသော်လည်း ကြီးမားသောကိစ္စများနှင့် ပတ်သက်လာလျှင် (ဥပမာ) အဆောက်အဦကိစ္စ၊ အသင်းတော်ဖွဲ့စည်းရေးကိစ္စတို့နှင့် ပတ်သက်လာလျှင် နီးစပ်သူလက်တစ်ဆုပ်နှင့် နားလည်မှုယူပြီး လုပ်သွားလေ့ရှိတတ်သည်။

သို့သော်လည်း အသင်းတော်များတွင် သင်းအုပ်များအပေါ် အများ မကျေမနပ် အကြည်ညိုပျက်မှုများ ပေါ်ထွက်လာတတ်သည်။ ဖြစ်နိုင်ပါက သင်းအုပ်နှင့် အသင်းတော်လူကြီးတို့သည် အများသဘောပေါက်နိုင်ရန် အချိန်ယူတင်ပြဆွေးနွေးမှုများလုပ်သင့်သည်။ အတိုက်အခံအဖွဲ့များရှိလျှင် ထိုသူတို့ကို ပို၍အချိန်ပေးရပေမည်။ သူတို့နှင့် နားလည်မှုရယူရပေမည်။ ဝါရင့်ပြီး အစဉ်အသင်းတော်ကို စေတနာအပြည့်နှင့် ကြည့်ရှုပေးနေကြသောသူတို့က မရှင်းမလင်းဖြစ်နေလျှင် မိမိတင်ပြသောကိစ္စကို ခေတ္တရပ်ဆိုင်းသင့်က ရပ်ဆိုင်းထားသင့်သည်။ နားလည်ထားရန်အချက်မှာ မိမိ၏အကြံအစည် ရည်ရွယ်ချက် အကောင်အထည်ပေါ်လာရေးသည် ထိုထိုသောသူတို့အပေါ် မူတည်သောကြောင့် သည်းညည်းခံစောင့်ဆိုင်း နားလည်မှုရယူဖို့ အရေးကြီးသည်။

အသင်းတော်တွင် ရှေးထုံးစံအတိုင်း လိုက်လျှောက်နေသော အာဏာရှင်ဆန် သည့်သူအချို့ရှိသလို အများဆန္ဒအတိုင်းလုပ်လိုသူ လူများစုလည်းရှိတတ်သည်။ အာဏာရှင်ဆန်သောသူတို့အနေနှင့် မိမိတို့ စိတ်တိုင်းမကျလျှင် အပြတ်ရှင်းထုတ်လိုက်လို သောဆန္ဒများရှိတတ်သည်။ ပိတ်ဆို့မှုများ လုပ်လိုတတ်သည်။

အသင်းတော်တွင်း တင်း မာမှုများပေါ်ထွက်လာတတ်သည်။ အများဆန္ဒအရ လိုလားသူတို့အနေဖြင့် အဆုံးအ ဖြတ်ချရသည့်နေရာတွင် နှောင့်နှေးတတ်သည်။ အချိန်ဆွဲတတ်ကြသည်။ ညှိဖို့ အချိန် ပေးရတတ်သည်။

ဆုံးဖြတ်ချက်ချရာတွင် စွန့်စားမှုလိုပေသည်။ သို့သော် အများဆန္ဒအရ ဆုံးဖြတ်မှုသည် အန္တရာယ်နည်းပြီး အာဏာရှင်ဆန်ဆန် အပေါ်စီးဆုံးဖြတ်မှုတို့အနေနှင့် အန္တရာယ်များရုံမက စီမံကိန်း သို့မဟုတ် ရည်ရွယ်ချက်ကြီးပင် ပျောက်ပျက်သွားနိုင်သည်။ အချင်းချင်း စိတ်မအီမသာမှုသာ ကျန်ရစ်တတ်ပေသည်။

ထို့ကြောင့် အသင်းတော်ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ မိမိတို့အသင်းသူအသင်းသားများ ရင့်ကျက်မှုဖြစ်လာအောင် လေ့ကျင့်ပေးခြင်းသည် အလွန်အရေးကြီးပေသည်။ သို့မှသာ ခေါင်းဆောင်နှင့် နောက်လိုက်တို့ အပေးအယူညီမျှပြီး တစ်ဦးပေါ် တစ်ဦး ယုံယုံကြည်ကြည် ရေရှည်ဆက်ဆံသွားနိုင်ကြမည်သာဖြစ်သည်။

## ၇၃။ သာသနာပိုင်အဆောက်အအုံပစ္စည်းများရှိရပေမည် သို့သော် ထိုအရာတို့အပေါ် အချိန်ပေးစုဆောင်းသလို ပြင်ပမှ ဝိညာဉ်များ ရရှိရေးအတွက်လည်း အချိန်ပေးကြရသည်။

မိမိတို့ ပိုင်ဆိုင်ထားသော အဆောက်အအုံ၊ ဗိမာန်တော်၊ ကားအစရှိသည်တို့အား ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်ရှိပါသည်။ သို့သော် ထိုအရာများအပေါ်၌သာ စိတ်စွဲလန်းကြည်နူးနေကြမည်ဆိုလျှင် အသင်းတော်၏ အပြင်ဘက်မှာရှိသော ဝိညာဉ်များအပေါ် တာဝန်မဲ့လာကြမည်ဖြစ်သည်။ အသင်းတော်အတွင်း၌သာ အချိန်ကုန်လုံးပမ်းနေကြရတာမို့ ပြင်ပထွက်လုပ်ရမည့် သာသနာလုပ်ငန်းများအပေါ် အာရုံစူးစိုက်မှု လျော့နည်းလာမည် မလွဲပေ။ ယေရှုကဲ့သို့ ခေါင်းဆောင်များဖြစ်သင့်သည်။ ခါနန်ပြည်သို့ ရှေးရှုချီတတ်ကြရန် လိုအပ်ပေသည်။



ဓမ္မသစ်ခေတ်အသင်းတော်တို့သည် အမြင်သစ်ဖြင့် ပြုပြင်ပြောင်းလဲကာ ရှေ့သို့ချီတတ်နေသော အသင်းတော်များဖြစ်ကြောင်း မမေ့အပ်ပေ။

## ၇၄။ အမြင့်ဆုံးသောဘုရား၏ ကွယ်ကာရာ ဌာနတော်၌ အစဉ်နေပါ။

(ဆာလံ ၉၁) ကတိတော်ပေါင်း ၂၆ ချက်။

(ဟေရှာယ ၅၈) တွင် ကတိတော်ပေါင်း ၁၇ ခုပါဝင်နေကြောင်းတွေ့ရပေမည်။ အဓိက သော့ချက်မှာဖြင့် (ဟေရှာ ၅၈း၇) တွင် *'မွတ်သိပ်သောသူကို အစာကျွေးခြင်း၊ နေရာမရှိ ဆင်းရဲသောသူတို့ကို ကိုယ့်အိမ်သို့ဆောင်ခြင်း၊ အဝတ်မရှိသောသူကိုမြင်လျှင် အဝတ်ကိုပေးခြင်း၊ ကိုယ်အသားကို မရှောင်ဘဲနေခြင်းမဟုတ်လော'* ဆိုသည့် မိမိတို့ထက်ဒုက္ခရောက်သောသူတို့ကို စာနာကူညီဖို့နှင့် (ဆာလံ ၉၁း ) တွင် ကတိတော်ပေါင်း ၂၆ ခုပါဝင်ကြောင်းတွေ့ရပေမည်။ အဓိကသော့ချက်မှာဖြင့် (ဆာလံ ၉၁း၁) တွင် 'အမြင့်ဆုံးသော ဘုရား၏ ကွယ်ကာရာအရပ် ဌာနတော်တွင်နေသောသူ' ဟူ၍ တွေ့ရပေမည်။ ကျန်အချက်ကြီးနှစ်ချက်အပေါ် လိုက်လျှောက်ကျင့်သုံးသူတို့အား ဘုရားသခင်သည် ပြည့်ဝသော ကောင်းချီးမိုးရွာသွန်းပေးမည်ဟု ကတိရှိပါသည်။

ယနေ့အဖို့ အမြင့်သောဘုရား၏ကွယ်ကာရာဌာနဟူသည် အဘယ်နည်း။ ရှိကောရှိသလော။ *'သင်သည် ဆုတောင်းသောအခါ ဆိတ်ငြိမ်ရာအခန်းသို့ဝင်၍ တံခါးကို ပိတ်ပြီးမှ မထင်ရှားသောအရပ်၌ ရှိတော်မူသောသင်၏အဖကို ဆုတောင်းလော့၊ မထင်ရှားသောအရာကို မြင်တော်မူလော့၊ သင်၏အဖသည် အကျိုးကို ထင်ရှားစွာပေးတော်မူပေတဲ့'*။ (မာသဲ ၆း၆)

ထိုအကျိုးများဆိုသည်မှာ -

* ထာဝရဘုရား၏အရိပ်တော်အောက်၌ ခိုလှုံခွင့်ရရှိခြင်း၊
* ထာဝရဘုရားသည် မိမိတို့အား ရဲတိုက်ကြီးသဖွယ် အကာအကွယ်ပေးခြင်း၊
* ထာဝရဘုရားသည် စာတန်၏ကျော့ကွင်းအမျိုးမျိုးမှ မိမိအားကယ်လွှတ်ခြင်း၊

* ထာဝရဘုရားသည် မိမိအား ရောဂါအမျိုးမျိုးတို့ဘေးမှ လွတ်မြောက်စေခြင်း၊
* ထာဝရဘုရားသည် မိမိအား နေ့ညဖြစ်တတ်သော အန္တရာယ်အမျိုးမျိုးကြားမှ စောင့်ရှောက်ခြင်း၊
* ထာဝရဘုရားသည် မိမိပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေသော မကောင်းသော အရာခပ်သိမ်းမှ ထိန်းသိမ်းစောင့်ရှောက်ခြင်း စသည်တို့ဖြစ်သည်။

ထိုထာဝရဘုရား၏ ကွယ်ကာရာဌာနတော်သို့ ရောက်ရှိရေးအတွက် လူသားတို့သည် အစွမ်းကုန် နည်းအမျိုးမျိုးတို့ဖြင့် ကြိုးစားကြသည်။ ဥပမာ-တချို့မှာ အလွန်မြင့်သောတိုက်ကြီး၏ အပေါ်ဆုံးထပ်ရောက်ဖို့ အပြင်ဘက်မှ နည်းအမျိုးမျိုးတို့ဖြင့် ကြိုးစားကြသည်။ ထိုသူတို့ မသိသောအချက်မှာ တိုက်ကြီး၏အတွင်း၌ ဓာတ်လှေကားရှိသည်ကို သတိမမူမိကြပေ။ ထိုထာဝရဘုရား၏ ကွယ်ကာရာဌာနတော်သို့ ရောက်ရှိရေးမှာ မိမိတို့ဘက်မှ ကြံဖန်၍ မရနိုင်ပါ။ မိမိတို့မှာရှိသော အတ္တသဘောများ၊ ကိုယ့်အားကိုယ်ကိုးခြင်းများ ဖယ်ချပြီး ယုံကြည်ခြင်းဖြင့် ထိုအထဲသို့ရောက်မှသာ မိမိတို့အား ပြုပြင်ပြင်ဆင်ပေးမည်ဖြစ်သည်။ ထို့ကြောင့် မိမိတို့ဘက်မှ ယုံကြည်ခြင်းအပြည့်အဝနှင့် မိမိတို့မှာ ရှိသောအတ္တစိတ်များ ဖယ်ရှားပစ်နိုင်ရေးသည် အဓိကဖြစ်သည်။

ထိုနေရာတွင် တန်ခိုးရှိသည်။ ထိုမှာရှိသော အဖဘုရားနှင့် ထိတွေ့မှသာ မိမိတို့လုပ်ဆောင်ရမည့် သာသနာလုပ်ငန်းမှာ ထိရောက်ထက်မြက်စွာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

## ထိုတန်ဖိုးရှိသောနေရာသို့ သွားဖြစ်အောင်သွားကြည့်ပါ။

အသင်းတော်တစ်ပါးမှာ ဓမ္မတေးများသီဆိုရေးသားသော အမျိုးသမီးကြီးတစ်ဦးရှိသည်။ မိမိ၏ခင်ပွန်းသည်၏ မေတ္တာကို လုံးဝမခံစားရရှာပေ။ အစဉ် မိမိကို ဒုက္ခ ပေးလေ့ရှိသည်။ ထိုသို့သော ဖိစီးမှုကြောင့် ထိုအမျိုးသမီးကြီးသည် တန်ခိုးရှိသောနေရာ သို့ (ခရစ်တော်ထံသို့) တိုးဝင်ချဉ်းကပ်ခဲ့ခြင်းကြောင့် မြောက်များ



စွာသော ယနေ့ကမ္ဘာပေါ်တွင် သီဆိုနေကြသော ဓမ္မတေးမြောက်များစွာ ရေးသားသီဆိုနိုင်ခဲ့ပေသည်။ တစ်နေ့ စာရေးသူဆရာကြီးအား မိမိသီဆိုမည့်ပွဲသို့ ဖိတ်ခေါ်ခဲ့ရာ အမျိုးသမီးကြီးအနေနှင့် 'နာမတကာတို့ထက် မြတ်သော နာမတော် ယေရှု' ဟူသော ဓမ္မတေးကို သီဆိုစဉ် စာ ရေးဆရာကြီးမှာ မျက်ရည်များကျခဲ့ရပေသည်။ များစွာသော နာမည်ကျော်ဓမ္မတေးတို့သည် ထိုတန်ခိုးတော်ရှိရာအရပ်က ပေါ်ထွက်လာခြင်းဖြစ်သည်။ ဓမ္မတေးလေးတစ်ပုဒ်မှာ -

There is a place of  puiet rest near to the heart of God,
A place where sin cannot molest near to the heart of God.
Oh! Jesus, blest redeemer, sent from the heart of God,
Hold us, who wait before thee, Near to the heart of God.
THere is a place of comfort sweet near to the heart of God,
A place where we our saviour mwwt near to the heart of God.
There is a place of full release near to the heart of God,
A place where all is joy and peace near to the heart of God.

(N0. 97 in the Redemption Hymnal)

ထိုတန်ခိုးရှိရာအရပ် (ခရစ်တော်ထံ) သွားခြင်းအမှုသည် ရံဖန်ရံခါ အားသည့်အခါမျိုး မဟုတ်ပါ။ နေ့စဉ်ရောက်ရမည့်နေရာဖြစ်ပြီး မိမိတို့ဘက်မှ နေ့စဉ်သွားရမည့်တာဝန်ရှိသည်။ အမှုတော်ဆောင်များ အလုပ်များခြင်းကြောင့် ထိုနေရာသို့ မရောက်ဖြစ်တတ်သည်။ သတိပြုပါ။ အရောက်သွားခြင်းဖြင့် ထိုသခင်ထံမှ ကျေးဇူးတော်၊ ကရုဏာတော်များခံစားရပြီး မိမိတို့၌ မြောက်များစွာသော ဝိညာဉ်သီးများပေါ်ထွက်လာမည်မှာ မလွဲပေ။

## ၇၅။ ရိုးရိုးလေးအကြောင်းမို့ အထင်မသေးပါနှင့်။

စာရေးသူဆရာကြီးအနေနှင့် တစ်ညမှာ 'စောင့်ထိန်းတော်မူလိမ့်မည်။ နေ့စဉ်လျှောက်ရာခရီးလမ်းမှာ' ဟူသည့် ဓမ္မတေးအား နားတွင်ကြားယောင်လိုက်ရပြီး မိမိ

ကိုယ်တိုင်လည်း လိုက်ဆိုရင်း မိမိအား ဘုရားသခင်ကိုယ်တော်တိုင် ဆိုပေးနေသည်ဟု ခံစားလိုက်ရသည်။ ထိုသို့ခံစားရပြီး ရက်များမကြာမီ ဓမ္မဆရာပေါင်းသုံးဆယ်နှင့်အတူ ဓမ္မဆရာများ စည်းဝေးကျင်းပမည့်နေရာသို့ ကားဖြင့် ခရီးပြုခဲ့ကြသည်။ တောင်ကွေ့ တောင်စောင်းများ အလွန်များသောခရီးဖြစ်သည်။ မမျှော်လင့်ဘဲ ကားသည်ဘရိတ် ပေါက်သွားသဖြင့် ထိန်းမရသိမ်းမရအခြေအနေသို့ ရောက်လာပြီး ကားမောင်းသူအနေ နှင့်လည်း သတိထားကြဖို့အော်ပြောရင်း ကားကို အတတ်နိုင်ဆုံးထိန်းသိမ်းနေခဲ့သော် လည်း အခြေအနေမှာ သေဖို့သာရှိတော့ကြောင်း အားလုံးက သဘောပေါက်နေကြတော့ သည်။ ထိုအချိန်မှာ ကားမောင်းသူဘေးက ထိုင်ပါလာသော ဆရာတစ်ပါးက တောင် နံရံဘက်ကပ်လိုက်ပါလို့ အကြံပြုချက်အရ တောင်နံရံကို ကပ်လိုက်သောအခါ ကား သည်အရှိန်လျော့ပြီး မှောက်မတတ် တောင်ခါးပန်းမှာစောင်း၍ ရပ်တန့်သွားတော့သည်။ အားလုံးသောဓမ္မဆရာတို့သည် ကားဘေးပေါက်က တစ်ယောက်ချင်း မသေမပျောက်ဘဲ လွတ်မြောက်ခဲ့ကြရသည်။

စာရေးဆရာကြီးအနေနှင့် သူ၏ ညတစ်ညက ရရှိခဲ့သော ရူပါရုံအကြောင်း ပြောပြဖို့ရန် ရိုးသားလွန်းသောကြောင့် ပြောရမှာရှက်သလိုပင် ခံစားရသည်။ သို့သော် ထိုခံစားရသော ရူပါရုံ၏နောက်ပိုင်း၌ အသက်လွတ်မြောက်ခွင့်ရခဲ့သောကြောင့် 'နေ့ စဉ်လျှောက်ရာ ခရီးလမ်းမှာ ကိုယ်တော်စောင့်ထိန်းလိမ့်မည်' ဟူသည့် မဟာကတိတော် အကြောင်း မပြောဘဲမနေနိုင်သည့်အခြေသို့ ရောက်ခဲ့ရသည်။

ရိုးရိုးလေးအကြောင်းမို့ အထင်မသေးပါနှင့်။ မိမိတို့၏ဘဝအတွေ့အကြုံများ အကြောင်း ပြောဖို့ရန် မရှက်ပါနှင့်၊ မကြောက်ပါနှင့်၊ သက်သေခံဖို့ ဝန်မလေးကြပါနှင့်။

## ၇၆။ အမှုမဲ့ မနေပါနှင့်။ ဘုရား၏ ပြုပြင်မှုကိုခံယူပါ။ ကိုယ့်အားကိုယ် မကိုးပါနှင့်။

ဘုရားရှင်တော်မြတ်၏ အလိုတော်ပြည့်စုံရေးအတွက် မိမိတို့၏ အလိုဆန္ဒ၊



မိမိတို့၏ဉာဏ်၊ အသိပညာ အတတ်ပညာတို့ဖြင့် စွမ်းဆောင်နိုင်မည်မဟုတ်ပါ။ ကိုယ့် အားကိုယ်ကိုးခြင်းဖြင့် ဝိဉာဉ်ရေးရာရေးတွင် အောင်မြင်မှု ရရှိမည်မဟုတ်ချေ။ လူပင် ပန်းပြီး အောင်မြင်ခြင်းထက် ရှုံးနိမ့်မှုဘက်သို့ အလေးသာသွားမည်သာ ဖြစ်သည်။ ကိုယ့် အားကိုယ်ကိုးပြီး ရရှိသောအကျိုးသည် စစ်မှန်သော ရှင်လန်းမှုကို ဖြစ်ပွားစေမည်မဟုတ် ပေ။ ဥပမာ - အာဗြဟံ သည်ပင် ဘုရား၏ အလိုတော်ပြည့်စုံဖို့ မိမိ၏အစွမ်းအစဖြင့် ဣရှမေလအား ရယူခြင်းဖြင့် မိသားစုအတွင်း ပြဿနာကြီးပေါ် ပေါက်ခဲ့ဖူးပေသည်။ (၂ ချုပ် ၆း၈-၉)တွင် '*ထာဝရဘုရားက သင်သည် ငါ့နာမအဖို့ အိမ်ကို တည်ဆောက် ခြင်းငှာ အကြံရှိသောကြောင့် ကောင်းသောအမှုကို ပြုသည်။ သို့သော်လည်း သင်သည် အိမ်တော်ကိုမဆောက်ရ၊ သင်၏ သားရင်းသည် ငါ့နာမအဖို့ အိမ်တော်ကို ဆောက်ရ မည်ဟု ငါ့ခမည်းတော် ဒါဝိဒ်အား မိန့်တော်မူ၏*' ဟု ဒါဝိဒ်မင်းကြီးအား ဆောက်ခွင့် မပေးဘဲ သားတော် ရှောလမုန်အားဖြင့်သာ (၃ ဓမ္မ ၆း၇)အရ သံတူ၊ ပုဆိန်၊ သံတို့ အသံပင် မကြားရဘဲ ပြီးမြောက်ခဲ့ကြောင်းသိရပေသည်။

ထို့ကြောင့် (ဆာလံ ၁၂၇း၁) တွင် '*ထာဝရဘုရားသည် အိမ်ကိုဆောက်တော် မမူလျှင် ဆောက်သောသူတို့သည် အချည်းနှီးလုပ်ဆောင်ကြ၏*' ဟုဖော်ပြပါရှိပါသည်။ လူတို့၏ သဘောသဘာဝအရ လိုအပ်သည်ကိုမြင်လျှင် ဉာဏ်ရှိသလောက် စဉ်းစားပြီး မိမိခွန်အားကို ထုတ်ကာ ပြုလုပ်လေ့ရှိကြသည်။ ဘုရားရှုထောင့်မှကြည့်လျှင် လိုအပ် သည်ကိုမြင်လျှင် မိမိတို့ အစွမ်းအစအားဖြင့် ပြုလုပ်ခြင်းထက် ဘုရားရှင်၏အလိုတော် ကို တောင်းခံပြီး ဘုရားရှင်အားဖြင့် ပြီးမြောက်စေခြင်းဖြစ်သည်။ အချုပ်အားဖြင့် မိမိ အလိုဆန္ဒနှင့် မိမိ၏ အစွမ်းအစတို့အပေါ် အားထားသည်ထက် ဘုရားရှင်၏အလိုတော် မြတ်ကို ဦးစားပေးလမ်းပြမှုကို ခံယူကာ ဆောင်ရွက်တတ်ဖို့ အထူးဂရုပြုကြရပေမည်။

## ၇၇။ မိမိကိုယ်မိမိ 'စူပါမင်း' နေရာမယူပါနှင့်။

သာသာနာ့လုပ်ငန်းတွင် ရေရှည်လုပ်ဆောင်လိုလျှင် မိမိတစ်ဦးတည်းကသာ အရာရာကို တာဝန်ယူဆောင်ရွက်ရမည်ဟူသည့် ခံယူချက်မျိုး မမွေးအပ်ပေ။

နာမည်ကျော် ညွှန်ကြားရေးမှူးတစ်ဦးက မိမိလုပ်ငန်းများ အောင်မြင်လိုလျှင် လက်ဝယ်ရှိသော အလုပ်တစ်ခုကို ပြီးမြောက်အောင်လုပ်ဆောင်တတ်ဖို့က အဓိက ဖြစ်သည်ဟု ပြောဆိုခဲ့ဖူးပါသည်။ ထို့ကြောင့် ဝမ္ဘဝန်ဆောင်များအနေနှင့် တစ်ချိန်ထဲတွင် မြောက်များစွာသောအလုပ်များကို လုပ်ဆောင်ခြင်းအလေ့အထကို ရှောင်ရှားသင့်သည်။ ရေရှည်မှာ ကျန်းမာရေးထိခိုက်လာပြီး ထိရောက်မှုလည်း လျော့နည်းလာပေလိမ့်မည်။

ပြီးသမျှအလုပ်သည် အပြစ်အနာမရှိဘဲ မိမိကိုယ်တိုင်လည်း နားနားနေနေ ဖြစ်လိုလျှင် အလုပ်ကို စနစ်တကျ တစ်ခုချင်းမှန်မှန် လုပ်သွားရပေမည်။ ခွဲဝေလုပ်ဆောင်တတ်ဖို့လည်း လိုပေသည်။ မိမိတစ်ဦးတည်း သိမ်းကြုံးလုပ်ခြင်းဖြင့် အောင်မြင်နိုင်မည် မဟုတ်ပါ။ ဘုရားသခင်ကလည်း မိမိအား 'စူပါမင်း' လုပ်ခိုင်းနေခြင်းမဟုတ်ပါ။ တချို့တချို့တို့မှာ ရှင်ပေါလုကြီးကို အတုယူပြီး ထပ်ချပ်မကွာ အတုယူရန် ကြိုးစားတတ်ကြသည်။ သတိပြုရန်အချက်မှာ မိမိသည် ရှင်ပေါလုမဟုတ်ကြောင်းပင်ဖြစ်သည်။

နာမည်ကျော် ရုပ်ရှင်ထုတ်လုပ်သူ Steven Spielberg အနေနှင့် လုပ်ငန်းတစ်ခုကို အချိန်အရှည်ကြီးလုပ်လေ့မရှိဘဲ မိမိ မိသားစုအတွက် အချိန်များဖယ်ကာ ရုံးပိတ်ရက်များတွင် အနားယူ အားဖြည့်လေ့ရှိကြောင်း သိရပေသည်။ အလုပ်များကိုလည်း ခွဲဝေလုပ်ဆောင်လေ့ရှိသည်။ ထို့ကြောင့် Workaholic ဟုခေါ်သော အလုပ်တွင်ကျွန်ဖြစ်နေပြီး လုံးထွေးနေသောသူ ဖြစ်ပါက ရေရှည်မှာ ထိရောက်မှုများ ကျဆင်းလာပြီး အချိန်နှင့်အလုပ် မမျှတတော့ဘဲ ကိုယ်ကျိုးနည်းဖြစ်လာတတ်သည်။ လောကမှာ Alcholic ခေါ် သေရည်သေရက်၏ ကျွန်များရှိသလို Workaholic အလုပ်၏ ကျေးကျွန်များလည်းရှိသည်။ သတိပြုပါ။

## ၇၈။ ကြိုးစားထိုးဖောက်ပါ။ မပြိုလဲပါစေနှင့်။

အောင်မြင်မှုမရခင် အခက်အခဲ အဟန့်အတား မြောက်များစွာ ကျော်ဖြတ်



ရမှာဖြစ်သည်။ အိမ်ထောင်ရေး၊ စီးပွားရေး၊ အသင်းတော်ရေး၌လည်း အခက်အခဲ ပြဿနာတောင်တန်းများ ရှိတတ်သည်။ ထိုသို့ ကျော်ဖြတ်ရင်း ပြိုလဲအရှုံးပေးရတတ်သည်။

အသင်းတော်တစ်ပါးတွင် ကြာမြင့်စွာ ပြဿနာတစ်ရပ်ပေါ်ပေါက်ခဲ့သည်။ သင်းအုပ်ကြီးကိုယ်တိုင် ပါဝင်နေရသောကြောင့် လူရောစိတ်ပါ ပင်ပန်းနွမ်းနယ်ခဲ့ရသည်။ ပြိုလဲလုမတတ် ခံစားခဲ့ရသည်။ အခက်အခဲ မြောက်များစွာတို့နှင့် ရင်ဆိုင်ရသော်လည်း အဖဘုရားသခင်အားဖြင့် ထိုးဖောက်ကျော်ဖြတ် ပြီးဆုံးခဲ့ရသည်။ အဆုံး၌ အံ့ဩဖွယ်သော ကောင်းချီးမင်္ဂလာများ ခံစားကြရသည်။

အိမ်ထောင်ရေးများမှာလည်း ပြိုလဲလုမတတ် ဖြစ်ပျက်ခံစားနေကြရသော်လည်း ဘုရားသခင်အားဖြင့် ထိုးဖောက်အနိုင်ယူခြင်းဖြင့် ကြွယ်ဝသော ကောင်းချီးမင်္ဂလာများ ဆက်လက်ခံစားကြရပေသည်။

ယုံကြည်သူ ဇနီးမောင်နှံ နှစ်ဦးတို့သည် စီးပွားရေးကျဆင်းလာသောကြောင့် မိမိတို့ နေအိမ်ကိုပင် ရောင်းပြီး အခြားတပါးသို့ ပြောင်းရွှေ့နေရတော့မည့်အခြေသို့ ရောက်လာတော့သည်။ သင်းအုပ်ထံ ရောက်လာပြီး အကူအညီတောင်းသောအခါ သင်းအုပ်အနေနှင့် ဆုတောင်းခြင်းမှတပါး အခြား ကူညီနိုင်စွမ်းမရှိရှာပေ။ ထိုသို့ ဆုတောင်းခြင်းကြောင့် မမျှော်လင့်ဘဲ အခြားယုံကြည်သူတစ်ဦးသည် ပေါ်လာပြီး ထိုဇနီးမောင်နှံနှစ်ဦးအား စီးပွားရေးလုပ်ငန်းလေးတစ်ခုကို လုပ်ရန်ဖိတ်ခေါ်လာသည်။ စိတ်ဝင်စားဖွယ်ရာ လုပ်ငန်းမဟုတ်သော်လည်း ရွေးစရာမရှိသောကြောင့် ထိုလုပ်ငန်းလေးကို လက်ခံလိုက်ကြသည်။ ယခုမှာ ထိုဇနီးမောင်နှံတို့သည် စီးပွားရေး အောင်မြင်ရုံမက မိမိတို့ရင်ဆိုင်ခဲ့ရသော အခက်အခဲများကို ကျော်ဖြတ်ကာ ပြိုလဲခြင်းမရှိဘဲ မားမား မတ်မတ်ရပ်တည်လျက်ရှိနေကြသည်။

ရံဖန်ရံခါ ပြိုကွဲမှုကြီးတို့နှင့် ရင်ဆိုင်ရတတ်သည်။ အရေးကြီးသည်မှာ မိမိနှင့်

ဘုရားကြား မပြိုကွဲဖို့ အရေးကြီးသည်။ ပြိုကွဲမှုကြီးထဲမှ အတွေ့အကြုံများကို လေ့လာပါ။ စိတ်ဓာတ်မကျစေပါနှင့်။ ဆက်လက်ကျော်ဖြတ်နိုင်ဖို့ ကြိုးစားပါ။ ရှေ့ကို ဆက်လျှောက်ပါ။ ပြန်လည်ရပ်တည်နိုင်လာပါလိမ့်မည်။

## ၇၉။ အသင်းတော်တစ်ပါးအား ကျဆင်းစေသော အဦးဆုံးခြေလှမ်းကို မြင်တတ်ပါ။

ဘုရားမပါဘဲ လှုပ်ရှားနေသော အသင်းမျိုးကို မြင်ရခြင်းသည် အလွန်ဝမ်းနည်းစရာကောင်းပေသည်။ လောကီဆန်ဆန် ခေတ်မီစွာ ဖွဲ့စည်းထားပြီး လူကျိတ်ကျိတ်တိုးအောင်မြင်မှုတွေ ရနေခြင်းကြောင့် ဘုရားပျောက်နေသော အသင်းတော်များလည်း ကမ္ဘာပေါ်တွင် ရှိနေကြသည်။ (စတိတ်ရှိုး) ဆန်ဆန်ဝတ်ပြုသည်များလည်း ရှိကြသည်။ ဘုရား၏ ဘိသိတ်ပေးခြင်းမျိုးမဟုတ်တော့ဘဲ လူ့သဘောဖြင့် ဆွဲဆောင်မှု အမျိုးမျိုးကို အသုံးပြုလာကြတော့သည်။

မိခင်ကြီးတစ်ဦးသည် ငယ်သောအရွယ်မှစ၍ အသင်းတော်တစ်ပါး၌သာ စွဲစွဲမြဲမြဲတက်ရောက်ပါဝင်ခဲ့သည်။ တစ်မနက် ဝတ်ပြုနေစဉ် ကွင်းကွင်းကွက်ကွက်ကြီးဤသို့ နားနှင့်ကြားလိုက်ရသည် 'ဘုရားနေရာ လူကယူနေရင် ဝိညာဉ်တော်အရှိန်တန်ခိုးငြိမ်းသွားလိမ့်မည်' ထိုအမျိုးသမီးကြီးသည် ထိုအသင်းတော်သို့ လုံးဝပြန်မသွားတော့ချေ။

မိမိတို့အသင်းတော်များ ထိုသို့မဖြစ်ရေးအတွက် များများဒူးထောက်ကြရပေမည်။

| **ဘုရားမရှိသောနေရာမျိုးမှာ ဆက်နေလို့ အကျိုးရှိပါ့မလား။** |
| --- |

ကျဆင်းစေသောခြေလှမ်းတို့အား သာမန်အားဖြင့် မြင်တွေ့ရန်မလွယ်ပါ။



တစ်နည်းမှာ အသင်းတော်တွင်းရှိ ပြောရေးဆိုခွင့်ရှိသူ တစ်စုတို့၏လွှမ်းမိုးမှုအောက်မှ အသင်းတော်လှုပ်ရှားမှုများ ပြုလုပ်နေသော်လည်း သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုမဟုတ်တော့ဘဲ မိမိတို့အကြိုက်လှုပ်ရှားမှုများဖြစ်သောကြောင့် အသင်းတော်ကို ကျဆင်းစေသော ခြေလှမ်းတစ်လှမ်းဖြစ်စေသည်။

ထို့တူ အသင်းတော်တွင်း ယုံကြည်သူတို့၏ ကျင့်ဝတ်နှင့်စာရိတ္တပိုင်းများအပေါ် ပေါ့ပေါ့တန်တန်ထားခြင်းဖြင့် (ဝတ်ပြု ၁၄း၃၃) တွင်ပါရှိသည့်အတိုင်း နူနာရောဂါသည် အိမ်နံရံများတိုင်အောင် ကူးစက်သွားသကဲ့သို့ ကျယ်ပြန့်သွားနိုင်သည်။ များသောအားဖြင့် ဖြေရှင်း၍မရသောပြဿနာများ၊ မဖြေရှင်းလိုသောပြဿနာတို့အား ဖျာအောက်ဖုံးထားလေ့ရှိတတ်သည်။ ထိုသို့ဖြစ်ခြင်းဖြင့်လည်း အသင်းတော်သည် မသန့်ရှင်းတော့ဘဲ ဘုရားရှင်နေဖွယ်ရာ မသင့်သောအရပ်အဖြစ်သို့ ရောက်သွားနိုင်သည်။

ထို့တူ အသင်းတော်ရှိ အသင်းသူအသင်းသားတို့၏ ယုံကြည်ခြင်းအခြေ လျော့နည်းကျဆင်းလာပြီး ပေါ့ပေါ့တန်တန်အသက်ရှင်ကာ မိမိတို့၏ယုံကြည်မှုအပေါ် သံသယများဝင်လာခြင်းဖြင့် အသင်းတော်အားကျဆင်းစေနိုင်ပါသည်။ ထို့ကြောင့် (ဟေဗြဲ ၁၁း၆) တွင် 'ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်' ဟု တွေ့ရပေမည်။ ထို့တူ (၂ ကော ၁၀း၁၆) တွင် 'သင်တို့၏ ယုံကြည်ခြင်းပါရမီမြင့်ပြီးမှ ငါတို့၏ အဝန်းအတာသည် အလွန်ကျယ်ဝန်းမည်ဟု မျှော်လင့်ခြင်းရှိ၏'။ သဘောမှာ အသင်းတော်တွင် ယုံကြည်ခြင်းအားကြီးမှသာ သာသနာတော်ကြီးတိုးပွားပြီး ကောင်းချီးမင်္ဂလာတို့နှင့်ပြည့်ဝကာ ဘုရားရှင်ကိုယ်တိုင် ကိန်းဝပ်ရာအရပ်ဖြစ်ပေမည်။

အသင်းတော်အား ကျဆင်းစေသည့် အခြားလက္ခဏာများမှာ - အသင်းတော်တွင်း မညီမညွတ်ဖြစ်ခြင်း၊ ဘုရား ဘိသိတ်ပေးထားသော သင်းအုပ်အပေါ် ရိုသေသမှုမရှိကြခြင်း၊ လောကီဆန်ခြင်း စသည်တို့ဖြစ်သည်။ ထို့ကြောင့် မိမိအသင်းတော်၏ကျ ဆင်းနေသော အဦးဆုံးခြေလှမ်းကို တွေ့မြင်ပြီး အချိန်မီပြုပြင်ဖို့ အရေးကြီးသည်။ အချိန် ဆွဲနေခြင်းဖြင့် ကုသရန် ခက်ခဲလာမည်ဖြစ်တတ်သည်။

ထိုအကြောင်းတို့ကြောင့် သင်းအုပ်များ၊ ဓမ္မဝန်ဆောင်များ၊ သာသနာ့ခေါင်းဆောင်များအနေဖြင့် မိမိတို့အသင်းတော်များ၏ ဝိဉာဉ်ရေးရာချိန်ခွင်ကို အစဉ်လေ့လာနေရပေမည်။ မိမိတို့၏ မြင်တွေ့ချက်နှင့် ပြုပြင်မှုတို့သည်လည်း မိမိတို့၏ အလိုဆန္ဒများ မဖြစ်မိဖို့ အထူးဂရုပြုကြရပေမည်။ 'နှလုံးသည် အသက်၏ အခြေအမြစ်ဖြစ်သောကြောင့် သင်၏နှလုံးကို အထူးသဖြင့် စောင့်ရှောက်လော့'။ (သုတ္တံ ၄း၂၃) သန့်ရှင်းသော ဝိဉာဉ်တော်အုပ်စိုးသော နှလုံးသားပိုင်ရှင်များ ဖြစ်နိုင်ကြပါစေ။

## ၈၀။ မိမိခံစားရသော ရှုပါရုံအား အစဉ်သက်ရှင်လှုပ်ရှားစေပါ။

မိမိ၏ဝိဉာဉ်ဖလင်ပြားပေါ်မှာ ရှုပါရုံတည်းဟူသော ရုပ်ကားရိုက်ကူးခွင့်ရမည်ဖြစ်သည်။ အဖဘုရား၏ အမှောင်ခန်းထဲတွင် သန့်ရှင်းသောဝိဉာဉ်တော်၏ အလင်းရောင်ခြည်ဖြင့် တဖြည်းဖြည်း ရုပ်လုံးပေါ်ထွက်လာပေလိမ့်မည်။ ထိုရရှိသော ရှုပါရုံကို အမှုမဲ့ ပစ်ထားခြင်း၊ အချိန်ဆွဲခြင်း၊ စိတ်ဝင်စားမှုမရှိခြင်းတို့ကြောင့် ထိုရှုပါရုံသည် မှိုတက်ပျက်စီးသွားနိုင်သည်။ 'နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍၊ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏'။ (ဆာလံ ၁၁၉း၁၀၅) ထိုကဲ့သို့ မှေးမှိန်သွားသော ရှုပါရုံအား ဘုရားရှင်၏ နှုတ်ကပတ်တော်အလင်းဖြင့် ပြန်လည်သန့်ရှင်းစေခြင်းဖြင့် ရှင်းလင်းပြတ်သားသော ရှုပါရုံကို ပြန်လည်မြင်ယောင်ရပြီး အကောင်အထည်ဖော်နိုင်မည့် ခွန်အားသစ်ကိုလည်း ထာဝရဘုရားထံမှ ရရှိပေလိမ့်မည်။

| |
|---|
| **ဘုရားသခင်ထံမှ လှုံ့ဆော်ဖွင့်ပြသော ရှုပါရုံသည်<br>အလွန်အံ့သြစရာ ကောင်းသည်** |

## ၈၁။ အောင်မြင်ရမည်ဟူသော ယုံကြည်ခြင်းမျိုးဖြင့် အမှုတော်ဆောင်ပါ။

အထူးသဖြင့် သင်းအုပ်များတို့သည် ရှုထောင့်အမျိုးမျိုးတို့မှ ပြဿနာအမျိုးမျိုး



တို့ကို ရင်ဆိုင်ဖြေရှင်းပေးနေရသူများဖြစ်သောကြောင့် အတွင်းခွန်အားများ ကျဆင်းကုန်ခမ်းလာတတ်သည်။ တဖြည်းဖြည်း စိတ်ဓာတ်ကျလာရုံမကတော့ဘဲ စိတ်ပျက်သွားတတ်သည်။ ဝိဉာဉ်ပိုင်းကိုလည်း ထိခိုက်လာနိုင်သည်။ ထို့ကြောင့် နေ့စဉ် အနားယူလန်းဆန်းမှုရယူဖို့ လိုပေသည်။ ဟန်ဆောင်ပြီး ပြုံးရယ်ကာ ပြင်ပလူမြင်ကောင်းအောင် ကျိုးစားလုပ်ဆောင်သော်လည်း မိမိပတ်ဝန်းကျင်က မိမိ၏ခံစားနေရသော အတွင်းသဘောကို တွေ့မြင်နေကြမှာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အတွင်းမှ ခံစားမှုတို့သည် ပြင်ပသို့ ပေါ်ထွက်လာမည်မှာ မလွဲပေ။ ရေရှည်ဟန်ဆောင်၍ရမည်မှာ မဟုတ်ပါ။

တိတ်ဆိတ်စွာ ဘုရားထံမှ ခွန်အားယူရန် အလွန်အရေးကြီးသည်။ အချိန်ပေးရမှာဖြစ်သည်။ 'ဟာလေလုယ' ဟု ကြွေးကြော်နေကြသော်လည်း အမှန်အတွင်း နှလုံးသားထဲမှာ အောင်မြင်မှု ရှိချင်မှရှိပေမည်။ အကျင့်ပါနေ၍ ပြုလုပ်မိသည်မျိုးလည်း ဖြစ်တတ်သည်။ အောင်မြင်ခြင်းတို့ဖြင့် ကြွေးကြော်သံများ ကျမ်းစာထဲတွင် ပါရှိပါသည်။ ဥပမာ- (ယောရှု ၆း၂၀) တွင် 'ထိုသို့နှင့်အညီ တံပိုးကိုမှုတ်၍ လူများတို့သည် ကြွေးကြော်ကြ၏၊ တံပိုးသံကို ကြား၍ ကျယ်သောအသံနှင့် ကြွေးကြော်ကြသောအခါ မြို့ရိုးသည် အကုန်အစင်ပြိုလဲ၍ လူများအပေါင်းတို့သည် မြို့ထဲသို့ တည့်တည့်ဝင်ပြီးလျှင် သိမ်းယူကြ၏' ဟု တွေ့ရပေမည်။ သို့သော် ထိုသို့ အောင်ပွဲမခံယူမီ (ယောရှု ၆း၁၀) တွင် 'ယောရှုကလည်း သင်တို့သည် ကြွေးကြော်စေခြင်းငှာ ငါမှာထားသောနေ့မရောက်မီတွင် မကြွေးကြော်ရ၊ အသံတစ်စုံတစ်ခုကိုမျှ မပြုရ၊ စကားတစ်ခွန်းကိုမျှ မပြောရ၊ ထိုနေ့ရောက်မှ ကြွေးကြော်ရမည်ဟု လူအများတို့အား မှာနှင့်လေသည်' ဟူ၍ အောင်မြင်ခြင်းကြွေးကြော်သံ မပြုလုပ်မီ ခြောက်ရက်ပတ်လုံး တိတ်ဆိတ်မှုကို ကြိုတင်ပြင်ဆင်ရကြောင်း တွေ့ရပေမည်။ ထို့ကြောင့် အောင်မြင်သော တရားဟောချက်များ ထွက်ပေါ်လာရေးအတွက် ရှေးဦးတိတ်ဆိတ်စွာ ဘုရားထံမှ ခွန်အားရယူဖို့အရေးကြီးသည်။ ထိုမှ သာ မိမိတို့မှ တစ်ဆင့်အောင်မြင်သံများ ထွက်ပေါ်လာမည်ဖြစ်သည်။

နာမည်ကျော်စာရေးဆရာကြီးတစ်ဦးက အရှိန်တန်ခိုးနှင့် အောင်မြင်ကျော်ကြားလိုလျှင် တိတ်ဆိတ်မှုကို နှစ်သက်သူဖြစ်ရမည်ဟု ပြောဆိုဖူးပါသည်။ ဧလိယ

သည်ပင် တိတ်ဆိတ်စွာ တစ်ဦးတည်းရှိနေချိန်မှာ ထာဝရဘုရားထံမှ ဖြည်းညင်းသော အသံကို ကြားရှိကြောင်း (၃ ဓမ္မ ၁၉း၁၂) တွင် အတိအလင်းတွေ့ရပေမည်။

ထို့ကြောင့် အောင်မြင်ရမည်ဟူသော ယုံကြည်ခြင်းမျိုး ရရှိဖို့ ရှေးဦးတိတ်ဆိတ်စွာ ဘုရားနှင့်အချိန်ယူပါ။ ထိုမှတစ်ဆင့် အမှုတော်ဆောင်ရွက်မည်ဆိုလျှင် မုချမလွဲ အောင်ပွဲဝင်ရမည်မှာ မလွဲပေ။

**ဘုရားနှင့်တိတ်ဆိတ်စွာ အချိန်ယူခြင်းသည် အမှန်ခွန်အားဖြစ်စေသည်။**

## ၈၂။ သူတပါးအတွက် ကြားဝင်ဆုတောင်းပေးလိုလျှင် မိမိ၌ ရန်သူကို အောင်မြင်နိုင်သည့် လက်နက်ကောင်းရှိရမည်။

သူတပါးအတွက် ကြားဝင်ဆုတောင်းပေးရာတွင် ဆုတောင်းတိုင်းလည်း အောင်မြင်ချင်မှ အောင်မြင်လိမ့်မည်။ ရချင်မှလည်း ရပေလိမ့်မည်။ ရံဖန်ရံခါ မအောင်မြင်သည့်အပြင် မိမိတို့အပေါ် ကြီးမားသောအန္တရာယ် တုံ့ပြန်မှုများပင် ကျရောက်လာတတ်သည်။ ဤသို့သော ဝိညာဉ်ရေးရာတိုက်ပွဲတို့တွင် မိမိတို့ဘက်၌ ထက်မြက်သောရန်သူကို အောင်မြင်နိုင်သည့်လက်နက်မျိုးရှိဖို့ လိုပေမည်။ ထိုလက်နက်ကား အခြားမဟုတ်ပါ (၁ ကော ၁၅း၂၅-၂၆) တွင် ပါရှိသည့် ‘ခရစ်တော်သည် ရန်သူအပေါင်းတို့ကို ခြေဖဝါးတော်အောက်၌ ချထားတော်မမူမီတိုင်အောင် အုပ်စိုးတော်မူရမည်၊ နောက်ဆုံးသောရန်သူတည်းဟူသော သေမင်းသည် ဆုံးရှုံးခြင်းသို့ ရောက်ရလတံ့’ ဟူသည့်အတိုင်း သေမင်းကိုပင် အနိုင်ယူနိုင်သော ခရစ်တော်တည်းဟူသော လက်နက်ကောင်းကို စွဲစွဲမြဲမြဲ ကိုင်ဆောင်ကာ စာတန်ကို တိုက်ခိုက်ရမည်သာဖြစ်သည်။ သို့မှသာ သူတပါးအတွက် မိမိအနေနှင့် ကြားဝင်ဆုတောင်းပေးခြင်းအမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပေတော့မည်။



## ၈၃။ စစ်မှန်သောဉာဏ်ပညာသည် လျှို့ဝှက်ကွယ်ကာရာအရပ်မှာသာရှိသည်။

(ရောမ ၁၂း၁၆) *‘ငါသည် ပညာရှိ၏ဟု ကိုယ့်ကိုကိုယ်မထင်ကြနှင့်’*

ဉာဏ်ပညာကို နည်းအမျိုးမျိုးတို့ဖြင့် ရယူနိုင်သည်။ ဥပမာ -

၁။ တချို့မှာမွေးကတည်းက ဉာဏ်ကောင်းသူဖြစ်သည်။
၂။ တချို့မှာ ပညာရှင်တို့၏ အရိပ်အာဝါသအောက်မှာ ခိုလှုံရင်း ပညာရရှိတတ်သည်။
၃။ တချို့မှာ စာပေလေ့လာခြင်းတို့ဖြင့် ပညာရရှိကြသည်။
၄။ တချို့မှာ သဘာဝနှင့် လူမှုရေးရာတို့ကို လေ့လာရင်း ပညာရရှိကြသည်။
၅။ တချို့မှာ အံ့သြဖွယ်ရာ ဝိညာဉ်ပိုင်းဆိုင်ရာ ပညာဆုကြေးများ ခံစားကြရတတ်သည်။
၆။ တချို့မှာ အတွေ့အကြုံများအားဖြင့် ပညာရရှိကြသည်။

သို့သော် စစ်မှန်သောဉာဏ်ပညာသည် လျှို့ဝှက်ကွယ်ကာရာအရပ်၌သာ ရှိပေသည်။ ထိုအရပ်ရှိသော ပညာဟူမူကား (သုတ္တံ ၁း၇)တွင် ‘ထာဝရဘုရားကို ကြောက်ရွံ့သော သဘောသည် ပညာ၏အချုပ်အခြာဖြစ်၏’ ဟူ၍ တွေ့ရပေမည်။ ထိုစစ်မှန်သော ဉာဏ်ပညာကို ရယူလိုလျှင် ထာဝရဘုရားထံ တိုးဝင်ချဉ်းကပ်ရပေမည်။

## ၈၄။ စစ်မှန်သောဉာဏ်ပညာနှင့် ဖာရိရှဲတို့၏ ဉာဏ်ပညာ ကွာခြားမှုကို မြင်တွေ့တတ်ပါ။

စစ်မှန်သော ဉာဏ်ပညာသည် နှိမ့်ချသောသဘော ပေါက်ဖွားလာ၍ လူသားတစ်ရပ်အား အကျိုးပြုရေးကိုဦးတည်သည်။ ဖာရိရှဲတို့၏ ဉာဏ်ပညာမူကား ဘဝင်အပြည့်အဝရှိပြီး လူသားတစ်ရပ်အပေါ် စိတ်ဝင်စားခြင်းမရှိဘဲ အထက်စီးက အစဉ်နေလိုကြသည်။ အထူးသဖြင့် ‘ငါပြောသားပဲမဟုတ်လား’ ‘ဘာကြောင့် ငါ၌အကြံဉာဏ်

လာမတောင်းရတာလဲ’ စသည်တို့ဖြင့် သူတစ်ဦးအပေါ် မြင်တတ်ကြသည်။ ကောက်ချက်ချတတ်ကြသည်။ ဤသို့သောခံယူချက်မျိုးရှိသော ခေါင်းဆောင်တို့သည် ခေါင်းဆောင်နေရာတွင် ရေရှည်ရပ်တည်နိုင်မည်မဟုတ်ပါ။ တဖြည်းဖြည်း မိမိထံမှ လူများ ထွက်ပြေးသွားကြမှာ သေချာသည်။

အသင်းတော်တစ်ပါးမှ အသက်အရွယ်ရကြပြီးဖြစ်သော အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး လက်ထပ်ဖို့ သင်းအုပ်ထံရောက်လာကြသည်။ နှစ်ဦးလုံးသည် လွတ်လွတ်ကင်းကင်း ပုဂ္ဂိုလ်များမဟုတ်ကြောင်း အများသိကြသည်။ ထို့ကြောင့် သင်းအုပ်အနေနှင့် သူတို့အား ဤအခြေအနေမျိုးတို့ကြောင့် အိမ်ထောင်ထပ်မံမပြုသင့်ကြောင်း အကြိမ်ကြိမ်ထပ်မံပြောဆိုပါသော်လည်း အခြားတစ်နေရာတွင် သွားရောက်အိမ်ထောင်ပြုလိုက်ကြသည်။ မကြာမီမှာပဲ အိမ်ထောင်ရေးပြဿနာကြီး ပေါ်ပေါက်လာရတော့သည်။ ကိုယ်တိုင်မရှင်းလင်းနိုင်သည့်အဆုံးတွင် ယခင်သင်းအုပ်ဆရာထံ ပြန်လာပြီး မိမိတို့ပြဿနာကို ဖြေရှင်းပေးဖို့ တောင်းပန်ကြရတော့သည်။ ဤအချိန်တွင် သင်းအုပ်အနေနှင့် လူသဘောအရ ဖာရိရှဲဆန်ဆန် ‘ငါပြောသားပဲ မဟုတ်လား’ ‘ငါ့စကား နားမှမထောင်ချင်ကြပဲ’ အစရှိသည်ဖြင့် ပြစ်တင်ဝေဖန်ပြောဆိုလိုသော်လည်း ဤနည်းဖြင့်ထူးခြားလာမည် မဟုတ်ကြောင်းသိသဖြင့် အသင်းတော်မှ ထိုပြဿနာကို အကောင်းဆုံးကိုင်တွယ်ဖြေရှင်းပေးခြင်းကြောင့် ကိုယ့်အိမ်ထောင်နှင့်ကိုယ် ပြန်လည်အခြေကျသွားရတော့သည်။

**စစ်မှန်သော ဉာဏ်ပညာသဘောကို နှိမ့်ချခြင်းဖြင့် ထွန်းလင်းပြပါ**

အရှင်ယေရှုက (မဿဲ ၂၃း၃) တွင် ‘သူတို့ စီရင်ဆုံးဖြတ်သမျှတို့ကို စောင့်ရှောက်၍ ပြုကြလော့၊ သူတို့၏ အကျင့်အတိုင်းမကျင့်ကြနှင့်’ဟု ပြောဆိုရာတွင် ဖာရိရှဲတို့ပြောတာလုပ်ပါ။ သူတို့လုပ်တာမလုပ်ပါနှင့် ဟု သင်ပေးခြင်းပဲ ဖြစ်ပါသည်။



## ၈၅။ မိမိလူများကျန်းမာဖို့ ဆုတောင်းခြင်းဖြင့် ကာကွယ်ပေးပါ။

အသင်းသူအသင်းသားများ သက်ရှည်ကျန်းမာဖို့လည်း အရေးကြီးပါသည်။ ဥပမာအားဖြင့် အန္တရာယ်ဖြစ်စေမည့် တောင်စောင်းကြီးကို ကြိုတင်ကာထားခြင်းဖြင့် တောင်အောက်တွင် လူနာတင်ကား စောင့်နေစရာလိုမည်မဟုတ်တော့ပေ။ ထို့အတူပင် အသင်းသူအသင်းသားတို့အား ဘုရား၏အလိုတော်နှင့်အညီ နေထိုင်စားသောက်ကြရန် ကြိုတင်ပညာပေး သင်ပေးပြီး ဆုတောင်းခြင်းအားဖြင့် ထပ်ဆင့်လိုက်လျှင် ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ် သုံးမျိုးစလုံး အစဉ်ရှင်သန်ထွားကျိုင်းလာကြပေမည်။

တစ်ခါက ကုသခြင်း ဧဝံကလိဘုရားတစ်ပါးရောက်လာပြီး ကုသမှုပွဲကြီး ပြုလုပ်စဉ် နာမကျန်းလူမမာများ လာရောက်ကုသကြသည်ကို တွေ့ရသည်။ အမှန်အားဖြင့် ဤလူမမာတို့သည် ဘုရားရှင်မြတ်၏ အလိုတော်နှင့်အညီ မိမိကိုယ်ကိုမိမိ တန်ဖိုးထားကာ စားသောက်နေထိုင်သွားကြပြီး အသင်းတော်မှ ယုံကြည်ခြင်း အပြည့်အဝတို့ဖြင့် ဆုတောင်းကာကွယ်ပေးထားကြမည်ဆိုလျှင် ထိုအခြေအနေမျိုးသို့ ရောက်ရန်လိုမည်မဟုတ်ပေ။

တနည်းအားဖြင့် ဆိုရသော် အသင်းတော်၏တာဝန်တစ်ရပ်မှာ မိမိလူတို့ အနေနှင့် ကျန်းမာရေးကိုလည်း အမှုမထားကြဖို့နှင့် အသင်းတော်၏ သင်းအုပ်နှင့် အသင်းတော်လူကြီးများတို့အနေနှင့် အသင်းသူအသင်းသားတို့အတွက် အစဉ်ကျန်းမာရေးအတွက် ဆုတောင်းပေးခြင်းနှင့် ကြိုတင်ကာကွယ်ပေးကြရမည်ဖြစ်သည်။

ထို့တူ အထူးသဖြင့် ပွဲလမ်းသဘင်များ ရှိသောအချိန်အခါမျိုးမရောက်မီ လူငယ်လူရွယ်တို့အား အပျော်မကြူးမိစေရန် ပညာပေးသတိပေးရုံမက ကြိုတင်ဆုတောင်းခြင်းဖြင့် အကာအကွယ်ပေးနိုင်ပါသည်။ သို့မဟုတ် အိုဇုန်းလွှာပေါက်နေသော နေရာကဒုက္ခပေးနိုင်သည့် ခရမ်းလွန်ရောင်ခြည်များ ဝင်လာသလို စာတန်သည် ဝင်လာမည်မှာ သေချာပေသည်။

အထက်ပါနည်းအတိုင်း လက်တွေ့ကျင့်သုံးသော အသင်းတော်တစ်ပါးတွင် ၁၂ နှစ်အတွင်း အသေအပျောက်လုံးဝမရှိခဲ့ကြောင်း မှတ်တမ်းတင်ခဲ့ကြသည်။ အသင်းတော် အပြင်ဘက်ကသူများကပင် ဤကဲ့သို့သော နည်းလမ်းများကို အသင်းတော် အပြင်ဘက် သို့လည်း အသိပညာပေးမည်ဆိုလျှင် တစ်မြို့လုံးသက်ရှည်ကျန်းမာမှုကို ခံစားကြရလိမ့် မည်ဟု အကြံပြုလာကြသည်။

## အိုဇုန်းလွှာပေါက်နေလျှင် သေစေတတ်သော ရောင်ခြည်များ ဝင်လာလိမ့်မည်

တစ်နေ့မှာ မြို့တစ်မြို့မှာရှိနေသော မိတ်ဆွေသင်းအုပ်ဆရာ ရောက်နေခိုက် ရောဂါများ အကြောင်းနှင့် ဆုတောင်းခြင်း၏တန်ခိုးတော်များအကြောင်း စကားလက်ဆုံကျနေစဉ် မိမိအသင်းတော်ရှိ သင်းထောက်ကြီးတစ်ဦး၏ ကလေးမှာ ဦးနှောက်အမြှေးပါးယောင်ရောဂါကြောင့် အခြေအနေမကောင်းတော့ကြောင်း ဖုန်းဝင်လာသလို အခြားကလေးငယ်တစ်ဦးမှာလည်း ဦးနှောက်နှင့်ပတ်သက်ပြီး ရောဂါဆိုးတစ်မျိုးခံစားနေရကြောင်း ကြားလိုက်ရသည်။ မိမိတို့အား စာတန်စိန်ခေါ်နေခြင်းပင် ဖြစ်ကြောင်း သိသောကြောင့် နှစ်ဦးသား ဒူးထောက်ဆုတောင်းရင်း ဘုရားထံမှ အံ့သြဖွယ် သက်သေလက္ခဏာများ တောင်းခံကြသည်။ ကျေးဇူးတော်ကြောင့် ကလေးများအားလုံး ပြန်လည်ကျန်းမာကြပြီး ကုသပေးသောသမားတော်များပင် တအံ့တသြဖြစ်ကြရတော့သည်။

ထို့ကြောင့် ဓမ္မဝန်ဆောင်များအနေနှင့် မိမိတို့၏ အသင်းသူအသင်းသားများ သားစဉ်မြေးဆက် ကျန်းမာကြဖို့ ဆုတောင်းခြင်းခံတပ်ကြီးကို နေ့စဉ်တည်ဆောက်ပေးပြီး ဘုရားရှင်၏အလိုတော်မြတ်နှင့်အညီ သွားလာစားသောက် နေထိုင်တတ်ဖို့ အမြဲသွန်သင်ခြင်းအလေ့အကျင့်ကို အသင်းတော်တွင် လုပ်သွားသင့်သည်။



## ၈၆။ အမှန်အတိုင်းဖြစ်ပါစေ။

ပြန်လည်သုံးသပ်မှုကို မကြောက်ပါနှင့်။ မိမိ၏အကျင့်၊ လုပ်ဆောင်မှုများ သဘောထားများအပေါ် စစ်မှန်သောအမြင်နှင့် မှန်ကန်သောရှုထောင့်မှ ပြန်လည်သုံးသပ်ကြည့်ပါ။ သို့မှသာ အခြေမှန်ကို သိရှိလာပေလိမ့်မည်။ သို့လောသို့လောနှင့် အသက်ရှင်ခြင်းသည် ပညာရှိမဟုတ်ပေ။ ယုံကြည်သူ ခရစ်ယာန်များတို့သည်ပင် အပြောကောင်း အဟောကောင်းသူများနောက် ယောင်ပြီးပါသွားတတ်သည်။ အထူးအဆန်း ပြုလုပ်ပြသနိုင်လျှင် ပို၍ယုံကြည်လာကြသည်။ သို့သော် ဟုတ်၏၊ မဟုတ်၏၊ မှန်၏၊ မမှန်၏အပေါ် ပြန်လည်သုံးသပ်ဝေဖန်ပိုင်းခြားခြင်းကိုမူ မပြုကြချေ။ ဤသို့ သုံးသပ်လိုက်ခြင်းဖြင့် ယုံကြည်ခြင်းအပေါ် စော်ကားရာရောက်သွားမည်ဟု ခံယူမိတတ်ကြသည်။

(တမန်တော် ၁၇း၁၁) တွင် *'ဗေရိမြို့သားတို့သည် သက်သာလောနိတ်မြို့သားတို့ထက် ထူးမြတ်သဖြင့် အလွန်ကြည်ညိုသော စေတနာစိတ်နှင့် နှုတ်ကပတ်တရားတော်ကို ခံယူ၍ မှန်သည်၊ မမှန်သည်ကို သိခြင်းငှာ ကျမ်းစာကို နေ့တိုင်းအစဉ်စေ့စေ့ ကြည့်ရှုကြ၏'* ဟု ပါရှိသောကြောင့် မိမိကိုယ်ကိုလည်း အစဉ်သုံးသပ်ပါ။ မိမိကြားသမျှ၊ မြင်သမျှတို့အပေါ်၌လည်း အစဉ်သုံးသပ်ခြင်းဖြင့် သန့်ရှင်းသော ဝိညာဉ်တော်လမ်းပြမှုအောက်မှ အမှန်ကိုအမှန်အတိုင်း မြင်တွေ့တတ်ဖို့ လေ့ကျင့်ကြရပေမည်။

## ၈၇။ သူတော်ကောင်းယောင် မဆောင်ပါနှင့်။

*'ညီအစ်ကိုတို့ ငါတို့သည် သာ၍ကျပ်တည်းသော စစ်ကြောစီရင်ခြင်းကို ခံရမည်ဟု သင်တို့သိ၍ အများသောဆရာမဖြစ်ကြနှင့်'* (ယာကုပ် ၃း၁)။ ဤကျမ်းပိုဒ်သည် အလွန်တည်ငြိမ်သော ကျမ်းပိုဒ်ဖြစ်သည်။ အမှန်ကို မြင်တွေ့ဆင်ခြင်ကြဖို့ဖြစ်သည်။ ခေါင်းဆောင်တစ်ဦးအနေနှင့် သူကိုယ်တိုင်မလုပ်နိုင်သော်လည်း အခြားသူတို့အား ပြု လုပ်ကြဖို့ သင်ကြားပို့ချရန် မခက်ပါ။ ငါပြောသလိုလုပ် ငါလုပ်သလိုမလုပ်နှင့်ဟု ပြော ကြမည်မဟုတ်ပါ။ ထို့ကြောင့် (၁ ကော ၉း၂၇)တွင် 'သူတပါးကို ဆုံးမပြီးမှ

ကိုယ်တိုင် ရှုံးသောသူ မဖြစ်ရမည့်အကြောင်း၊ ကိုယ်ကိုထိုးလှဲ နှိပ်စက်လေ့ရှိ၏' ဟု တွေ့ရပေမည်။

ခရစ်တော်အနေနှင့် သူတော်ကောင်းဟန်ဆောင်မှုကို လုံးဝမနှစ်သက်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုသို့သောဟန်ဆောင်မှုကြောင့် အခြားသူတို့၏ ကောင်းချီးများကိုပင် အဟန့်အတားဖြစ်စေသည်၊ ပိတ်ဆို့စေသည်။ မိမိ၏ ဟန်ဆောင်အသက်ရှင်မှုကို မြင်တွေ့သောသူများ သို့မဟုတ် မိမိ၏သားသမီးများသည်ပင် မိမိအပေါ် အထင်အမြင်သေးလာကြမည်ဖြစ်သည်။ တဖြည်းဖြည်းမိမိကို ရှောင်တိမ်းလာကြလိမ့်မည်။ သို့တည်းမဟုတ် အတုယူလိုကြလိမ့်မည်။

*'လျှပ်ပေါ်သောလူတို့နှင့် အတူမထိုင်ပါ၊ လျို့ဝှက်သောလူစုထဲသို့ မဝင်ပါ'*
(ဆာလံ ၂၆း၄)

*'လျို့ဝှက်သောသူကို မျက်စိ၌ရှိသော တံကျင်ကို ရှေ့ဦးစွာထုတ်ပစ်လော့၊ နောက်မှ ညီအစ်ကိုမျက်စိ၌ရှိသော ငြောင့်ငယ်ကို ထုတ်ပစ်ခြင်းငှာ ရှင်းလင်းစွာဖြစ်လိမ့်မည်'* (မဿဲ ၇း၅)

*'လျို့ဝှက်သောသူတို့၊ ဟေရှာယသည် သင်တို့ကို ရည်မှတ်လျက် ဤလူမျိုးသည် နှုတ်နှင့် ငါ့ထံသို့ ချဉ်းကပ်၍ နှုတ်ခမ်းနှင့် ငါ့ကိုရိုသေကြ၏၊ စိတ်နှလုံးမူကား ငါနှင့် ဝေးလှ၏'* (မဿဲ ၁၅း၇-၈)

## ၈၈။ ဝမ်းမြောက်ရွှင်လန်းစွာအမှုတော်မြတ်ကို ဆောင်ရွက်ကြပါ။

*'သင်သည် ဥစ္စာကြွယ်ဝသောအခါ ဝမ်းမြောက်ရွှင်လန်းသောစိတ်နှင့် သင်၏ဘုရားသခင် ထာဝရဘုရား၏ အမှုတော်ကို မဆောင်ရွက်သောကြောင့် ထာဝရစေလွှတ်သော ရန်သူ၏ အမှုကို သင်သည် မွတ်သိပ်ခြင်း၊ ရေငတ်ခြင်း၊*



*အဝတ်အထည်မရှိခြင်းနှင့်တကွ အရာရာ၌ ဆင်းရဲစွာဆောင်ရွက်ရလိမ့်မည်'*
(တရားဟော ၂၈း၄၇-၄၈)

အမှုတော်မြတ်ကို ဝမ်းမြောက်ရွှင်လန်းစွာ မဆောင်ရွက်နိုင်စေသည့် အရာများ မှာ -

၁။ ဘုရားဝတ်၌ အားနည်းခြင်းကြောင့်။ တနည်း - ခရစ်တော်နှင့် နီးကပ်စွာ အသက်မရှင်ခြင်းကြောင့်။
၂။ ကျန်းမာရေးကျဆင်းလာခြင်းကြောင့် သို့မဟုတ် မသင့်တင့်သော အစားအစာများ စားသောက်ခြင်းကြောင့်။
၃။ ငြီးငွေ့လာပြီး လုပ်ငန်းအပေါ် စိတ်ဝင်စားမှုများ ရည်ရွယ်ချက်များ မရှိတော့ခြင်းကြောင့်။
၄။ အများနှင့် ပြေလည်မှု မရှိခြင်းကြောင့်။
၅။ စိုးရိမ်မှုတို့ကြောင့်။
၆။ သာယာမှုမရှိခြင်းတို့ကြောင့် ဖြစ်တတ်သည်။

**မိုးကြီးမဲမှောင်နေသော်လည်း ပျော်အောင်နေပါ**

မှန်မှန်အိပ်ပါ။ နှလုံးသားထဲမှာ နေ့စဉ် ခရစ်တော်ကို ရယူထားပါ။ အလုပ်လုပ်ချိန်မှာရော အားလပ်ချိန်မှာရော ပျော်ပျော်နေပါ။

## ၈၉။ မိမိကြည့်ရှုရသော သိုးစု၏အခြေအနေကို အမြဲသိပါ။

(သုတ္တံ ၂၇း၂၃-၂၄)

မိမိကြည့်ရှုရသော သိုးစု၊ တနည်း - အသင်းတော်၏ အခြေအနေကို အစဉ်လေ့လာသုံးသပ်ပါ။ လိုအပ်လျှင် မိတ်ဆွေဓမ္မဆရာများထံမှ အကြံဉာဏ်များ တောင်းခံပါ။ သုံးသပ်သည့် နေရာမှာ သိုးတစ်ကောင်ချင်း၏ ဝိဉာဉ်ရေးရာအခြေအနေ၊

အိမ်ထောင်ရေး၊ သိုးငယ်များဖြစ်ကြသော လူငယ်များ၏အခြေအနေ၊ ခရစ်တော်၌ အမှန် ပင် ကြီးပွားနေကြသည် မကြီးပွားသည်တို့အပေါ် အရေးထားသုံးသပ်ရပေမည်။

ကျန်းမာထွားကျိုင်းသော အသင်းတော်တစ်ပါး၏ လက္ခဏာများမှာ

၁။ လှုပ်ရှားမှုရှိခြင်း၊ အချိန်အခါလိုက်၍ လှုပ်ရှားခြင်း၊ ဘဏ္ဍာကြေးငွေ အဆင်ပြေခြင်း။

၂။ ကြီးပွားတိုးတက်လာခြင်း၊ လန်းဆန်းသော ဝိညာဉ်ပင်များ ပေါ်ထွက်လာခြင်း။

၃။ လွတ်လပ်ခြင်း၊ သန့်ရှင်းသော ဝိညာဉ်လမ်းပြမှုအောက်မှ လှုပ်ရှားခြင်း။

၄။ အသင်းသူ အသင်းသားများ စိတ်ရောကိုယ်ပါ ပါဝင်ဆက်ကပ်လာကြခြင်း။

၅။ အသင်းသူ အသင်းသားများ စိတ်ရောကိုယ်ပါ ပေးကမ်းလှူဒါန်းလာကြခြင်း။

၆။ ထာဝရဘုရားအား ဆာငတ်လာကြခြင်း။

၇။ ဘုရားနှင့် မိတ်သဟာရဖွဲ့လာကြခြင်း။

၈။ စစ်မှန်သော ခံယူချက်တို့ဖြင့် ကျေးဇူးတင်တတ်လာကြခြင်း။

၉။ စစ်မှန်သော မေတ္တာ၌ ရင့်ကျက်လာကြခြင်း။

၁၀။ သိုက်သိုက်ဝန်းဝန်းရှိလာကြခြင်း။

၁၁။ အတူလက်တွဲပြီး ပြင်ပသို့သွားရောက် အမှုတော်ဆောင်လိုကြခြင်း။

၁၂။ အသင်းသူ အသင်းသားတိုင်း မိမိကိုယ်ကို မိမိ အရေးပါသူဟု သိရှိလာခြင်း။

၁၃။ အသင်းတော်ပေါ် ယုံကြည်စိတ်ချလာခြင်း။



မိမိအသင်းတော် တိုးတက်နေသလော။ သို့မဟုတ် ရပ်တန့်နေသလော သိလိုလျှင် ဤမေးခွန်းများကို မေးကြည့်ပါ။

၁။ အကြောင်းတစ်စုံတစ်ခုရှိလျှင် တောင်းတောင်းပန်ပန်နှင့် လူတွေ ခေါ်နေရသလား။

၂။ သာသနာလုပ်ဆောင်ချက် ပြတ်ပြတ်သားသားစီစဉ်မှု ရှိပြီလား။

၃။ မိမိ၏ ရှုပါရုံထဲ စိတ်ဝင်စားစရာများ ရှိရဲ့လား။

၄။ အသင်းသားတိုင်း ခရစ်တော်အကြောင်း သုံးမိနစ်ခန့်ပြောနိုင်ကြပြီလား။

၅။ အသင်းသားတိုင်း အသင်းတော်ပေါ် စိတ်ထက်သန်မှု ရှိကြရဲ့လား။

၆။ သင်းအုပ်နှင့် အသင်းတော်လူကြီးများ မိမိတို့ အသင်းတော်ပေါ် ရှုပါရုံ ဘယ်လောက်ရှိပြီး ဘယ်လောက်စိတ်ဝင်စားကြပါသလဲ ဟူ၍ အမှတ် (၁၀၀) ပေါ်တွင် ဘယ်နှမှတ်ရရှိကြလိမ့်မည်နည်း။

၇။ ပြန်လည်သုံးသပ်ခြင်းအလေ့အထ ရှိသလား။

၈။ လူသစ်များအား အသင်းတော်အကြောင်း ရှင်းပြပြောပြလေ့ရှိသလား။

၉။ မိမိလုပ်ဆောင်နေမှုတို့သည် မိမိပတ်ဝန်းကျင်နှင့် အံဝင်ခွင်ကျရှိရဲ့လား။

၁၀။ အသင်းသားများအနေနှင့် အသင်းတော်အပေါ် အသင်းတော်ဟူ၍ ကွဲကွဲပြားပြားနားလည်သဘောပေါက်ကြရဲ့လား။

၁၁။ သာသနာတော်အတွက် အသင်းသူအသင်းသားတို့အား မည်ကဲ့သို့သော ဝိညာဉ်တန်ဆာပလာများ တပ်ဆင်ထားပေးပါသလဲ။

သတိထားရန်အချက်မှာ။ ။ အသင်းတော်များ သေဆုံးကွယ်ပျောက်သွားရခြင်းမှာ ပြင်ပပယောဂကြောင့် မဟုတ်ပါ။ အတွင်းပယောဂကြောင့်သာဖြစ်လေ့ရှိသည်။ ထို့ကြောင့် မိမိကြည့်ရှုနေရသော သိုးစု၏ အခြေအနေပေါ် မျက်ခြေမပြတ်ပါစေနှင့်။ အဖြေမှန်တင်ပြသူကိုပယ်ပြီး မြှောက်ပင့်လိမ်လည်သူတို့အား နေရာပေးမှားလျှင် အသင်းတော်နစ်နာမည်မှာ မလွဲပေ။

## ၉၀။ လုပ်ဖော်ဆောင်ဖက်များဘက်မှ အခိုင်အမာပြောဆိုရပ်တည်ပါ။

မိမိတို့ဘက်က ရပ်တည်အားပေးမှုကို လူတိုင်းလိုလားသည်။ တချို့မှာ အထူးလိုလားကြသည်။ အခိုင်အမာရပ်တည်ပြောဆိုသည် ဆိုရာ၌ -

၁။ ကောင်းတာလုပ်တာကိုမြင်လျှင် ကောင်းကြောင်း အတိအလင်းချီးမွမ်းခြင်း။

၂။ ကောင်းတာလုပ်တာကိုမြင်လျှင် ထောက်ခံသောအနေဖြင့် အသိအမှတ်ပြုပေးခြင်း။

၃။ ပြတ်ပြတ်သားသား ပွင့်ပွင့်လင်းလင်း နားလည်အောင် ချီးကျူးခြင်း။

မိမိ၏ လုပ်ဖော်ဆောင်ဖက်တို့သည် မိမိထံမှ အားပေးသံ၊ ချီးမွမ်းသံ ကြားချင်ကြသည်။ သူတို့၏ ကြိုးပမ်းမှုများအပေါ် တန်ဖိုးထားချီးမွမ်းတတ်ဖို့ အားပေးတတ်ဖို့ အလွန်အရေးကြီးသည်။ အမူအရာအားဖြင့် ဖော်ပြခြင်းထက် နှုတ်မှဖွင့်ဟချီးမွမ်းသံကို ကြားချင်ကြသည်။

Amos Gronson Alcott(1799-1888) ဆိုသူက 'အကျွန်ုပ်၏ အားနည်းမှုများအပေါ် မကြည့်ဘဲ အကျွန်ုပ်၏ အားသန်မှုအပေါ်မြင်တွေ့ပေးပါ' ဟုပြောဆိုခဲ့ဖူးသည်။ ဘုရားအလုပ်လုပ်နေတာပဲ၊ သူတို့ကို အားပေးချီးမွမ်းနေဖို့ လိုပါ့မလားဟု ခံယူလိုက်လျှင် ခွန်အားပေးရန်လိုနေသော သူတို့အား မျက်နှာလွှဲလိုက်ရာ ရောက်သွားတတ်သည်။ ဘုရားအလုပ်ကိုလုပ်နေကြသော သူများဖြစ်လင့်ကစား သူတို့ဘက်က သူတို့ခေါင်းဆောင်၏ ရပ်တည်ပေးကြောင်း၊ အားပေးနေကြောင်း၊ ထောက်ခံနေကြောင်း ခံစား လိုကြသည်။ တချို့တချို့သောသူတို့အနေနဲ့ အထူးကိုပင် ဤကဲ့သို့ အားပေးမှုမျိုး အထူး လိုလားကြသည်။

လိုအပ်သည့်အချိန်တွင် လိုအပ်သော အားပေးမှုမျိုး၊ ချီးမွမ်းမှုမျိုး၊ ပြောတတ်ဖို့ ဆုတောင်းရန်မမေ့ပါနှင့်။ ချီးမွမ်းအားပေးခြင်းမျိုးအား အလုပ်စည်းဝေးများ၊ ပွဲလမ်း



သဘင်များ ကျရောက်မှ ပြောဆိုရန်မဟုတ်ပါ။ ချက်ခြင်းချက်ခြင်း လက်တွေ့ကျကျ အားပေးချီးမွမ်းနိုင်ပါသည်။

အခုလို မိမိ၏လုပ်ဖော်ဆောင်ဖက်များဘက်မှ အခိုင်အမာရပ်တည်အားပေးခြင်းဖြင့် သူတို့အား ခွန်အားဖြစ်စေရုံမက ရှေ့လုပ်ငန်းများဆက်လုပ်ရာတွင် သူတို့အား ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း အပြည့်အဝပေးရာရောက်ပေသည်။

**အပြည့်အဝရပ်တည် ချီးမွမ်းခြင်း၊ အားပေးခြင်းသည်**
**စိတ်ဓာတ်ရေးရာအဖို့ အောက်ဆီဂျင်ဖြစ်သည်**

ရံဖန်ရံခါ ပြုပြင်မှုများ၊ ဝေဖန်မှုများလည်း လိုကောင်းလိုပေသည်။ အပြုသဘောဖြင့် သူတပါးနာခံနိုင်သော ဝေဖန်မှုမျိုးဖြစ်ပါစေ။

## ၉၁။ ဘုရားနေရာမယူမိဖို့သတိပြုပါ။

စိတ်ပညာရှင်များအနေနဲ့ ဘုရားဆိုတာ 'ကိုယ့်စိတ်ကူးစိတ်သန်းပေါ်မူတည်သည်' ဟု ဆိုကြသည်။ ထိုအချက်ပေး ယုံကြည်သူအများစု လက်ခံနိုင်ဖွယ်မရှိကြချေ။ အကြောင်းမှာ ဘုရားကို လူကလုပ်ယူ၍မရခြင်းပင် ဖြစ်သည်။ ထိုအကြောင်းကြောင်းတို့ကြောင့် ဘုရားအပေါ် ခံယူချက်၊ ယုံကြည်ချက်တို့သည် အမျိုးမျိုးပေါ်ထွက်ကွဲလွဲလာကြတော့သည်။ ဓမ္မဝန်ဆောင်များအနေနှင့်ပင် ကျမ်းအကိုးအကား အချို့ကိုယူပြီး 'ဘုရားဆိုတာ ဒီလိုပဲ' ဟူ၍ဘောင်ခတ်လိုက်တတ်ကြသည်။

အမျိုးသမီးငယ်တစ်ဦးသည် အိမ်ထောင်ရေးပြစ်မှုများမှုတစ်ခု လွန်ကျူးမိသောကြောင့် သက်ကြီးသူ ဝါရင့်အမျိုးသမီးကြီးတစ်ဦးထံ ဝန်ချရင်း အကြံဉာဏ်တောင်းခံခဲ့ရာ အမျိုးသမီးကြီးက 'ဒီလိုပါပဲ တူမရာ၊ အဒေါ်လည်း မင်းအရွယ်တုန်းက ဒီလိုပဲဖြစ်ခဲ့ဖူးတာပဲ၊ ဘုရားသခင်ခွင့်လွှတ်မှာပါ' ဟု လမ်းမှန်ကို ပို့သယောင်ယောင်နှင့်

နွံထဲ သို့ထိုးချရာရောက်သွားတတ်သည်။ ဘုရားသခင်သည် အမှန်ပင် မေတ္တာတော်ရှင်ဖြစ် ပါသည်။ သနားတတ်ပါသည်။ ခွင့်လွှတ်ပိုင်ရှင်ဖြစ်ပါသည်။ သို့သော် အပြစ်ကို ရွံရှာသော ဘုရားလည်းဖြစ်ကြောင်း မီးမောင်းထိုးဆုံးမပေးရန်လိုအပ်ပါသည်။

ထိုကြောင့် ဘုရားကို မိမိတို့စိတ်ကြိုက် လိုအပ်သလို နေရာမျိုးမှာထားပြီး ဘုရားကို ရုပ်ပြအကြီးအကဲမျှသာ သတ်မှတ်ပါ။ မိမိတို့က ဘုရားနေရာယူမှန်းမသိ ယူမိသွားတတ်ကြောင်း အထူးသတိပြုအပ်သည်။ အထူးသဖြင့် (မောရှေ)အကြောင်း ဖတ်ကြည့်လျှင် ဘုရားသခင်သည် မေတ္တာတော်ရှင်ဖြစ်သကဲ့သို့ သစ္စာတော်ရှင်လည်း ဖြစ်ကြောင်း တွေ့ရပေသည်။ သင်းအုပ်ဓမ္မဆရာတို့အနေနှင့် သမ္မာကျမ်းစာတော်မြတ်ကို စိတ်ကြိုက်ဆွဲမယူသွားဘဲ ဟန်ချက်ညီညီ ချိန်ဆတတ်ဖို့ အလွန်အရေးကြီးပေသည်။

## ၉၂။ မိမိ၏ရည်ရွယ်ချက်များအား ဘုရားသခင် စစ်ဆေးပါစေ။ သို့မှသာ အဖြေမှန် ရပေလိမ့်မည်။

တစ်ချိန်တစ်ခါမှာတော့ ဘုရားသခင်သည် မိမိတို့၏ရည်ရွယ်ချက်များ၊ လုပ်ဆောင်ချက်များအပေါ် စစ်ဆေးပါလိမ့်မည်။ မိမိတို့၏ ဟောပြောမှု၊ စည်းရုံးမှုတို့ကြောင့် အများသော အသင်းသူအသင်းသားတို့၏ ချီးမွမ်းခြင်းများကို ခံရသော်လည်း မိမိတို့၏ လုပ်ဆောင်ချက်တို့သည် ဘုရားထံလူများရောက်ရှိရေးလား၊ သို့မဟုတ် မိမိ၏ဂုဏ်သိက္ခာတက်ရေးလား၊ ချီးမွမ်းသံတွေရယူရေးလား။

ထို့ကြောင့် မိမိလုပ်နေသော သာသနာ၏ရည်ရွယ်ချက်သည် အဘယ်နည်း။ အချို့အချို့သော ခေါင်းဆောင်များ၌ပင် မိမိတို့၏ရည်ရွယ်ချက်ကို ပြတ်ပြတ်သားသား မသိကြချေ။

ခေါင်းဆောင်ကြီးတစ်ဦးမှာ အံ့ဩဖွယ်ရာကောင်းလောက်အောင် ဖြစ်ပျက်ခဲ့



ရဖူးသည်။ အများ၏ လေးစားမှုကို ခံရသူဖြစ်သော်လည်း ပြိုကျခဲ့ရသည်။ အကြောင်းရင်းကို လေ့လာကြည့်သော် ထိုပုဂ္ဂိုလ်ကြီး၌ ကလဲ့စားချေလိုသော ရည်ရွယ်ချက် အပြည့်အဝရှိနေသူဖြစ်သည်။ မိမိ၏ အောင်မြင်မှုများထဲတွင် ကလဲ့စားချေလိုသော မျိုးစေ့များ ကိန်းအောင်းနေသောကြောင့် ထိုအရာတို့က မိမိဘဝကို ပြိုလဲစေခဲ့ခြင်းဖြစ်သည်။

နောက်ထပ်ခေါင်းဆောင်ကြီးတစ်ဦးသည်လည်း နောက်လိုက်တပည့်များ ပေါများပါသော်လည်း တစ်နေ့မှာ ပြိုလဲခဲ့ရသည်။ အကြောင်းရင်းကိုရှာသော် ထိုပုဂ္ဂိုလ်ကြီး၌ မနာလိုတတ်သောမျိုးစေ့များ ကိန်းအောင်းနေသောကြောင့်ဖြစ်သည်။

ကျမ်းစာတွင်းမှ ဘုရား၏အစေတော်ခံတချို့တို့၏ စိတ်တွင်းရည်ရွယ်ချက် အကြောင်းများ လေ့လာကြည့်ရအောင် -

ယောသပ် ဘဝကိုကြည့်ပါ။ အစ်ကိုများ၏ ပစ်ပယ်ခြင်းကို ခံခဲ့ရသည်။ အဲဂုတ္တပြည်တွင် ကျွန်အဖြစ်နေရပြီး မိသားစုနှင့်ဝေးကွာခဲ့ရသည်။ မဟုတ်မမှန်သော စွဲဆိုချက်ကြောင့် ထောင်ထဲနေခဲ့ရသည်။ နောက်ဆုံး ဝန်ကြီးအဖြစ် အထွတ်အထိပ်သို့ရောက်ခဲ့ရသည်။ ယောသပ်၏ နှလုံးသားထဲရှိသော ရည်ရွယ်ချက်၊ ခံယူချက်မှာ မိမိ၏ဖခင်သည် မိမိကိုချစ်သောကြောင့်သာ ဖြစ်ရသည်ဟူသည့် ခံယူချက်ပင် ရှိသည်။ ထိုသို့သော ခံယူချက်၌ ကလဲ့စားချေလိုကြောင်း၊ ဖျက်ဆီးလိုကြောင်း မျိုးစေ့လုံးဝမပါရှိခဲ့ချေ။

ထိုနည်းတူ ခရစ်တော်၌လည်း တွေ့ရပေသည်။ (လုကာ ၂း၄၉)တွင် 'အကျွန်ုပ်သည် အဘ၏အိမ်၌နေရသည်ကို မသိပါသလော' ဟူ၍ ပါရှိပါသည်။

ထို့ကြောင့် ခရစ်တော်ဘုရား၏ ထပ်မံအတည်ပြုခြင်းကို (မဿဲ ၃း၁၇)တွင် 'ဤသူကား ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း' ဟု တွေ့ရပေမည်။ ထို့ကြောင့် ဘုရားရှင်တော်မြတ်၏ အလိုတော်မြတ်များနှင့်ညီသော မွန်မြတ်သော ရည်ရွယ်ချက်များနှင့် လုပ်ဆောင်လျှင် သိက္ခာရှိစွာ နိဂုံးချုပ်ရမည်မှာ မလွဲပေ။

ဒါဝိဒ်ကိုကြည့်ပါ။ ဒါဝိဒ်၏ မူရင်းရည်ရွယ်ချက်မှာ မိမိသိုးများအပေါ် ချစ်ခင်ပြီး ဘုရားကို ချစ်ကြောက်ရိုသေဖို့ဖြစ်သည်။ ကျော်ကြားမှုသည် သူ့အဖို့ အဓိက မဟုတ်ပေ။ သို့သော် ကာလရွေ့လျားလူမျိုးတို့တွင် ကျော်ကြားလာပြီး တန်ခိုးသြဇာရှိလာသောအခါ ကြွားဝါလိုသည့်စိတ်ဘက်သို့ ယိမ်းရိုင်ခဲ့ဖူးသည်။ သို့သော် မိမိ၏ မူရင်းရည်ရွယ်ချက်ဖြစ်သည့် ဘုရားအပေါ် ကြောက်ချစ်ရိုသေသော ရည်ရွယ်ချက်သည် မပျောက်ပျက်သွားချေ။

ရှောလုကိုကြည့်ပါ။ ရှမွေလကြီးအနေနှင့် ရှောလုလေးအား ဘုရင်အရာခန့်ဘို့ ဘုရားအလိုရှိကြောင်းပြောစဉ်က ရှောလုငြင်းဆန်ခဲ့သည်။ အမှန်မှာ ရှောလုသည် ငယ်စဉ်ထဲက အများ၏ လေးစားကြည်ညိုမှုကို ခံယူလိုသော စိတ်ဆန္ဒရှိသူဖြစ်သည်။ ထို့ကြောင့် ဘုရင်ဖြစ်လာသောအခါ မိမိကိုယ်မိမိ အစွမ်းကုန်မြောက်စားခဲ့သူဖြစ်သည်။ အများ၏ ကြည်ညိုလေးစားမှုကို တပ်မက်မောလာသည်။

မိမိတို့သည်ပင် ထိုသို့ဖြစ်နိုင်ပါသည်။ လူတိုင်း ကြီးပွားတိုးတက်လိုကြသည်။ အများ၏ လေးစားမှုကို ခံယူလိုကြသည်။ တန်ခိုးသြဇာရှိချင်ကြသည်။ မမြင်ရသော်လည်း မိမိတို့ အတွင်းမှာ ထိုအသိစိတ်ကောင်း ကိန်းဝပ်နေတတ်သည်။ ထို့ကြောင့် အစာရှောင်ဆုတောင်းခြင်း၊ ငြိုးငြင်စွာနေခြင်း၊ သူတစ်ပါးကို ကူညီနေခြင်းအမှုများ ပြုလုပ်နေကြသည့်ကြားက ထိုရှိရင်း ဉာဉ်ဆိုးလေးသည် တွန်းဆွပေးနေလိမ့်မည်ဖြစ်သည်။

ယွာဘကိုကြည့်ပါ။ ဒါဝိဒ်မင်းကြီး၏ ညာလက်ရုံးဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သည်။ ဘုရင့်အပေါ် အလွန်သစ္စာရှိသူလည်းဖြစ်သည်။ နိုင်ငံတော်ကြီးသည် ဒါဝိဒ်မင်းမှ ရှောလမုန်မင်းလက်သို့ ကူးပြောင်းချိန်တွင် ယွာဘ၏ အတွင်းစိတ်ထဲမှာရှိသော ခံယူချက်၊ ရည်ရွယ်ချက်တို့သည် လွဲချော်သော အတွေးအခေါ် ခံယူချက်များဘက်သို့ ယိမ်းယိုင်ခဲ့ရသည်။

မောရှေကြီးကိုကြည့်ပါ။ သူ၏မူရင်းရည်ရွယ်ချက်မှာ သူ့လူမျိုးတို့အား လွတ်မြောက်ရေးရရှိရေးအတွက်ဖြစ်သည်။ သို့သော် မောရှေကြီးအနေနှင့် မိမိအားမိမိကိုးချင်သောသဘောရှိသည်။ မိမိ၏အတွင်းနှလုံးသားမှာ ဖြူစင်ပြီး ရိုးသားကြောင်း ဘုရားသခင်သိသည်ဖြစ်၍ ဘုရား၏အလိုတော်နှင့်အညီသာ ဆောင်ရွက်ဖို့ ဘုရားရှင်တော်မြတ် သွန်သင်ခဲ့သည်။ မောရှေကြီးလည်း နာခံခဲ့သည်။ မိမိတို့သည်ပင် ရံဖန်ရံခါ မိမိတို့သဘောအတိုင်း စမ်းသပ်လုပ်ချင်ကြသည်။ သို့သော် ဘုရားရှင်တော်မြတ်အနေနှင့် မိမိအတွင်းမှာရှိသော ရည်ရွယ်ချက်၊ စိတ်ဆန္ဒ၊ ဗီဇသဘောကို ကောင်းကောင်းကြီး သိတော်မူသည်။



ခေါင်းဆောင်များအနေနှင့် မှတ်တမ်းတင်လောက်အောင် ဘုရားသခင်အတွက် ရှပ်ရှပ်ခွံ့ခွံ့ လုပ်ဆောင်နေကြသော်လည်း သြဇာအာဏာရလာသောအခါ ရှိရင်းရည်ရွယ်ချက် ဦးတည်ချက်က လွဲသွားနိုင်သည်။ ထိုသို့ဖြစ်ရခြင်းမှာ မိမိတို့အတွင်း၌ အားနည်းချက်မျိုးစေ့ ကိန်းအောင်းနေခြင်းကြောင့်ပင်ဖြစ်တတ်သည်။

ထိုအားနည်းချက်မျိုးစေ့မျိုးကို သာမန်အားဖြင့် သိနိုင်မည်မဟုတ်ပါ။ ဝိဉာဉ်သဘောပြည့်ဝမှသာလျှင် ခွဲခြားပိုင်းဖြတ် သိရှိနိုင်ပေမည်။ တချို့ကမူ လူတိုင်းမှာ မကောင်းသောအကြံဉာဏ်များရှိသည်ဟု တရားသေမှတ်ယူလေ့ရှိသည်။ ထို့ကြောင့် ကြုံကြိုက်လာသောအခါ ‘ငါပြောသားပဲမဟုတ်လား’ ဟု ထောက်လေ့ရှိတတ်သည်။

*‘ဇာတိပကတိလူသည် ဘုရားသခင်၏ဝိညာဉ်တော်အရာတို့ကို မခံမယူ၊ ထိုအရာတို့သည် မိုက်မဲသောအရာဖြစ်သည်ဟု ထင်တတ်၏။ ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာ ပိုင်းခြား၍ နားလည်နိုင်သောကြောင့် ဇာတိပကတိလူသည် နားမလည်နိုင်’* (၁ ကော ၂း၁၄)

မမှန်ကန်သောရည်ရွယ်ချက်တို့၏ လက္ခဏာများမှာ -

၁။ မိမိကိုယ်မိမိ ဦးစားပေးခြင်း။

၂။ လူပေါ်လူဇော်ဖြစ်လိုခြင်း။

၃။ ကားတိုင်လမ်းကိုရှောင်ရှားခြင်း။
၄။ ဇာတိသဘောပေါ် ဦးစားပေးသက်ရှင်ခြင်း။
၅။ အနည်းငယ် ရင်းနှီးပြီး အမြတ်များများရလိုခြင်း။
၆။ ဆရာဖြစ်ချင်သော်လည်း ခရစ်တော်ထံ တပည့်မခံလိုခြင်း။
၇။ မိမိ၏အားနည်းချက်များကို ထိန်ဝှက်ထားပြီး အပေါ်ယံဟန်ဆောင်နေခြင်း။
၈။ နှိမ့်ချခြင်း၊ သည်းခံခြင်းမရှိခြင်း။
၉။ နေရာနှင့်ရာထူးကိုသာ တပ်မက်ခြင်း။
၁၀။ အစဉ်အပေါ်စီးက နေလိုခြင်း။

မိမိတို့အတွင်း၌ရှိသော မကောင်းသောရည်ရွယ်ချက်၊ ဗီဇမျိုးစေ့ကို ပြုပြင်နိုင်သလော။ တချို့သောသူတို့အဖို့ လွယ်မည်မဟုတ်ချေ။ ဥပမာ- ယုဒရှကာရုတ်သည် အဖျက်သမားအဖြစ် မိမိ၌ ရည်ရွယ်ချက်ဗီဇမျိုးစေ့ရှိသည်ဖြစ်သည်။ ထို့ကြောင့် (၂ ကော ၁၁း၁၂-၁၅) တွင် 'အခွင့်အရေးရလိုသောသူ၊ မိစ္ဆာတမန်များ၊ လင်းသောကောင်းကင်တမန်ယောင်ဆောင်သူများ' ဟူ၍ဖော်ပြပါရှိသဖြင့် ထိုထိုသော သူတို့အား မိမိတို့မှာ ရှိရင်းစွဲ ဗီဇမျိုးစေ့ကို ပြောင်းလဲပြီး အသစ်ထည့်သွင်းပေးနိုင်မှ ပြန်လည်မွေးမွန်လာပေလိမ့်မည်။ ဥပမာ- နေဗုခဒ်နေဇာမင်းကြီးအား ခုနစ်နှစ်အချိန်ပေးပြီး ရိုက်ချယူရသည်။ (ဒံယေလ ၄း၂၃-၂၆)

> *'သစ်ပင်ကို ခုတ်သော်လည်း အငုတ်အချည်းချည်းမရှိဘဲ အတတ်ပေါက်နေဦးမည်ဟု မျှော်လင့်စရာရှိ၏။ မြေထဲမှာ အမြစ်ဟောင်း၍ မြေပေါ်မှာ အငုတ်သေ သော်လည်း ရေငွေ့ကြောင့် အတက်ပေါက်၍ ပျိုးပင်ကဲ့သို့ အညွန့်တို့နှင့် ပြည့်စုံလိမ့်မည်'* (ယောဘ ၁၄း၇-၉)

> *'အိုးမြေလုပ်သောအိုးသည် အိုးထိန်းသမားလက်၌ ပျက်စီးသောကြောင့် သူ*



> *သည်အလိုအလျောက် အသစ်ပြုပြင်၍ အခြားသောအိုးကို လုပ်ပြန်လေ၏'* (ယေရမိ ၁၈း၄)

မိမိ၏ ရှိရင်းစွဲ ရည်ရွယ်ချက် ဗီဇကို ကားတိုင်ပေါ်က အလင်းရောင်မှာ ဖွင့်ပြပါ။

မိမိတို့၏ ရှိရင်းစွဲ ဗီဇကို ဘယ်ကဲ့သို့ ပြုပြင်ပြောင်းလဲနိုင်မည်နည်း။
၁။ မိမိနှင့် မိမိပေါ်လည်းကောင်း၊ မိမိနှင့် ဘုရားပေါ်လည်းကောင်း၊ မိမိနှင့် မိမိပတ်ဝန်းကျင်ပေါ်လည်းကောင်း သစ္စာရှိရမည်။
၂။ မိမိကိုယ်မိမိ အားကိုး၍ မရနိုင်၊ ထို့ကြောင့် စစ်မှန်သောနောင်တ ဖြင့် မိမိ၏အပြစ်နှင့် အားနည်းချက်များအပေါ် ဝန်ချတောင်းပန်ရပေမည်။
၃။ ဘုရားသခင်ထံ လုံးဝအပ်နှံရမည်။
၄။ ဘုရားသခင်၏ မီးဖြင့် ဆေးကြောခြင်းကို ခံယူရမည်။
၅။ သိက္ခာရှိပြီး ဝါရင့် ဓမ္မဆရာတစ်ပါးပါးထံ အစဉ်ပွင့်လင်းစွာ၊ ရိုးသားစွာ တင်ပြအကူအညီတောင်းခံရမည်။

## ၉၃။ သူတစ်အား ညှို့ပြီးဆွဲဆောင်သောနည်းစနစ်မျိုး မသုံးပါနှင့်။

မသိမသာ ဟောပြောနေချိန်တွင်လည်းကောင်း၊ ဆုတောင်းပေးနေချိန်တို့တွင်လည်းကောင်း အထက်ပါနည်းများကို ထည့်သွင်းသုံးတတ်ကြသည်။ စစ်မှန်သော ယုံကြည်ခြင်းသဘောနှင့် ညှို့ပြီး ဆွဲဆောင်မှုတို့ကြား ခြားနားမှုရှိပါသည်။ ဥပမာ- သန့်ရှင်းသောဝိညာဉ်တော်ရရှိရေးအတွက် ဆုတောင်းပေးနေစဉ် 'သန့်ရှင်းသောဝိညာဉ်တော်ဆင်း သက်နေပြီး သင့်ပတ်ဝန်းကျင်မှာ ရောက်နေပြီ' သို့မဟုတ် ထိုပုဂ္ဂိုလ်ပေါ် လက်တင်လိုက် ခြင်းဖြင့် ခံယူနေသူအဖို့ တကယ်ပင် သန့်ရှင်းသောဝိညာဉ်တော် ကျရောက်လာပြီဟု ပြုစားခံလိုက်ရပေတော့မည်။ အမှန်တော့ ညှို့ကွက်တစ်ကွက်ပင်ဖြစ်သည်။ ရံဖန်ရံခါ ဟောပြောနေရင်း ဤဝတ်ပြုစည်းဝေးအပြီးတွင်

အယောက်တိုင်း သန့်ရှင်းသောဝိညာဉ် တော်၏ လွှမ်းခြုံမှုခံစားရကြမည်ဟု ပြောဆိုပြီး ဗုံဆိုင်းသံများကြားက သီချင်းသံများ ထွက်ပေါ်လာကာ လှုံ့ဆော်မှုများ ဖြစ်ပေါ်စေတတ်သည်။

များသောအားဖြင့် စိတ်ပျော့သောသူတို့အား ရှေးဦးဆွဲဆောင်အသုံးပြုတတ်ကြသည်။ ဥပမာ- မီးစမွေးရာတွင် လောင်စာလွယ်သော ပစ္စည်းတို့ဖြင့် မီးမွေးရသကဲ့သို့ ထို့နောက်မှ တစ်ဆင့်ပြီးတစ်ဆင့် မာကျောသော ထင်းတုံးကြီးများပင် မီးစွဲသွားသကဲ့သို့ ပြုလုပ်သွားတတ်သည်။ ဤကဲ့သို့ ဆောင်ရွက်ချက်တို့သည် စိုးရိမ်စရာအလွန်ကောင်းပေသည်။

ဒီအခြေမျိုးသို့ ခေါင်းဆောင်ကြီးများပင် အဘယ်ကြောင့်ကျရောက်သွားရပါသနည်း။

၁။ ရှေးဆရာ ဆရာကြီးများက ဤကဲ့သို့ ပြုလုပ်ခဲ့ကြသောကြောင့် ဤနည်းတို့သည် မှန်ကန်သည်ဟု လက်ဆင့်ကမ်းယုံကြည်ကြခြင်း။
၂။ အလျင်တဆော အဖြေကို ရယူလိုမှုကြောင့် ဝိညာဉ်ပိုင်းဆိုင်ရာထက် စိတ်ပိုင်းဆိုင်ရာအပေါ် ဦးစားပေးမိခြင်း။
၃။ ဩတပ္ပစိတ်ကို လျစ်လျူရှုမိလိုက်ခြင်း။
၄။ ဝိညာဉ်တန်ခိုးရှိသည့် အမှုတော်ဆောင်ရယ်ဟု အများအသိအမှတ်ပြုခြင်းကို ခံလိုခြင်း။
၅။ ဝိညာဉ်သဘောနှင့် စိတ်အလိုဆန္ဒနှစ်ခုကြား ပြတ်သားမှုမရှိခြင်း။

*'ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြည့်စုံခြင်း၊ သံလျက်အာဏာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ အသက်နှင့် စိတ်ဝိညာဉ်ကိုလည်းကောင်း၊ အရိုးဆစ်နှင့် ခြင်ဆီကိုလည်းကောင်း ပိုင်းခြား၍ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏'* (ဟေဗြဲ ၄း၁၂)



*'သင်တို့သည် ကာလကြာသောကြောင့် ဆရာအဖြစ်သို့ ရောက်သင့်သော်လည်း ဘုရားသခင်၏ ဗျာဒိတ်တော်၌ ရှေးဦးစွာ သင်ရသော တရားစုတို့ကို သူတစ်ပါးထံ၌ တဖန်သင်ရသောအကြောင်းရှိသည်ဖြစ်၍ ကြွေခဲသောအစာကို မသုံးဆောင်၊ နို့ကိုသာ သုံးဆောင်ရသောသူဖြစ်တတ်၏။ နို့ကိုသာ သုံးဆောင်သောသူမည်သည်ကား သူငယ်ဖြစ်သောကြောင့် ဖြောင့်မတ်ခြင်းတရား၌ လေ့လာခြင်းမရှိ၊ ကောင်းကျိုး မကောင်းကျိုးကို ပိုင်းခြား၍ သိနိုင်သော ဥာဏ်ပေးတတ်သော အကြားအမြင် အတွေ့အဆန်းများသော သူတည်းဟူသော စုံလင်သော အရွယ်ရှိသော သူတို့မူကား ကြွေခဲသောအစာအဟာရကို သုံးဆောင်ကြရ၏'*

(ဟေဗြဲ ၅း၁၂-၁၄)

## မိမိ၏ ဩတပ္ပစိတ်ကို ပျော့ပျောင်းစေပါ။

လူ့ဘက်မှ မိမိတို့၏ အစွမ်းအစများ ထိပ်တန်းတင်နေသ၍ ဘုရားထံမှ စစ်မှန်သောခွန်အားရလိမ့်မည်မဟုတ်ပေ။ စစ်မှန်သော ကြေကွဲခြင်းနှင့် ရံဖန်ရံခါ အစာရှောင်ဆုတောင်းခြင်းဖြင့်သာ ဘုရားထံမှ စစ်မှန်သော တန်ခိုးခွန်အားကို ရယူနိုင်ပေမည်။ 'ယုံကြည်ခြင်းသည် မမြင်သေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်းအကြောင်းဖြစ်၏' (ဟေဗြဲ ၁၁း၁) သဘောမှာ အံ့ဩဖွယ်အရာတို့သည် ဘုရားရှင်၏တန်ခိုးကြောင့်သာဖြစ်ပြီး လူတို့၏ လှုံ့ဆော်ချက်တို့ကြောင့် မဟုတ်ကြောင်း သိအပ်ပေသည်။

ညှို့ခြင်းနည်းအမျိုးမျိုးသုံးကာ ဆွဲဆောင်ကြရာတွင် ၂၀% သောသူတို့အား လွယ်လင့်တကူဆွဲဆောင်နိုင်ကြောင်း၊ ၆၀% သောသူတို့အား အသင့်အတင့် ဆွဲဆောင်နိုင်ပြီး၊ ၂၀% မှာ လုံးဝ ဆွဲဆောင်မရကြောင်းတွေ့ရှိရသည်။ သို့သော် တစ်ကြိမ်တခါ ထိုဆွဲဆောင်မှုတို့အောက် ရောက်ဖူးခဲ့လျှင် ထိုအသံများကို ကြားရသောအခါ သို့မဟုတ် ထိုပတ်ဝန်းကျင်နား ရောက်သွားသောအခါ ထိုသို့ ပြန်လည်ဖြစ်သွားနိုင်သည်။ ထို့ကြောင့် စစ်မှန်သောဝိညာဉ်သဘောနှင့် စိတ်လှုပ်ရှားမှုပိုင်းဆိုင်ရာ နှစ်ခုကြား

ခိုင်ခန့်သော နံရံကြီး ကာထားအပ်ပေသည်။

ထိုသို့သော စိတ်လှုပ်ရှားမှုပိုင်းဆိုင်ရာ ဖိစီးမှုအောက်မှ လွတ်မြောက်လိုလျှင် စစ်မှန်သောနောင်တဖြင့် ထိုစွဲလမ်းမှုများကို စွန့်လွှတ်ရမည်။ နှိမ့်ချစွာ ဘုရားရှင်ထံ ပြန်လာပါ။ နှိမ့်ချသော နှလုံးသားပိုင်ရှင်အား ဘုရားရှင်သည် အစဉ်ဘိသိတ်ပေးလျက် ရှိပါသည်။

## ၉၄။ လိုသည်ထက် ပို၍ မတုန့်ပြန်ပါနှင့်၊ မပေါက်ကွဲပါစေနှင့်။

လိုသည်ထက် ပို၍ တုန့်ပြန်မိလျှင် မလိုအပ်သောတင်းမာမှုများ တိုးပွားလာတတ်သည်။ ပတ်ဝန်းကျင်က အဘယ်ကဲ့သို့ပင် ဆူပူနေစေကာမူ တည်တည်ငြိမ်ငြိမ် နေတတ်ပါ။ ဖြစ်ရပ်တစ်ခုအပေါ်၌သာ အာရုံစူးစိုက်ပါ။ သို့မဟုတ် ပတ်ဝန်းကျင်၏ ထင်ယောင်ထင်မှားအရိပ်များ လွှမ်းမိုးလာတတ်သည်။ သေးရာကိစ္စက ကြီးထွားလာတတ်သည်။ တွေ့ဖူးကြပေလိမ့်မည်။ အဖြစ်အပျက်တစ်ခုပေါ် သတင်းစာများက ပုံကြီးချဲ့ ဇာတ်လမ်းဖွဲ့ရေးလေ့ရှိကြသည်။ ထိုသို့ မလုပ်သင့်ပေ။ ထိုဖြစ်ရပ်မျိုး မိသားစုများအတွင်း၊ စီးပွားရေးလောကအတွင်းနှင့် အသင်းတော်များထဲတွင် ဖြစ်ပေါ်တတ်သည်။

ခေါင်းဆောင်အချို့အနေနှင့် ပြဿနာဖြစ်ပေါ်လာလျှင် ခပ်မြန်မြန်ရင်ဆိုင်လိုက်ခြင်းဖြင့် ပပျောက်သွားနိုင်သည်ဟု ယူဆကြသည်။ ဆရာမကြီး Joyee Myers က ‘ပေါင်းပင်တို့သည်ပင် ရေမလောင်းလျှင် တဖြည်းဖြည်း ခြောက်သွေ့သွားတတ်သည်’ ဟု ပြောဆိုဖူးပေသည်။

ပြဿနာကို မဖြေရှင်းပြန်လျှင်လည်း သို့လော သို့လော တွေးလာကြပြီး တစ်ဦးပေါ်တစ်ဦး စိမ်းလာကာ ကွာဝေးလာကြပြီး ဆန့်ကျင်ဘက် အုပ်စုနှစ်ခု ဖြစ်ပေါ်လာနိုင်ပေသည်။

**ကွာဝေးသွားခြင်းကိုရှောင်ပါပြန်လည်သင့်တင်နိုင်သည့်ပန်းမျိုးစိုက်ပါ။**



စဉ်းစားရမည်မှာ ကြားကဝင်၍ ဖြန်ဖြေခြင်းသည် သင့်တော်မည်လော။ သို့မဟုတ် ဆုတောင်းခြင်းဖြင့်သာ အဖြေရှာရမည်လော။ သို့မဟုတ် အတူမိတ်သဟာစား သောက်ခြင်းဖြင့် ရင်းနှီးမှုကို ပြန်လည်ရယူမည်လော။ နည်းလမ်းကောင်းကို ရှာရပေ မည်။ ရံဖန်ရံခါ အကြောင်းရှာ စကားစမည်ပြောခြင်းဖြင့်လည်း ပြေလည်သွားနိုင်သည်။ ခွင့်လွှတ်စရာရှိလျှင်လည်း ခွင့်လွှတ်လိုက်ပါ။ မိမိဖက်မှ ပြုမူချက်တို့အပေါ် တစ်ဖက်မှ တွေ့မြင်ခံစားရလာလျှင် ပြဿနာကြီး ပြေအေးသွားပေလိမ့်မည်။ ဆိတ်ငြိမ်ရာအရပ်မှာ ဆုတောင်းဖို့ မမေ့ပါနှင့်။

## ၉၅။ ကျမ်းစာနှင့် ကိုက်ညီသော စံကို လက်ဆုပ်လက်ကိုင်ထားပါ။

သမ္မာကျမ်းစာထဲတွင် သန့်ရှင်းသောဝိညာဉ်တော်သည် တွဲလွဲကျနေသော နာရီချိန်သီးကဲ့သို့ ရှေ့တိုးနောက်ဆုတ် လွှဲနေတတ်သည်ကို တွေ့ရသည်။ ဥပမာ- (တမန် ၂း၁-၃) တွင် ပင်တေကုတ္တေပွဲနေ့၌ သန့်ရှင်းသောဝိညာဉ်တော် ကျရောက်လာသောအခါ ပရိသတ်ကြီးသည် မူးရူးနေကြသကဲ့သို့ တွေ့ရပေသည်။ ထို့အတူ (၃ ဓမ္မ ၈း၁၀-၁၁) တွင် ရှောလမုန်မင်းကြီး ဗိမာန်တော် ဆက်ကပ်ချိန်တွင် ဘုရားရှင်၏ဘုန်းတော်ကြောင့် ယစ်ပရောဟိတ်တို့သည် မတ်တတ်ပင်မရပ်နိုင်ကြောင်း တွေ့ရပေမည်။ ထိုအရာတို့ကို စံအဖြစ် ဆုတ်ကိုင်ထား၍ ရမည်မဟုတ်ပါ။ အသင်းတော်၏ လုပ်ငန်းတို့မှာ ထိုမျှနှင့် ပြီးသည်မဟုတ်ပါ။ ဟန်ချက်ညီညီ လုပ်ဆောင်သွားရမည့်ကိစ္စ အများကြီးရှိနေပေသေးသည်။

ရှေးအသင်းတော်များအနေနှင့် ဆုတောင်းခြင်း၊ မိတ်သဟာယဖွဲ့ခြင်း၊ သန့်ရှင်းသောဝိညာဉ်တော် လမ်းပြမှုနောက် လိုက်လျှောက်ခြင်း၊ ယုံကြည်ခြင်း ဝေငှကြခြင်း၊ အံ့သြ ဖွယ် နိမိတ်လက္ခဏာများပြခြင်း၊ ဘုရားရှင်အား ဝတ်ပြုခြင်းနှင့် ဧည့်ဝတ်ပြုခြင်းများ ပြုလုပ်လေ့ရှိကြသည်။ ထူးခြားသော ဖြစ်ရပ်များကိုလည်း တွေ့ရပေမည်။ ဥပမာ - (၁ ဓမ္မ ၁၉း၂၄) တွင် ရှောလုမင်းသည် ‘အဝတ်တော်ကိုလည်း ချွတ်၍ ရှမွေလရှေ့မှာ ထို့အတူ ပရောဖတ်ပြုလျက် အဝတ်မပါဘဲ တစ်နေ့နှင့်တစ်ည

လဲလျက်နေ၏' ဟူ၍ တွေ့ရပေမည်။ ဤနေရာတွင် ရှောလုမင်းပြုသကဲ့သို့ ပြုရတော့မည်လော။ ဤသို့လုပ်ရပ်သည် ယနေ့အသင်းတော်များအဖို့ စံထားကာ လိုက်လုပ်ကြရတော့မည်လော ဟု မေးစရာများဖြစ်လာနိုင်သည်။

ထိုအကြောင်းတို့ကြောင့် သန့်ရှင်းသောဝိညာဉ်တော်၏ နာရီချိန်သီးသည် ရှေ့သို့လွှဲသကဲ့သို့ နောက်သို့လည်း ပြန်လွှဲတတ်ကြောင်း သဘောပေါက်လျက် ကျမ်းစာတစ်အုပ်လုံး၏ အနှစ်သာရကို ရှာကာ ခေတ်အခါနှင့် ဟန်ချက်ညီညီဆောင်ရွက်သွားနိုင်ရေးသည် အလွန်အရေးကြီးလှပေသည်။

## ၉၆။ မိမိလုပ်ဖော်ဆောင်ဖက်များတို့နှင့် အကျွမ်းတဝင်ရှိပါ။

လုပ်ဖော်ဆောင်ဖက်တို့နှင့် အကျွမ်းတဝင်ရှိခြင်းသည် မြေဩဇာထည့်ပေးသကဲ့သို့ သာသနာတော် လုပ်ဆောင်ရာတွင် ကောင်းချီးတစ်မျိုးဖြစ်စေသည်။ လုပ်ဖော်ဆောင်ဖက်တို့နှင့်အတူ လက်ဖက်ရည်သောက်ရင်း ပွင့်လင်းစွာဆက်ဆံခြင်းသည် အကျိုးရှိသော်လည်း အချို့က အဓိပ္ပါယ်မရှိဟုလည်း ခံယူတတ်သည်။ အချိန်ဖြုန်းသည်ဟုလည်း မြင်တတ်သည်။ အမှန်အားဖြင့် ထိုသို့ပြုလုပ်ခြင်းဖြင့် အခြားတင်းမာမှုများရှိလျှင်လည်း လျော့နည်းသွားစေပြီး ပို၍ရင်းနှီးမှု ရရှိကာ နားလည်မှု အပြည့်အဝတို့ဖြင့် ရေရှည်လက်တွဲလုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။

ရင်းနှီးသော ပေါင်းဖော်ခြင်းမျိုးကို ဘုရားသခင်နှစ်သက်ပါသည်။ 'ညီအစ်ကိုတို့သည် သဘောတူလျက် ပေါင်းဖော်ကြသည့်အရာမှာ အလွန်ကောင်းပေ၏၊ အလွန်တင့်တယ်လျောက်ပတ်ပေ၏၊ ထိုသို့နေကြသောအရပ်၌ ထာဝရဘုရားသည် အစဉ်အမြဲအသက်ရှင်ခြင်းအခွင့်တည်းဟူသော ကောင်းချီးမင်္ဂလာကို စီရင်တော်မူ၏' ဟု (ဆာလံ ၁၃၃) တွင် တွေ့ရပေမည်။ ရင်းနှီးမှုသည် ညီညွတ်မှုဖြစ်သည်။ ရင်းနှီးခြင်းအားဖြင့် သူဆရာ ငါတပည့်ရယ်ဟု မမြင်လာကြတော့ဘဲ ရဲဘော်ရဲဖက်စိတ်များအသွင်သို့ ပြောင်း လဲလာပေလိမ့်မည်။



'ရင်းနှီးလာကြပြီဆိုရင် ပွင့်လင်းလာကြတော့မယ်၊ တစ်ဦးပေါ်တစ်ဦး အရှိအရှိ အတိုင်း ဖွင့်ဟပြောဆိုလာကြတော့မယ်၊ မိမိအားလည်း အခြားသူကသူမြင်တွေ့တဲ့ အတိုင်း ဖွင့်ဟပြောဆိုလာတော့မယ်၊ အဲဒီလိုမျိုး အချိန်အခါဟာ အလွန်ပျော်မွေ့ဖွယ် ရာအချိန်မျိုးပဲ' ဟု George Elliot ဆိုသူက ပြောခဲ့ဖူးသည်။ 'ကိလေသာစိတ်နှင့်ကြည့် လျှင် မဖွယ်ရာသောအရာတို့ကိုသာ တွေ့မြင်လိမ့်မည်၊ ဖြူစင်သော မိတ်ဆွေကောင်း စိတ်မျိုးနှင့် ကြည့်လျှင် အတွင်းနှလုံးသားကိုသာ မြင်တွေ့မည်ဖြစ်သည်' ဟု ဓမ္မပါရဂူ ကြီး C.S. Lewis က ပြောခဲ့ဖူးသည်။

**တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိခြင်းသည် ပျားများကဲ့သို့ အကောင်းဆုံးပျားရည်များ ထုတ်ဖော်ပေးလာလိမ့်မည်။ ထိုသို့သော ပျားရည်မျိုးတွင် ပိုးမွှားများ နေနိုင်တော့မည် မဟုတ်ပေ။**

အသင်းတော်တွင် ခေါင်းဆောင်များအချင်းချင်း ဤသို့သော အခြေမျိုးရောက်ရှိခြင်းဖြင့် အများကိုလည်း သံလိုက်သဖွယ် ဆွဲဆောင်နိုင်ကြတော့မည်ဖြစ်သည်။ မိသားစုကြီးအသွင်သို့ပင် ရောက်ရှိသွားပေလိမ့်မည်။ 'သံကို သံဖြင့် ထက်စေသကဲ့သို့ လူသည် အဆွေခင်ပွန်း၏မျက်နှာကို ထက်စေတတ်၏' (သုတ္တံ ၂၇း၁၇)

Henri J.Nouwen ဆိုသူ၏ ရေးသားချက်လေးတစ်ပိုဒ်မှာ- 'အစဉ် ပျော်ပျော်ရွှင်ရွှင်နေတတ်သော မိတ်ဆွေတစ်ဦးရှိခဲ့သည် ထိုသူမှာ ပြဿနာအခက်မရှိ၍ မဟုတ်ပါ။ သူ၌ ဘုရားရှင် ကိန်းဝပ်နေသောကြောင့်ပင်ဖြစ်သည်။ သူ၏ပျော်ရွှင်မှုသည် ကျွန်ုပ် အား ကူးစက်လာတော့သည်။ ကျွန်ုပ်အနေနှင့် မိုးတိမ်အကြောင်းပြောတိုင်း သူကတော့ နေအကြောင်းပဲ ပြန်ပြောလေ့ရှိသည်။ တစ်နေ့ ကျွန်ုပ် ဤသို့ခံစားလိုက်ရသည်။ နေ၏ အလင်းကြောင့်သာလျှင် ကျွန်ုပ်မိုးတိမ်ကို မြင်တွေ့နိုင်ကြောင်းအမြင်မှန်ကို ရခဲ့သည်။ ထို့ကြောင့် မိုးတိမ်အောက်မှ လျှောက်လှမ်းနေရင်း နေအကြောင်းပြောနိုင်သူတို့သည် မျှော်လင့်ခြင်းအကြောင်း သတင်းကောင်းပါးနေသူများဖြစ်ပြီး အမှန်ပင်သန့်ရှင်းသူများ ဟု ခေါ်ဆိုထိုက်ပေသည်'

ဟူသည့် ရေးသားချက်ကို တွေ့ရှိခဲ့ရသည်။

လုပ်ဖော်ဆောင်ဖက်တို့နှင့် အကျွမ်းတဝင်ရှိရေးတွင် တချို့တချို့အား အထူးအခွင့်အရေးပေးခြင်းမျိုးကို ရှောင်ပါ။ သို့မဟုတ် မိသားစုစိတ်ဓာတ် ကွဲအက်လာပြီး စိတ်ဆင်းရဲမှုများ ဝင်လာလိမ့်မည်ဖြစ်သည်။

## ၉၇။ သီးခြားမနေပါနှင့်။ အများနှင့်ရောပါ။

လူကိုချစ်တတ်ပါ။ သို့မဟုတ်လျှင် ဝိညာဉ်ရေးရာခေါင်းဆောင်တစ်ဦး၏ အရည်အသွေးနှင့် ပြည့်စုံလိမ့်မည်မဟုတ်ပေ။ မိမိတို့ ကိုင်တွယ်နေရသောအလုပ်သည် အရာဝတ္ထုမဟုတ်ဘဲ လူသာလျှင်ဖြစ်ကြောင်း သိပါ။ မိမိအနေနှင့် သိုးထိန်းဖြစ်စေ၊ အုပ်ချုပ်သူဖြစ်စေ မိမိတို့ ဆက်ဆံရမည့်အရာမှာ လူပင်ဖြစ်သည်။ ထို့ကြောင့် မိမိသာသနာ့လုပ်ငန်းကြီး အောင်မြင်ရေးသည် လူကို ချစ်တတ်ဖို့အဓိကဖြစ်သည်။

လူတွေနှင့် တစ်ချိန်လုံး နီးနီးကပ်ကပ်နေပြန်တော့ ညည်းငွေ့လာတတ်သည်။ ပြဿနာများ ဖြေရှင်းရခြင်းတို့ကြောင့်လည်း စိတ်ကုန်လာတတ်သည်။ မိမိအလုပ်ကိုပင် စွန့်ပစ်ချင်စိတ်ပေါ်လာတတ်သည်။ ထိုအခြေမျိုးသို့ရောက်လျှင် (ဟေဗြဲ ၁၀း၃၅-၃၉) ကို ဖတ်ကြည့်ပါ။ *'ထို့ကြောင့် ကြီးစွာသော အကျိုးနှင့်ယှဉ်သော သင်တို့၏ရဲရင့်ခြင်းစိတ်ကို မစွန့်ပစ်နှင့်၊ ဘုရားသခင်၏ အလိုတော်ကို ဆောင်ပြီးမှ ကတိတော်အတိုင်း အကျိုးကို ရမည့်အကြောင်း သည်းခံစိတ်ရှိရမည်။ အဘယ်ကြောင့်နည်းဟူမူကား ကြွလာလတ္တံ့သောသူသည် မဆိုင်းမလင့်ဘဲ မကြာမြင့်မီ ရောက်တော်မူလိမ့်မည်။ ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။ သို့သော်လည်း ပေါ့လျော့လျှင် ငါ့စိတ်ဝိညာဉ်သည် ထိုသူကို အားရနှစ်သက်ခြင်းမရှိဟု ဘုရားသခင်အမိန့်တော်ရှိ၏။ ငါတို့မူကား ပျက်စီးခြင်းသို့ ရောက်အံ့သောငှာ ရွေ့လျော့သောသူမဟုတ်။ စိတ်ဝိညာဉ်သည် ကယ်တင်ခြင်းသို့ ရောက်အံ့သောငှာ ယုံကြည်သောသူဖြစ်ကြ၏'* ဤကျမ်းပိုဒ်သည် သွေ့ခြောက်နေသောဝိညာဉ်အား ရေလောင်းပေးလိုက်သကဲ့သို့ ခံစားရ



ပေလိမ့်မည်။ အသင်းတော်ကြီးမားလာသောအခါမျိုး သို့မဟုတ် သင်းအုပ်အနေနှင့် ရုံးတွင်အလုပ်များသည့်အခါမျိုး သို့မဟုတ် ခရီးထွက်စရာများလာသောအခါမျိုးတို့တွင် အသင်းသားတို့နှင့် မသိမသာ ကင်းကွာလာတတ်သည်။ ထို့ကြောင့် အချိန်ရှာပြီး အများနှင့်အတူ မိတ်သဟာယဖွဲ့နိုင်ဖို့ ကြိုးစားရပေမည်။ သို့မှသာ (ဂလာ ၆း၉) တွင်ပါရှိသည့်အတိုင်း *'ငါတို့သည် အားမလျော့စိတ်မပျက်ဘဲ ကောင်းသောအကျင့်ကို ကျင့်ကြကုန်အံ့၊ ထိုသို့ တည်ကြည်၍ကျင့်လျှင် အချိန်တန်သောကာလ၌ အသီးအနှံကို ရိတ်ကြရလိမ့်မည်'*။

ဗိုလ်ချုပ်ကြီး Douglas MacArthur က 'လူသားတိုင်းရဲ့နှလုံးသားထဲမှာ မှတ်တမ်းတင်သည့် အခန်းငယ်တစ်ခန်းရှိတယ်၊ အဲဒီအခန်းထဲမှာ အလှတွေ၊ မျှော်လင့်ချက်တွေ၊ ဝမ်းသာစရာတွေ၊ ခွန်အားတွေပြည့်နေချိန်မှာ လူဟာ နုပျိုနေပြီး အဲဒီအခန်းထဲက ဝါယာတွေ ဟောင်းနွမ်းလာပြီး နှလုံးသားပေါ် ရင်လေးစရာနှင်းတွေကျလာကာ ပြစ်တင်ဝေဖန်ခြင်းရေခဲတုံးများ ဖိစီးလာပြီဆိုရင် လူဟာ ရင့်အိုဟောင်းနွမ်းသွားလိမ့်မယ်' လို့ ပြောခဲ့ဖူးပါသည်။

ထို့ကြောင့် ဘုရားရှင်တော်ထံမှ ခွန်အားယူပါ။ နာကျည်းစရာများရှိလျှင် မျိုသိပ်မထားပါနှင့်။ အများနှင့် ရောရောနှောနှောနေပါ။ အောင်မြင်ပါလိမ့်မည်။

## ၉၈။ မိမိဇနီးသည်အား မြတ်နိုးပါ၊ ယုယပါ၊ ကျွေးမွေးစောင့်ရှောက်ပါ။

အိမ်ထောင်သည်ဖြစ်လျှင် မိမိဇနီးသည်သည် မိမိအဖို့ အများဆုံးအထောက်အကူပေးမည့်သူဖြစ်သည်။ သူ့အား လက်တွဲပြုစုခေါ်ဆောင်လာလျှင် သာသနာတော်တွင်း လုပ်ဖော်ဆောင်ဖက်ဖြစ်လာပေမည်။ မိသားစုအတွင်း ဆက်ဆံပြုမူချက်တို့သည် အသင်းတော်ပေါ် ရောင်ပြန်ဟပ်စေပါသည်။ သူမအပေါ် မိမိဘယ်ကဲ့သို့ ဆက်ဆံကြောင်း သူမကိုကြည့်ခြင်းဖြင့် သိရှိနိုင်ပေသည်။ ထို့ကြောင့် ဆရာကတော်၏ မျက်နှာရိပ် ကိုကြည့်ခြင်းဖြင့် အသင်းသူ အသင်းသားတို့အား မြင်တွေ့နိုင်ပေမည်။

ဤအချက်ပေါ် ခြွင်းချက်အနည်းငယ်ရှိကောင်းရှိပေမည်။ သို့သော် များသောအားဖြင့် မှန်ပေသည်။ သူမနှင့်အတူ ဆုတောင်းပါ။ ဝိညာဉ်ရေးရာသဘောများ ဝေငှဆွေးနွေးပါ။ အတူတကွ အပန်းဖြေပါ။ ပျော်စရာစကားများ ပြောပါ။ အစဉ်နူးညံ့ရွှင်လန်းစွာ ကြင်နာကြပါ။ ရိုးရိုး သားသားဆက်ဆံကြပါ။

Oswald Chambers ဆိုသူက 'ယုံကြည်ခြင်းဆိုသည်မှာ ဖြစ်ပျက်သမျှတို့၏ နောက်ကွယ်၌ ဘုရားသခင်ရှိကြောင်း မြင်တတ်ခြင်းဖြစ်ပြီး ထိုတွေ့မြင်ခံစားမှုတို့ကို ပျောက်ကွယ်စေသောအရာမှာ ဘာသာရေးဆန်လွန်းခြင်းပင်ဖြစ်သည်' ဟု ပြောဆိုခဲ့ဖူးသည်။ သဘောမှာ မိမိဇနီးသည်၏ နောက်ကွယ်မှာ ဘုရားသခင်ရှိကြောင်း အစဉ်တွေ့မြင်ပြီး ထိုအမြင်ကို ပျက်ပြားစေသော လောကီအမြင်များကို ရှောင်ရှားကာ အစဉ်ယုံကြည်စိတ်ချမှုရှိရေးသည် အလွန်အရေးကြီးပါသည်။

မြတ်နိုးခြင်းဟူသည်မှာ-

၁။ မေတ္တာဖြင့် ညင်သာစွာဆက်ဆံခြင်း။
၂။ နှလုံးသားထဲမှာ အစဉ်ချစ်ခင်ပြီး သတိရနေခြင်း။
၃။ အစဉ်စိတ်ဝင်စားခြင်း။
၄။ ကြင်နာသနားခြင်း။
၅။ အစဉ်နွေးထွေးမှုရှိခြင်း။
၆။ အစဉ်လက်တွဲနီးကပ်စွာ အသက်ရှင်ခြင်း
၇။ အစဉ်ချီးမွမ်းပြီး နေရာပေးခြင်း။
၈။ ဦးစားပေးခြင်း။
၉။ သူ့အတွက်သာ အသက်ရှင်ခြင်း။
၁၀။ သင်ချစ်သောမယားနှင့် ရွှင်လန်းစွာ အသက်ကာလကိုလွန်စေလော့ (ဒေသနာ ၉း၉)



## ၉၉။ မိမိမှာရှိသောအရည်အချင်းထက်ပိုပြီး အံ့သြဖွယ် နိမိတ်လက္ခဏာ ဆုကျေးဇူးတော်များ မတောင့်တပါနှင့်။

သာသနာ့ဘောင်တွင် သိက္ခာရှိရှိ ရေရှည်ဦးဆောင်နိုင်ရေးအတွက် အံ့သြဖွယ် နိမိတ်လက္ခဏာများထက် ဝိညာဉ်သဘောပြည့်ဝခြင်းသည် ပို၍အရေးကြီးပေသည်။ အခက်အခဲများနှင့် ကြုံတွေ့လာရသောအခါ ထိုဝိညာဉ်သဘောဖြင့်သာ ရပ်တည်သွားနိုင်မည်ဖြစ်သည်။

Martin Luther King က *'လူတစ်ဦးတစ်ယောက်ရဲ့ အရည်အချင်းကို အစဉ်ပြေနေချိန်များမှာထက် အတိုက်အခံများတို့နဲ့ ရင်ဆိုင်ရချိန်မျိုးတို့မှာ ပိုတွေ့ရမှာဖြစ်တယ်'* ဟုပြောဆိုခဲ့ပါသည်။

ဆုကျေးဇူးတော်များသည် ဘုရားထံမှ ပေးအပ်သော အလွန်အရေးကြီးသည့် အရာများဖြစ်သည်။ သို့သော် မိမိတို့ ခံစားထိုက်သည်ထက် တိုး၍လိုလားသော စိတ်ဆန္ဒများရှိခြင်းဖြင့် အန္တရာယ်ဖြစ်လာစေနိုင်ပါသည်။ ထို့ကြောင့် မိမိမှာရှိသော အရည်အချင်းထက်ပိုပြီး အံ့သြဖွယ် နိမိတ်လက္ခဏာ ဆုကျေးဇူးများ မပေးပါနှင့်ဟု ဆုတောင်းရန်ပင် လိုပေလိမ့်မည်။ ထိုအံ့သြဖွယ် နိမိတ်လက္ခဏာ ဆုကျေးဇူးများကြောင့် ဒုက္ခရောက်သွားကြရသော လူတို့လည်းရှိကြပေသည်။

## ၁၀၀။ အခြားသောအသင်းတော်များနှင့် ဓမ္မဝန်ဆောင်များကို လေးစားပါ။

သာသနာတော်နှင့်အသင်းတော်များအတွင်း ဘုရားသခင်၏အမှုတော်ဆောင် အမျိုးမျိုးရှိကြပါသည်။ ထိုအမျိုးမျိုးသောပုဂ္ဂိုလ်တို့ဖြင့် အသင်းတော်များအား ရှင်သန်စေပါသည်။ တစ်သင်းနှင့်တစ်သင်း ကူညီပါ။ တချို့ အသင်းတော်များမှာ မြူးမြူးကြွကြွ ရှိကြပြီး တချို့အသင်းတော်တို့သည် မူရင်းစွဲ တင်းတင်းကြပ်ကြပ်

ဖွဲ့စည်းထားသည်။ တချို့မှာ မိသားစုသဖွယ် စနစ်တကျ ဖွဲ့စည်းထားသည်။ တချို့မှာ စည်းစနစ်မတင်းကြပ်ဘဲ ဖွဲ့စည်းထားပြီး တချို့မှာ သိက္ခာ သမာဓိရှိရှိ တည်တည်ကြည်ကြည်ဖွဲ့စည်းထားတာများလည်း ရှိတတ်သည်။

ဘုရားအပေါ် မိမိတို့ သိရှိခံယူသည့်အတိုင်း ဘုရားကိုချစ်ပြီး ကြိုးစားလိုက်လျှောက်နေကြခြင်းကြောင့် ထိုထိုသော အသင်းတော်တို့အား ဘုရားနှစ်သက်ပါသည်။ မိမိတို့၏ နှစ်သက်မှုကိုလည်း ထိုအသင်းတော်များ ခံလိုကြသည်။ ထို့ကြောင့် မြင်ကွင်းကျယ်ကျယ်ဖြင့် ဘုရား၏ ထူးထူးခြားခြား အမျိုးမျိုး အပြားပြား ဖွဲ့စည်းထားသော အသင်းတော်များအပေါ် သဘောထားကြီးကြီးတို့ဖြင့် မြင်တွေ့တတ်ဖို့ လိုအပ်သည်။ မိမိတို့အနေနှင့် တစ်ခုတည်း တစ်မျိုးတည်းသာ ဖြစ်လိုသောစိတ်ဆန္ဒများရှိကောင်းရှိပေလိမ့်မည်။ သို့သော် ကြီးမားသော ဖွဲ့စည်းမှုကြီးဖြစ်သောကြောင့် တစ်မျိုးတစ်ပုံစံတည်း ဖြစ်နိုင်မည်မဟုတ်ချေ။

မိမိစိတ်နှင့် မထိတွေ့သော အသင်းတော်များ ရှိကောင်းရှိပေမည်။ သို့သော် ထိုအသင်းတော်သည် အမှန်ပင် ဧဝံဂလိလုပ်နေသောအသင်းတော် ဖြစ်ကောင်းဖြစ်မည်။ သို့မဟုတ် ဆင်းရဲသားများကို စောင့်ရှောက်နေသော အသင်းတော်ဖြစ်ကောင်းဖြစ်မည်။ သို့မဟုတ် ဘုရားကို အမှန်ချစ်ပြီး မိမိသိုးစုကို အကောင်းဆုံး ကျွေးမွေးနေသော အသင်းတော် ဖြစ်ကောင်းဖြစ်နေပေမည်။ နာမတော်ဖြင့် တည်ထောင်ထားသော အသင်းတော်ဖြစ်သောကြောင့် ဘုရားသခင်သည် မိမိတို့ လူသားများထံမှ အကြံဉာဏ်တောင်းခံနေမည်မဟုတ်ဘဲ မိမိအလိုကျ တိတိကျကျ သုံးသပ်နေမည်ဖြစ်ပါသည်။

ထို့ကြောင့် မိမိတို့ဖက်မှ နှလုံးသားကြီးကြီး အမြင်ကျယ်ကျယ်တို့ဖြင့် အခြားသော ဓမ္မဝန်ဆောင်တို့နှင့် သူတို့၏ လုပ်ရပ်များအပေါ် မြင်တွေ့တတ်ဖို့ လိုအပ်ပေမည်။



## ၁၀၁။ အသင်းတော်အား အလှူခြယ်ခြင်းအမှုတို့အပေါ် အဓိကမထားပါနှင့်။

အလွန်ကြည်ညိုဖွယ်ရာ နေရာအလုပ်ဖြစ်သောကြောင့် အလွန်ကောင်းသောသံစုံများ၊ အထစ်အငေါ့မရှိအောင် ပြင်ဆင်ထားသော ဝတ်ပြုခြင်းအစီအစဉ်များ ရှိရမည်ဟု တသတ်မတ်တည်း သတ်မှတ်ထားရန်မဟုတ်ပါ။ ထိုထိုသောအရာများအားဖြင့်သာလျှင် ထာဝရဘုရား၏ စိတ်တော်နှင့် ထိတွေ့လိမ့်မည်ဟုလည်း မယူဆနိုင်ပါ။ အမှန်အားဖြင့် ဘုရား၏ ဘုန်းတော်ထင်ရှားဖို့ဖြစ်ပြီး မိမိတို့၏ အကြိုက်မဖြစ်ဖို့ အထူးသတိပြုရပေမည်။ အဘက်ဘက်ကပြည့်စုံကောင်းမွန်နေလျှင် ဘုရားပျောက်မှန်းမသိ ပျောက်နေတတ်သည်။

ခမ်းနားသောအသင်းတော်ကြီးမှာ သံစုံကလည်းကောင်း၊ အတီးအမှုတ်များကလည်း မြိုင်၊ အားပါးတရဟောပြောပြီးတိုင်း ဧည့်သည်များက ‘ကောင်းလိုက်တာ၊ ဒီမနက် ဘုရားကျောင်းလာရကျိုး နပ်လိုက်တာ’ စသည်ဖြင့် ချီးကျူးသံများ ကြားရသောအခါ ‘ဒါ ငါကိုယ်တိုင်ဦးဆောင်နေသော အသင်းတော်ကြီးပဲ’ ဟူသည့် စိတ်မျိုးဝင်လာတတ်သည်။ ချက်ချင်း ဘုရားတော်ထံဒူးထောက်ပြီး မိမိကိုယ်မိမိ နှိမ်ချကာ ဝန်ချပါ။ သို့မဟုတ် ခရစ်တော်ရောက်လာပြီး ဝန်ချခိုင်းလျှင် ‘နာ’ပေလိမ့်မည်။

အမှုတော်မြတ်တွင် အောင်မြင်စွာဆောင်ရွက်ကြပါစို့။ မာန်မာနထောင်လွှားခြင်းနှင့် ကင်းဝေးကြပါစေ။ ဘဝင်မြင့်မှုတို့နှင့် လွတ်ကင်းကြပါစေ။

## သာသနာ့အဆောက်အဦ တည်ဆောက်ရန် မြေရရှိရေး၊ အဆောက်အဦ ရရှိရေးတို့နှင့် ပတ်သက်ပြီး ဆောင်ရန် ရှောင်ရန်

၁။ ခေါင်းဆောင်ပိုင်းမှာ ညီညွတ်မှုရှိမှ စလုပ်ပါ။

၂။ ရှိရင်းစွဲအသင်းသားများ တိုးပွားမှုအပေါ် ဦးသာ အားထားပါ။ ခေတ္တပြောင်းရွှေ့လာသောသူတို့ကြောင့် အသင်းတော် မတိုးချဲ့ပါနှင့်။

၃။ မိမိဖြစ်ချင်သည့် သဘောထက် အများ၏ ဆန္ဒကို ခံယူပါ။ အများက တင်ပြလာသော အကြောင်းအချက်များကို သုံးသပ်ပါ။ သူတို့ တင်ပြချက်တို့သည် သဘာဝကျလျှင် လက်ခံပါ။

၄။ မြေယာရွေးချယ်ချိန်ကစပြီး သင့်၏မသင့်၏၊ ရှင်း၏မရှင်း၏ အစရှိသည်တို့ကို လေ့လာပါ။ ဆန္ဒမစောပါနှင့်။

၅။ ဘုရားပြောတယ် ဘုရားပြောတယ်ဆိုပြီး အလွယ်မလုပ်ပါနှင့်။ ကြိုတင်အများပါဝင်ဆုတောင်းပါ။ အသိပညာရှင်၊ အတတ်ပညာရှင်တို့နှင့် ညှိနှိုင်းပါ။ စာရင်းအင်းများ စနစ်တကျထားရှိပါ။

၆။ ပြင်ပလောကမှ ပညာရှင်များဖြစ်သော ရှေ့နေများ၊ စာရင်းစစ်များနှင့် အတွေ့အကြုံရှိသော အခြားအသင်းတော်များမှ သင်းအုပ်ဆရာများထံမှ အကြံဉာဏ်များ တောင်းခံပါ။ အကြံပေးနိုင်သော သူများထံ ချဉ်းကပ်ခြင်းဖြင့် မိမိလုပ်ငန်းအတွက် အကျိုးဖြစ်စေပြီး အကြံဉာဏ်မတောင်းခံခြင်းဖြင့် မိမိလုပ်ငန်း နစ်နာစေနိုင်သည်။

၇။ 'တိုက်ကိုတည်မည်ဟု အကြံရှိလျှင် ထိုတိုက်ပြီးအောင် ငွေလောက်မည် မလောက်မည်ကို သိခြင်းငှာ ရှေးဦးစွာ ထိုင်၍ကုန်ကျစရိတ်ကို မချင့်တွက်ဘဲ နေမည်လော' (လုကာ ၁၄း၂၈)။ ယုံကြည်ခြင်းရှိရပေမည်။ သို့သော် ထို ယုံကြည်ခြင်းကို အလွဲမသုံးမိဖို့ အရေးကြီးသည်။

၈။ မိမိရှိရင်း လူဦးရေထက်ပိုပြီး နှစ်ဆသုံးဆ ကြိုတင်မဆောက်ထားပါနှင့်။

၉။ အခြားအခြား ပေးစရာများနှင့် နှစ်စဉ် လျာထားငွေများကို မထိခိုက်စေဘဲ သီးခြားရံပုံငွေ စုဆောင်းပြီးမှ ဆောက်လုပ်သင့်သည်။



၁၀။ ကျွမ်းကျင်သူများအား စနစ်တကျတွက်ချက်ခိုင်းပြီး ခန့်မှန်းကုန်ကျငွေထက် ၂၀% ပိုငွေရှိမှ စိတ်ချရမည်။

၁၁။ သက်သာပြီး လုပ်အားပေးခြင်းမျိုးအပေါ် သိပ်စိတ်မချလိုက်ပါနှင့်။ ပြောကြသည့်အတိုင်း လုပ်အားတကယ်ပေးချင်မှ ပေးကြပေမည်။ လုပ်အားခ သက်သာသော်လည်း ကျွမ်းကျင်မှုမရှိကြလျှင် မိမိ၏အဆောက်အဦ တန်ဖိုးကျပေလိမ့်မည်။

၁၂။ အဆောက်အဦ စတင်မဆောက်လုပ်မီ လိုအပ်သည့်အရာများကို ထည့်သွင်းစဉ်းစားထားပါ။ ဥပမာ - ဓမ္မပညာကျောင်းဆောင်၊ ရုံး၊ ကားထားရန် စသည်ဖြင့်။

၁၃။ ဆောက်လုပ်သည့် အဆောက်အဦသည် တစ်မျိုးအတွက်မဟုတ်ဘဲ လိုသလိုသုံးနိုင်သော အဆောက်အဦမျိုးဖြစ်လျှင် ပိုကောင်းသည်။

၁၄။ အကယ်၍ အပူတပြင်းငွေလို၍ တစ်ဦးတစ်ယောက်ထံမှ ခေတ္တယူထားရလျှင် မိမိအသင်းသူအသင်းသားများ ပြန်လည်ပေးနိုင်သည့် အတိုင်းအတာအတွင်းသာ ဖြစ်သင့်သည်။ အသင်းသူအသင်းသားတို့၏ ပေးမည်ဟူသော ကတိကိုလည်း ကြိုတင်ရယူထားရမှာဖြစ်သည်။

၁၅။ မိမိအသင်းတော်၏ ပုံမှန်ဝင်ငွေထက် ၂၀%မှ ၃၀% အထိလောက်သာ သူတပါးထံမှ ခေတ္တငွေယူသင့်သည်။ ထို့ထက်ပိုလျှင် တာဝန်ကြီးပြီး ပြဿနာတက်တတ်သည်။

၁၆။ အဆောက်အဦမဆောက်မီ ကြိုတင်ငွေပြည့်ဝအောင် ရှာထားပါ။ အသင်းသူ အသင်းသားတို့ စိတ်ထက်သန်နေချိန်သာ ငွေရှာရလွယ်မည်ဖြစ်သည်။ သွေး အေးလာကြသောအခါ ပါဝင်မှုနည်းလာတတ်သည်။

၁၇။ အသင်းတော်ထဲမှာ လူအလွှာလွှာရှိတတ်သည်။ များများပေးနိုင်သူ ရှိသလို အနည်းငယ်သာပေးနိုင်သောသူတို့လည်း ရှိတတ်သည်။ နည်းသည်များသည်မဆို ကတိခံဝန်ချက် စာရွက်စာတမ်းများ ပြုလုပ်ထားလျှင် ပို၍ စနစ်ကျပေမည်။

၁၈။ ဘဏ်မှချေးငှားလိုလျှင်လည်း တတ်ကျွမ်းသော ရှေ့နေရှေ့ရပ်တို့မှ တဆင့်

ဆောင်ရွက်ခိုင်းခြင်းသည် ပို၍လုံခြုံမှုရှိပေမည်။

၁၉။ စာရင်းစစ်အား အစဉ် စာရင်းများကို စိစစ်စေပါ။ ပစ္စည်းများ ဝယ်ဖို့လိုလျှင် ဆောက်လုပ်ရေးကော်မတီနှင့် ညှိနှိုင်းပြီး ဦးစားပေး လိုအပ်သောပစ္စည်းများကို အရင်ဝယ်ပြီး မလိုအပ်သည်များကို တဖြည်းဖြည်းဝယ်သွားနိုင်ပေသည်။

၂၀။ အဆောက်အဦပေါ် လူရောစိတ်ပါ အချိန်ပြည့် လုံးပမ်းနေရသောကြောင့် ဆုတောင်းရန် အချိန်မပေးနိုင်တော့ခြင်းမျိုးလည်း ဖြစ်လာတတ်သည်။ မိမိနှင့်အတူ ဆောက်လုပ်ရေးကော်မတီနှင့်တကွ ပါဝင်လုပ်ဆောင်နေကြသူတို့နှင့် မအားမလပ် ဆုတောင်းခြင်းဖြင့် ဘုရားသခင်၏ လက်ရာတော်များကို မြင်တွေ့လာပေလိမ့်မည်။

၂၁။ လုပ်ဆောင်နေရင်း ခေါင်းဆောင်အချင်းချင်းအတွင်း မပြေလည်မှုများ ပေါ်ပေါက်လာတတ်သည်။ နားလည်မှုများ ကွဲပြားလာတတ်သည်။ ထိုသို့သော အချိန်မျိုးတွင် ငွေရေးကြေးရေးကိစ္စနှင့် ပတ်သက်သည့် ဆုံးဖြတ်မှုများ လုပ်ရန်ခက်ခဲလာပေတော့မည်။ ထို့ကြောင့် အချင်းချင်းနားလည်မှု မလွဲရလေအောင် ပြဿနာအသေးအမွှားကစပြီး အများကို အစဉ်အသိပေးသင့်သည်။ နားလည်မှုများ ယူသင့်သည်။